# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၄ ခုနှစ် ၊ တပို့တွဲလဆန်း (၁) ရက် ၊ စနေနေ့ ၊ (21-1-2023) ၊ အတွဲ (၃၁) ၊ အမှတ် (၂၆၆)


**ဒို့တာဝန်အရေးသုံးပါး**

- ❖ ပြည်ထောင်စုမပြိုကွဲရေး။
- ❖ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- ❖ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်**

(၁) ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများစစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

(၂) လတ်တလောဖြစ်ပွားနေဆဲဖြစ်သည့် ကိုဗစ်-၁၉ ကပ်ရောဂါကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။


(၃) ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့်စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှနည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

(၄) တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) ပါသဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

(၅) အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# (၈)ကြိမ်မြောက် မြန်မာ-ထိုင်း တပ်မတော်နှစ်ရပ်အကြား အဆင့်မြင့်အရာရှိကြီးများအစည်းအဝေး ကျင်းပပြုလုပ်






(၈)ကြိမ်မြောက် မြန်မာ-ထိုင်းတပ်မတော်နှစ်ရပ်အကြား အဆင့်မြင့်အရာရှိကြီးများအစည်းအဝေး၏ မြန်မာဘက်ပူးတွဲဥက္ကဋ္ဌဖြစ်သူ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က အဖွင့်အမှာစကားပြောကြားစဉ်။

**နေပြည်တော် ဇန်နဝါရီ ၂၀**

မြန်မာနိုင်ငံ၌ အိမ်ရှင်အဖြစ် လက်ခံကျင်းပပြုလုပ်သည့် (၈)ကြိမ်မြောက် မြန်မာ-ထိုင်း တပ်မတော်နှစ်ရပ်အကြား အဆင့်မြင့်အရာရှိကြီးများအစည်းအဝေး **8th High Level Committee Meeting** ကို ယနေ့နံနက်ပိုင်းတွင် ရခိုင်ပြည်နယ် သံတွဲမြို့ရှိ **Jasmine Ngapali Resort** ၌ ကျင်းပပြုလုပ်သည်။

အစည်းအဝေးမစတင်မီ အစည်းအဝေးသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ထိုင်းဘုရင့်တပ်မတော် ကာကွယ်ရေးဦးစီးချုပ် **General Chalermphon Srisawasdi** တို့သည် သီးခြားတွေ့ဆုံ၍ တပ်မတော်နှစ်ရပ်အကြား ရှေ့ဆက်ဆောင်ရွက်မည့်ကိစ္စရပ်များကို ဆွေးနွေးကြသည်။

ထို့နောက် (၈)ကြိမ်မြောက် မြန်မာ-ထိုင်း တပ်မတော်နှစ်ရပ်အကြား အဆင့်မြင့်အရာရှိကြီးများအစည်းအဝေးကို ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ ထိုင်းဘုရင့်တပ်မတော်ကာကွယ်ရေးဦးစီးချုပ် **General Chalermphon Srisawasdi** တို့နှင့်အတူ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီးမောင်မောင်အေး၊

**စာမျက်နှာ ၁၆ ကော်လံ ၁ သို့**

❝ မိမိတို့အနေဖြင့် နှစ်နိုင်ငံနှင့်တပ်မတော်နှစ်ရပ်အကြား ဆက်ဆံရေးနှင့်ပူးပေါင်းဆောင်ရွက်ရေးတို့ကို အရှိန်အဟုန်မပြတ်စေဘဲ ကောင်းမွန်သည်ထက် ကောင်းမွန်အောင် ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်းကို အခိုင်အမာပြောကြားလို… ❞

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ
တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်

❝ မိမိအနေဖြင့် ထိုင်းနိုင်ငံနှင့်မြန်မာနိုင်ငံ၏ ရင်းနှီးစွဲဆက်ဆံရေးနှင့် မိတ်ဖက်ဆက်ဆံရေးကို ပိုမိုကောင်းမွန်စေရေး ထာဝရရပ်တည်ဆောင်ရွက်သွားမည်ဖြစ်ပြီး ထိုင်းတပ်မတော်နှင့်မြန်မာ့တပ်မတော်ကို ထာဝရမိတ်ဆွေကောင်းအဖြစ် ဆက်လက်တည်ရှိစေရေး ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်… ❞

ထိုင်းဘုရင့်တပ်မတော်ကာကွယ်ရေးဦးစီးချုပ်
General Chalermphon Srisawasdi


**ပွဲကောက်ရေတံခွန် (B E.FALLS)**

**အပန်းဖြေစခန်း**

5D, LEDဖော်ပီ ဒီဂျစ်တယ် မှန်တံတား၊ ကြိုးတံတား၊ တောတွင်းလျှောက်လမ်း၊
ပျော်စရာ ကလေးကစားကွင်းအမှတ်တရဓာတ်ပုံရိုက်ရန်နေရာ၊ အစားအသောက်ဆိုင်များ၊
Jumping Cloud ၊Food Court

စိတ်ချမ်းမြေ့ပျော်ရွှင်စွာ လာရောက်အပန်းဖြေ အနားယူနိုင်ပါပြီ။



ရတနာပုံ
၂၀၂၃ ခုနှစ် ဇန်နဝါရီ ၂၁ ရက်
အယ်ဒီတာ့အာဘော်

# မျိုးဆက်သစ်နိုင်ငံ့ဂုဏ်ဆောင်အားကစားသမားများ ပေါ်ထွက်စေရေး

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် နိုင်ငံတော်တာဝန်ကို စတင်ထမ်းဆောင်ချိန်မှစ၍ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးများတိုးတက်ပြီး သာယာဝပြောသောနိုင်ငံအဖြစ် ရည်မှန်းဆောင်ရွက်လျက်ရှိသည်။ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့်ပညာရည်မြင့်မားရေးကို အထူးအလေးပေးကာ ဦးတည်ချက် (၉)ရပ်တွင် ထည့်သွင်းဖော်ပြထားသည်။ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေးအတွက် ပညာရေးအပြင် အားကစားကဏ္ဍပါ ဖွံ့ဖြိုးရန်လိုသည်။ အားကစားဆိုသည်မှာ ပြည်သူလူထုတစ်ရပ်လုံးနှင့်သက်ဆိုင်သည်။ ကျောင်းသား၊ ကျောင်းသူအရွယ်သည် လန်းဆန်းတက်ကြွသောအရွယ်ဖြစ်သည်။ ပညာရည်မြင့်မားရေးနှင့်အတူ ကျောင်းသား၊ ကျောင်းသူများ လုပ်ဆောင်ရမည်မှာ အားကစားဖြစ်သည်။ ကျောင်းသားနှင့်အားကစား၊ ကျောင်းသားနှင့် ပညာရေးသည် ခွဲခြားမရသော အရာများဖြစ်သည်။

ယခုအခါ နိုင်ငံတော်မှ ၂၀၂၂-၂၀၂၃ ပညာသင်နှစ် အခြေခံပညာ ကျောင်းသားအားကစားပွဲတော်ကို ဇန်နဝါရီ ၁၈ ရက်မှ ၂၇ ရက်ထိ နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိအားကစားကွင်းတွင် ကျင်းပလျက်ရှိသည်။ အခြေခံပညာ ကျောင်းသားအားကစားပွဲတော်တွင် ဘောလုံး(အမျိုးသား၊ အမျိုးသမီး)၊ ဘော်လီဘော(အမျိုးသား၊ အမျိုးသမီး)၊ ပြေးခုန်ပစ်(အမျိုးသား၊ အမျိုးသမီး)နှင့် ပိုက်ကျော်ခြင်း(အမျိုးသား) အားကစားနည်းများ ယှဉ်ပြိုင်သွားမည်ဖြစ်ပြီး ဇန်နဝါရီ ၁၉ ရက် နံနက်ပိုင်းမှစတင်ပြီး ပြေးခုန်ပစ် ဒုတိယနေ့ပြိုင်ပွဲများနှင့် ဘောလုံး၊ ဘော်လီဘော၊ ပိုက်ကျော်ခြင်း(အမျိုးသား၊ အမျိုးသမီး) အုပ်စုပွဲစဉ်များကို ဆက်လက်ယှဉ်ပြိုင် ကျင်းပသွားမည်ဖြစ်သည်။

အားကစားဆိုသည်မှာ အနိုင်အရှုံးတစ်ခုတည်းကို ယှဉ်ပြိုင်ခြင်းမျိုးမဟုတ်ဘဲ ဇွဲရှိမှု၊ သည်းခံမှု၊ ကျွမ်းကျင်မှု၊ စိတ်ဓာတ်ကြံ့ခိုင်မှု၊ စည်းလုံးညီညွတ်မှု၊ စည်းကမ်းဥပဒေကို ရိုသေလေးစားလိုက်နာမှု၊ ယဉ်ကျေးမှု စသည်တို့ကိုပါ ယှဉ်ပြိုင်ခြင်းဖြစ်သည်။

ကျောင်းသား၊ ကျောင်းသူတို့အတွက် အချိန်များမြုပ်နှံရာနေရာ၊ မဖြစ်မနေဖြတ်သန်းရမည့် ပတ်ဝန်းကျင်သည် စာသင်ကျောင်းပင်ဖြစ်သည်။ ကျောင်းသား၊ ကျောင်းသူတစ်ဦးအနေဖြင့် စာတော်နေရုံနှင့်မပြည့်စုံ၊ ကျန်းမာကြံ့ခိုင်မှုလည်း ရှိရမည်ဖြစ်သည်။ ကျန်းမာကြံ့ခိုင်သူများဖြစ်ရန်အတွက် လက်တွေ့အကျဆုံးနည်းလမ်းမှာ နှစ်သက်ရာအားကစားတစ်ခုခုကို ပါဝင်ဆောင်ရွက်ခြင်းပင်ဖြစ်သည်။ အားကစားတွင်လည်း ထူးချွန်နေမည်ဆိုပါက ဘက်စုံထူးချွန်သည့် ကျောင်းသားလူငယ်များအဖြစ် အနာဂတ်နိုင်ငံတော်အတွက် နိုင်ငံ့တာဝန်များကို စွမ်းစွမ်းတမံထမ်းဆောင်နိုင်မည်ပင်ဖြစ်သည်။

ယခုကျင်းပသည့် အခြေခံပညာကျောင်းသားအားကစားပွဲတော်မှ အရည်အချင်းရှိသည့် အားကစားသမားများကို နိုင်ငံ့ကိုယ်စားပြုအဖြစ် အာဆီယံကျောင်းသားအားကစားပွဲတွင် ယှဉ်ပြိုင်နိုင်ရန် ရွေးချယ်ခြင်းဖြစ်သည်။ အခြေခံပညာကျောင်းသားအားကစားပွဲတော်တွင် တိုင်းဒေသကြီးနှင့်ပြည်နယ်များမှ အဖွဲ့ခေါင်းဆောင်၊ အတွင်းရေးမှူးများ၊ အုပ်ချုပ်သူနည်းပြများ၊ အားကစားသမားများ စုစုပေါင်းအင်အား ၁၆၈၀ ပါဝင်ယှဉ်ပြိုင်သွားမည်ဖြစ်သည်။ ပါဝင်ယှဉ်ပြိုင်မည့် အားကစားမောင်မယ်များအနေဖြင့် နိုင်ငံတော်၏ဂုဏ်သိက္ခာကို ဖော်ဆောင်နိုင်သော နိုင်ငံ့လက်ရွေးစင် အားကစားသမားများဖြစ်လာရန် ကြိုးစားကြရမည်ဖြစ်သည်။

သို့ဖြစ်ရာ ၂၀၂၂-၂၀၂၃ ပညာသင်နှစ် အခြေခံပညာကျောင်းသားအားကစားပွဲတော် ကျင်းပခြင်းဖြင့် တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေးကို အထောက်အကူဖြစ်စေသည့်အပြင် မျိုးဆက်သစ်နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားများစွာ ပေါ်ထွန်းလာစေမည်ဖြစ်ကြောင်း ရေးသားလိုက်ရပေသည်။

# ရောဝတီမြစ် ချောက်-တကောင်း ရေလမ်းကြောင်းတစ်လျှောက်တွင် ရေလမ်းညွှန်အမှတ်အသား ၃၃၅ ခု စိုက်ထူပြီးစီး



**မန္တလေး ဇန်နဝါရီ ၂၀**

ရောဝတီမြစ် ချောက်-တကောင်း ရေလမ်းကြောင်းတစ်လျှောက်တွင် ရေလမ်းညွှန်အမှတ်အသား ၃၃၅ ခု စိုက်ထူပြီးစီးပြီဖြစ်ကြောင်း ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ဒေသ-၅၊ မန္တလေးတိုင်းဒေသကြီး၊ ရေလမ်းညွှန်ဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးရဲထွန်းလင်းအောင်က ပြောပြ၍ သိရသည်။

ရောဝတီမြစ် ချောက်-တကောင်း ရေလမ်းကြောင်း တစ်လျှောက် သင်္ဘောများ သွားလာရာတွင် အန္တရာယ်ကင်းရှင်းစွာသွားလာနိုင်ရေးအတွက် ဇန်နဝါရီလ ပထမပတ်မှစ၍ ရေလမ်းညွှန်အမှတ်အသားများ စိုက်ထူပြသလျက်ရှိရာ ဇန်နဝါရီ ၁၉ ရက်ထိ ရေပေါ်ပြရေလမ်းညွှန်အမှတ်အသား ၁၈၅ ခုနှင့် ကမ်းပေါ်ပြရေလမ်းညွှန်အမှတ်အသား အခုရေ ၁၅၀ စုစုပေါင်း ရေပေါ်ပြ၊ ကမ်းပေါ်ပြရေလမ်းညွှန်အမှတ်အသား ၃၃၅ ခု စိုက်ထူပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ချောက်-တကောင်း ရေလမ်းကြောင်းတစ်လျှောက်မှာ ရေပေါ်ပြရေလမ်းညွှန်အမှတ်အသားအခုရေ ၂၈၀ နဲ့ ကမ်းပေါ်ပြ ရေလမ်းညွှန်အမှတ်အသားအခုရေ ၂၀၀ စုစုပေါင်းရေလမ်းညွှန်အမှတ်အသား အခုရေ ၄၈၀ ကို ဇန်နဝါရီလ ပထမပတ်ကစပြီး စတင်စိုက်ထူပြသပေးနေပါတယ်။ အခု ရေလမ်းညွှန်အမှတ်အသား ၃၃၅ ခု စိုက်ထူပြီးစီးနေပါပြီ"ဟု ဦးရဲထွန်းလင်းအောင်က ပြောပြသည်။

ယခုအခါ ရောဝတီမြစ်အတွင်း ရေနည်းချိန်ကာလ ဖြစ်သောကြောင့် သောင်ထွန်းမှုများ ဖြစ်ပေါ်နေပြီး ရေလမ်းကြောင်းပြောင်းလဲမှုများ ဖြစ်ပေါ်လျက်ရှိကြောင်း၊ ထို့ကြောင့် ချောက်-တကောင်း ရေလမ်းကြောင်းတစ်လျှောက် သွားလာကြမည့် ရေယာဉ်များအနေဖြင့် အထူးသတိပြုသွားလာကြရန်လိုအပ်ကြောင်း ၎င်းက ဆက်လက်ပြောပြ၍ သိရသည်။ (၁၈၄)

# တစ်ပတ်အတွင်း မန္တလေး မြေဈေးကွက်

**မန္တလေး ဇန်နဝါရီ ၂၀**

မန္တလေး မြေဈေးကွက်အတွင်း ရင်းနှီးမြှုပ်နှံမှုကြီးမားသည့် ဝယ်လက်များ ပျောက်နေမှုကြောင့် တန်ဖိုးကြီးမြေကွက်များ အရောင်းအဝယ်ဖြစ်မှု နည်းပါးနေဆဲဖြစ်သော်လည်း တန်ဖိုးသင့် နေအိမ်ပါပြီး မြို့တွင်းပိုင်းမြေကွက်များ အရောင်းအဝယ်ပြန်ရှိလာကြောင်း အိမ်ခြံမြေ ဈေးကွက်အတွင်းမှ သိရသည်။

ထို့ပြင် မြေတန်ဖိုး၏ ၃၀ ရာခိုင်နှုန်းပေးချေပြီး ကျန်ငွေကို အရစ်ကျစနစ်ဖြင့် ရောင်းဝယ်နေသည့် အကွက်ရိုက် မြေကွက်များလည်း အရောင်းအဝယ်ရှိနေကြောင်း သိရသည်။

"အရင်လတွေထက် ဒီလပိုင်းထဲမှာ မြို့တွင်းပိုင်း အိမ်ပါတဲ့မြေတွေကို မေးမြန်းစုံစမ်းတာတွေများလာတယ်။ တန်ဖိုးနည်းအကွက်ရိုက်မြေကွက်တွေကတော့ ဝယ်လိုအား အများဆုံးပါ"ဟု ပုသိမ်ကြီးမြို့နယ်မှ အိမ်ခြံမြေ အကျိုးတော်ဆောင် ဦးအေးဝင်းက ပြောပြသည်။

လက်ရှိအချိန်တွင် အိမ်ခြံမြေဈေးကွက်အေးနေဆဲဖြစ်ပြီး မြို့သစ်ရပ်ကွက် လမ်းမတန်းမြေကွက်များမှာ မီး၊ ရေ၊ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်မှုများအပေါ် မူတည်၍ ငွေကျပ်သိန်းထောင်ကြီးပိုင်းထိ ဈေးပေါက်လျက်ရှိကြောင်း၊ ကြားကွက်များတွင်လည်း ငွေကျပ်သိန်း ၃၀၀ မှ သိန်း ၁၀၀၀ ခန့်ထိ ဈေးရှိကြောင်း အိမ်ခြံမြေအကျိုးတော်ဆောင်များထံမှ သိရသည်။

လက်ရှိ မန္တလေးဈေးကွက်အတွင်း အရောင်းအဝယ်ပိုင်းထက် အငှားဈေးကွက် ပို၍သွက်နေကြောင်း၊ ငှားရမ်းမှုများတွင် လူနေထိုင်မှုနှင့် ဆိုင်ခန်းဖွင့်လှစ်ရန်ကောင်းမွန်သည့် အချက်အချာကျသော အဓိကလမ်းမကြီးများနှင့် လူစည်ကားရာ ရပ်ကွက်ကြီးများတွင် ငှားရမ်းလိုမှု အများဆုံးဖြစ်နေကြောင်း သိရသည်။

ငှားရမ်းမှုတွင် တစ်လလျှင် ငွေကျပ် နှစ်သိန်းခန့် ဈေးတန်းရှိလူနေဆိုင်ခန်းများ၊ လုံးချင်းနေအိမ်များအပြင် ငွေကျပ် ခုနစ်သောင်းခန့် အခန်းများကို အခြေခံလူတန်းစားများ ငှားရမ်းမှုအများဆုံးဖြစ်ကြောင်း သိရသည်။

အိမ်ခြံမြေဈေးနှုန်းများအနေဖြင့်မြို့သစ်ပိုင်း (မြို့သစ် ၁၊ ၂၊ ၃၊ ၄၊ ၅) လမ်းမတန်းမြေကွက်များမှာ ငွေကျပ် သိန်း ၂၀၀၀ နှင့်အထက်၊ ကြားကွက်များမှာ ငွေကျပ်သိန်း ၅၀၀ မှ သိန်း ၂၀၀၀ ခန့်၊ စက်မှုဇုန်နှင့် အနီးဝန်းကျင်ရပ်ကွက်များမှ လမ်းတင်မြေကွက်များမှာ ငွေကျပ် သိန်း ၂၅၀၀ ခန့်နှင့်အထက်၊ ကြားကွက်များမှာ ငွေကျပ်သိန်း ၇၀၀ မှ သိန်း ၂၀၀၀ ခန့်၊ ပြည်ကြီးတံခွန်မြို့နယ် အရှေ့ခြမ်းနှင့်ပုသိမ်ကြီးမြို့နယ်တွင် ငွေကျပ် သိန်း ၅၀၀ နှင့်အထက်၊ အမရပူရမြို့နယ် ရပ်ကွက်အတွင်းပိုင်းရှိ လမ်းတင်မြေကွက်များမှာ ငွေကျပ်သိန်း ၈၀၀ ခန့်နှင့်အထက်၊ ကြားကွက်များမှာ ငွေကျပ်သိန်း ၃၀၀ မှ သိန်း ၁၀၀၀ ခန့်၊ လမ်းမတန်းကြီးများတွင် လမ်းတင်မြေကွက်များမှာ ငွေကျပ်သိန်း ၁၅၀၀ ခန့်နှင့်အထက်၊ ကြားကွက်များမှာ ငွေကျပ်သိန်း ၇၀၀ မှ သိန်း ၂၀၀၀ ခန့်ရှိကြောင်း အိမ်ခြံမြေအကျိုးတော်ဆောင် ဦးအေးဝင်းထံမှ သိရသည်။ (၁၇၃)

# မန္တလေးတိုင်းဒေသကြီးအတွင်း IT နည်းပညာဖြင့် E Market Platform အကောင်အထည်ဖော်ဆောင်ရွက်နေ

**မန္တလေး ဇန်နဝါရီ ၂၀**

မန္တလေးတိုင်းဒေသကြီးအတွင်း အသေးစား၊အငယ်စားနှင့်အလတ်စားစီးပွားရေးလုပ်ငန်း (MSME) များ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် IT နည်းပညာဖြင့် E Market Platform ကို ဒီဇင်ဘာလမှစ၍ ယနေ့ထိ အကောင်အထည်ဖော်ဆောင်ရွက်နေကြောင်း မန္တလေးတိုင်းဒေသကြီး စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးမျိုးထွဋ်ဆွေက ပြောပြ၍ သိရသည်။

E Market Platform ကို တိုင်းဒေသကြီးအတွင်းရှိ အသေးစား၊ အငယ်စားနှင့် အလတ်စား ဒေသထုတ်ကုန်များ ဈေးကွက်ကျယ်ကျယ်ပြန့်ပြန့်ရရှိစေရန်၊ ခေတ်နှင့်အညီ Digital Marketing စနစ်ကို ပူးပေါင်းဆောင်ရွက်လာနိုင်စေရန် စသည့်ရည်ရွယ်ချက်များဖြင့် ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

"အခုဘဏ္ဍာနှစ်အတွင်းမှာ IT နည်းပညာနဲ့ အွန်လိုင်း E Market Platform ကို ဌာနကနေအကောင်အထည်ဖော်ဆောင်ရွက်နေပါတယ်။ MSME လုပ်ငန်းတွေ ဖွံ့ဖြိုးတိုးတက်ဖို့အတွက် နိုင်ငံတော်ကလဲ Digital Marketing စနစ်ကို ဆောင်ရွက်ဖို့ တွန်းအားပေးတဲ့အချိန် ကိုက်ညီစွာနဲ့ E Market Platform ကိုလုပ်ခဲ့တာပါ။ MSME လုပ်ငန်းတွေရဲ့ ဈေးကွက်တွေ ပိုမိုဖွံ့ဖြိုးတိုးတက်ပြီး ကျယ်ကျယ်ပြန့်ပြန့်ရရှိစေဖို့၊ MSME တွေ ခေတ်နဲ့အညီ Digital Marketing စနစ်ကို ပူးပေါင်းဆောင်ရွက်လာနိုင်ဖို့၊ ဌာနရဲ့လုပ်ငန်းဆောင်ရွက်မှုတွေ ပိုမိုပြီးတော့ တိုးမြှင့်ဆောင်ရွက်နိုင်ဖို့၊ မတူညီတဲ့ဒေသတွေက MSME အချင်းချင်းလဲ လွယ်ကူလျင်မြန်စွာနဲ့ သတင်းအချက်လက်တွေ ဖလှယ်ချိတ်ဆက်ဖို့၊ နိုင်ငံတော်ရဲ့ ဌာနဆိုင်ရာတွေနဲ့ MSME တွေ လွယ်လွယ်ကူကူချိတ်ဆက်ဆောင်ရွက်နိုင်ဖို့ ရည်ရွယ်ချက်တွေနဲ့ E Market Platform ကို ဆောင်ရွက်တာပါ"ဟု ဦးမျိုးထွဋ်ဆွေက ပြောပြ၍ သိရသည်။ (၁၈၅)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၀၉-၄၅၈၈၉၁၃၀၀၊ကြော်ငြာ-၈၄လမ်းနှင့်၂၉-၃၀လမ်းကြား-၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com ၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဝေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# မိုင်းရယ်မြို့နယ် နောင်လုံကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းပြီးစီးမှု စစ်ဆေး

**မိုင်းရယ် ဇန်နဝါရီ ၂၀**

ရှမ်းပြည်နယ် (မြောက်ပိုင်း) တန့်ယန်းခရိုင် မိုင်းရယ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း(VDP)ပံ့ပိုးရန်ပုံငွေဖြင့် ထပ်တိုးဆောင်ရွက်သည့် နောင်မိုကျေးရွာအုပ်စု နောင်လုံကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်း လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန(ရုံးချုပ်) ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမျိုးနိုင်အောင်၊ ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးစောမြင့်ထွန်းနှင့် ခရိုင်၊ မြို့နယ်ဝန်ထမ်းများက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များနှင့်အတူ နောင်လုံကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) ပံ့ပိုးရန်ပုံငွေဖြင့် ဆောင်ရွက်သည့် ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ဒုတိယညွှန်ကြားရေးမှူးက ကွန်ကရစ်လမ်း ရေရှည်အသုံးပြုနိုင်ရေး ပိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ရန် တာဝန်ရှိသူများကို ဆွေးနွေးမှာကြားသည်။

နောင်လုံကျေးရွာ၌ လမ်းအရှည် ပေ ၆၀၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP)ပံ့ပိုးရန်ပုံငွေကျပ် သိန်း ၁၀၀၊ ပြည်သူထည့်ဝင်ငွေကျပ် ၂၅ သိန်းအသုံးပြု၍ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုတို့ဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ၂၀၂၂ ခုနှစ် ဒီဇင်ဘာလ ပထမပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးပြီဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဦးအောင်ဝင်းခိုင်ဦးက ပြောပြ၍ သိရသည်။

**ကျော်ခိုး**



မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ ဓိဝိတဒါနသံဃာ့ဆေးရုံကြီးတွင် အလှူရှင် မန္တလေးမြို့ အကွက် (၂၀) သူရဲတပ်ရပ်ကွက်နေ ရွှေနန်းမြင့်မိသားစုက ဦးမြသိန်းအား ရည်စူး၍ ဆွမ်းအလှူငွေကျပ် ၃၀၀၀၀၀ လှူဒါန်းရာ ဆွမ်းကွမ်းဝေယျာဝစ္စဆပ်ကော်မတီအတွင်းရေးမှူး ဦးဝဏ္ဏ၊ အဖွဲ့ဝင် ဦးကျော်ကျော်ဦးနှင့် ဦးမောင်မောင်သောင်းတို့က လက်ခံရယူစဉ်။

# မအူပင်ခရိုင် ဓနုဖြူမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဆီထွက်သီးနှံနေကြာ ၁၇၁၁၁ ဧကစိုက်ပျိုးပြီးစီး



ယခင်နှစ်က နေကြာစိုက်ခင်းကို တွေ့ရစဉ်။

**ဓနုဖြူ ဇန်နဝါရီ ၂၀**

ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် ဓနုဖြူမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဆီထွက်သီးနှံ နေကြာ ၁၇၁၁၁ ဧကစိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ဓနုဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးချစ်ဝင်းနိုင်ထံမှ သိရသည်။

ဓနုဖြူမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဆီထွက်သီးနှံ နေကြာလျာထား ၂၅၄၂၄ ဧကကို ၂၀၂၂ ခုနှစ် အောက်တိုဘာလ ဒုတိယပတ်က စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် နေကြာ ၁၇၁၁၁ ဧကစိုက်ပျိုးပြီးဖြစ်ကြောင်း၊ အဆိုပါ ဆီထွက်သီးနှံ လျာထား ၂၅၄၂၄ ဧကရာနှုန်းပြည့်မီစေရန်ဆက်လက်စိုက်ပျိုးလျက်ရှိကြောင်း သိရသည်။

"ဆီထွက်သီးနှံနေကြာ လျာထားချက်အတိုင်း အခက်အခဲမရှိ စနစ်တကျစိုက်ပျိုးနိုင်ဖို့ စိုက်ပျိုးရေးဦးစီးဌာနနဲ့ ဆက်စပ်ဌာနတွေက ပူးပေါင်းဆောင်ရွက်ပေးခဲ့တယ်။ ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ ဆီထွက်သီးနှံနေကြာ ၂၅၄၂၄ ဧကလျာထားစိုက်ပျိုးခဲ့ပါတယ်။ ဒီနေ့ထိ လျာထားချက်ထဲကနေ ၁၇၁၁၁ ဧကထိ စိုက်ပျိုးပြီးဖြစ်ပါတယ်။ နေကြာတွေလျာထားချက်ပြည့်မီအောင်စိုက်ပျိုးနိုင်ဖို့နဲ့ ပိုးမွှားရောဂါကာကွယ်နှိမ်နင်းဖို့ နည်းပညာတွေကို စပါးတွေရိတ်သိမ်းပြီးကတည်းက မြေပြင်ထိ ဆောင်ရွက်ပေးခဲ့ပါတယ်။ ဒါ့ပြင် နေကြာစိုက်နည်းနဲ့ ပတ်သက်ပြီးတော့ တောင်သူပညာပေးလုပ်ငန်းတွေကို ကြိုတင်လုပ်ထားပါတယ်။ တောင်သူတွေကလဲ စိုက်ပျိုးရေးလုပ်ငန်းတွေမှာ ပူးပေါင်းပါဝင်လုပ်ဆောင်ပါတယ်"ဟု ဓနုဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးချစ်ဝင်းနိုင်က ပြောပြသည်။

ဓနုဖြူမြို့နယ်တွင် ဆီထွက်သီးနှံနေကြာများကို နိုင်ငံ၏ ဆီလိုအပ်ချက်ဖြည့်ဆည်းပေးရန်၊ သန့်ရှင်းပြီး ကျန်းမာရေးနှင့် ညီညွတ်သည့် ဆီများစားသုံးနိုင်စေရန်အတွက် ရည်မှန်းပြီး စိုက်ပျိုးရေးဦးစီးဌာန၊ စိုက်ပျိုးရေးသုတေသနဦးစီးဌာန၊ စက်မှုလယ်ယာဦးစီးဌာန၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနနှင့် ဒေသခံတောင်သူများ ပူးပေါင်းစိုက်ပျိုးလျက်ရှိကြောင်း မြို့နယ်ဦးစီးမှူး ဦးချစ်ဝင်းနိုင်က ပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**

# မော်လမြိုင်ကျွန်းမြို့နယ် ဘုရားရိုးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**မော်လမြိုင်ကျွန်း ဇန်နဝါရီ ၂၀**

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာခရိုင် မော်လမြိုင်ကျွန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဘာရားဒေါင့်ကျေးရွာအုပ်စု ဘုရားရိုးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ စတုတ္ထအကြိမ် ထုတ်ချေးခြင်းကို ဇန်နဝါရီ ၁၉ ရက် မွန်းလွဲ ၂ နာရီက အဆိုပါကျေးရွာ၌ ကျင်းပခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မော်လမြိုင်ကျွန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးထွန်းလင်းဇံက ကျေးလက်နေပြည်သူများ မိသားစုဝင်ငွေလျော့နည်းလာမှုနှင့် စားဝတ်နေရေးအခက်အခဲများ ကုစားပေးနိုင်ရန်အတွက် တစ်နိုင်တစ်ပိုင် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများနှင့် အခြားမိသားစုဝင်ငွေတိုးစီးပွားရေးလုပ်ငန်းများဆောင်ရွက်နိုင်စေရန် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေများ ထုတ်ချေးပေးရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက ဘုရားရိုးကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၅၂ ဦးကို ငွေကျပ် ၂၇ ဒသမ ၀၅ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၂၄ ဦးကို ငွေကျပ် ၅ ဒသမ ၇ သန်း၊ အရောင်း အဝယ်လုပ်ငန်းလုပ်ကိုင်သူ နှစ်ဦးကို ငွေကျပ် သုည ဒသမ ၈၅ သန်း စုစုပေါင်း မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် ၃၃ ဒသမ ၆ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

အခမ်းအနားသို့ မော်လမြိုင်ကျွန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးထွန်းလင်းဇံနှင့် စီမံကိန်းဝန်ထမ်းများ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များ၊ ကျေးရွာသူ၊ ကျေးရွာသားများ တက်ရောက်ကြကြောင်း သိရသည်။

**တေဇလင်း**

# လင်းခေးမြို့နယ် နောင်ခေါက်ကျေးရွာ၌ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း မိတ်ဆက်ခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းပြုလုပ်

**လင်းခေး ဇန်နဝါရီ ၂၀**


ရှမ်းပြည်နယ် (တောင်ပိုင်) လင်းခေးခရိုင် လင်းခေးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း (VRFP) ကျေးရွာပြောင်းလဲဆောင်ရွက်ခွင့်ရထားသည့် နောင်ခေါက်ကျေးရွာ၌ စီမံကိန်းမိတ်ဆက်ခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းကို ဇန်နဝါရီ ၁၉ ရက် နံနက် ၁၀ နာရီ မိနစ် ၃၀ က အဆိုပါ ကျေးရွာဘုန်းတော်ကြီးကျောင်း၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ လင်းခေးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးလှမျိုးအောင်က ကျေးလက်နေပြည်သူများ၏ တစ်နိုင်တစ်ပိုင်စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် မိသားစုဝင်ငွေတိုး စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန်နှင့် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်လာစေရန် ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း (VRFP) အကောင်အထည်ဖော် ဆောင်ရွက်ပေးရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ လင်းခေးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ပန်းဖူးခိုင်နှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက ကော်မတီဖွဲ့စည်းရာတွင် လိုက်နာရမည့်စည်းကမ်းချက်များ၊ ကျေးရွာတွင်လုပ်ဆောင်ရမည့် လုပ်ငန်းစဉ်များ၊ စီမံကိန်းကော်မတီဝင်များ၏ တာဝန်ဝတ္တရားများနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဥပဒေတွင်ပါရှိသော ကျေးရွာသူ၊ ကျေးရွာသားများ၏ တာဝန်နှင့်ရပိုင်ခွင့်များကို ကဏ္ဍတစ်ခုချင်းအလိုက် အသေးစိတ်ရှင်းလင်းပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသည့် ရပ်မိရပ်ဖများ၊ ကျေးရွာသူ၊ ကျေးရွာသားများက ကျေးရွာ မတည်ရန်ပုံငွေစီမံကိန်း (VRFP) အကောင်အထည်ဖော် ဆောင်ရွက်ရန်အတွက် ကျေးရွာကော်မတီဝင်ငါးဦးကို အများသဘောဆန္ဒနှင့်အညီ ရွေးချယ်ဖွဲ့စည်းပေးခဲ့ကြောင်း သိရသည်။

**အေးသူ**



# လမ်းလျှောက်ခြင်းဖြင့် ဦးနှောက်ကြည်လင်လန်းဆန်းစေနိုင်သည်



လမ်းလျှောက်ခြင်းဟာ မိမိတို့ရဲ့ ဦးနှောက်တွေအတွက် အကျိုးကျေးဇူးများစွာ ပေးစွမ်းတယ်လို့ သုတေသနတစ်ခုမှာ ဖော်ပြထားပါတယ်။

လမ်းလျှောက်တဲ့ အခါမှာ အန်ဒေါ်ဖင်လို့ခေါ်တဲ့ ဟော်မုန်းတစ်မျိုးထွက်ရှိမှု မြင့်တက်လာပါတယ်။ အဲဒီဟော်မုန်းက နာကျင်မှုဝေဒနာကို သက်သာစေတဲ့ ဟော်မုန်းပါ။ အန်ဒေါ်ဖင်ဟော်မုန်းထွက်ရှိလေ မိမိတို့မှာရှိတဲ့ စိတ်ဖိစီးမှုတွေ လျော့ကျလေဖြစ်ပါတယ်။

ဒါ့အပြင် အဲဒီဟော်မုန်းက ဦးနှောက်ရဲ့ အလုံးစုံကျန်းမာရေးကို အထောက်အပံ့ဖြစ်စေတဲ့ အပြင် ဒီမန်းရှားလို့ခေါ်တဲ့ မှတ်ဉာဏ်ချို့ယွင်းရှုံ့သွပ်ခြင်းရောဂါနဲ့ အယ်ဇိုင်းမားရောဂါတို့ ဖြစ်ပွားနိုင်ခြေကိုတောင်မှ လျှော့ချပေးနိုင်ပါတယ်။

# စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ စိုက်ပျိုးထားသော မိုးစပါး ၆၅၇၃ ဧက ရိတ်သိမ်းပြီးစီး

**မုံရွာ ဇန်နဝါရီ ၂၀**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင်တွင် ၂၀၂၂ ခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စိုက်ပျိုးထားသော မိုးစပါး ၆၅၇၃ ဧကရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း မုံရွာခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

၂၀၂၂ ခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင်တွင် မိုးစပါး ၇၇၅၀၂ ဧက စိုက်ပျိုးရန်လျာထားပြီး ၂၀၂၂ ခုနှစ် မေလမှ စက်တင်ဘာလထိ စိုက်ပျိုးခဲ့ရာ မိုးစပါး ၇၅၂၇၈ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

"မိုးသီးနှံစိုက်ပျိုးရာသီမှာ မုံရွာခရိုင်အတွင်း မိုးစပါး ၇၇၅၀၂ ဧက စိုက်ပျိုးဖို့လျာထားရာမှာ မိုးစပါး ၇၅၂၇၈ ဧက စိုက်ပျိုးနိုင်ခဲ့ပါတယ်။ အခုလက်ရှိမှာတော့ ရိတ်သိမ်းနေကြပါပြီ။ မိုးစပါးဧက ၆၀၀၀ကျော် ရိတ်သိမ်းပြီးပါပြီ။ ဆက်လက်ပြီးလဲ ရိတ်သိမ်းနေကြပါတယ်။ မိုးစပါး စိုက်ပျိုးချိန်မှာလဲ တောင်သူတွေကို အချိန်မီစိုက်ပျိုးနိုင်ဖို့၊ စိုက်နည်းစနစ်တွေ မှန်ကန်ဖို့ အသိပညာပေးတာတွေ ဆောင်ရွက်ခဲ့ပါတယ်။ လိုအပ်တဲ့မျိုးတွေ ဖြန့်ဝေပေးခဲ့ပါတယ်"ဟု မုံရွာခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်စန်းစန်းမြင့်က ပြောပြသည်။

မုံရွာခရိုင်တွင် မိုးစပါးရိတ်သိမ်းပြီးစီးမှုအနေဖြင့် မုံရွာမြို့နယ်တွင် ၁၀၁၆ ဧက၊ ချောင်းဦးမြို့နယ်တွင် ၅၅၅၇ ဧက စုစုပေါင်း ၆၅၇၃ ဧက ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် စပါး ၈၇ ဒသမ ၂၆ တင်း ထွက်ရှိကြောင်း သိရသည်။

မုံရွာခရိုင်တွင် မိုးစပါးစိုက်ပျိုးမှုနှင့်ပတ်သက်၍ အထွက်နှုန်းကောင်းမွန်ရေး၊ မျိုးကောင်းမျိုးသန့်စိုက်ပျိုးနိုင်ရေး၊ ပိုးမွှားကျရောက်မှုမရှိစေရေးနှင့် သဘာဝမြေသြဇာများ သုံးစွဲတတ်လာရေး နည်းပညာများကို သက်ဆိုင်ရာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက ကွင်းဆင်းစစ်ဆေး၍ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ (၂၀၆)



# အမ်းမြို့နယ် ကျောင်းကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**အမ်း ဇန်နဝါရီ ၂၀**

ရခိုင်ပြည်နယ် အမ်းခရိုင် အမ်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဂါယ်လင်းကျေးရွာအုပ်စု ကျောင်းကုန်းကျေးရွာ၌ ကျေးလက်နေပြည်သူများ အလုပ်အကိုင် အခွင့်အလမ်းနှင့် မိသားစုဝင်ငွေတိုးပွားလာပြီး ဆင်းရဲမှုလျော့ကျစေရန်ရည်ရွယ်၍ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ်သိန်း ၄၈၀ ဖြင့် ဆောင်ရွက်ထားသောလုပ်ငန်းများကို ဇန်နဝါရီ ၁၉ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။



ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် အမ်းခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးမောင်မောင်စိုး၊ အမ်းမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးနိုင်လင်းထွန်းနှင့် တာဝန်ရှိသူများက ကျောင်းကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေး၊ အရောင်းအဝယ်လုပ်ငန်းများ ဆောင်ရွက်ထားရှိမှုနှင့် လအလိုက်ဖြည့်သွင်းရမည့် ငွေစာရင်းပုံစံများပြည့်စုံမှု ရှိ၊ မရှိ ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာစီမံကိန်းနှင့်ပတ်သက်၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ကျောင်းကုန်းကျေးရွာတွင် မြစိမ်းရောင်ကျေးရွာစီမံကိန်းကို အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ်သိန်း ၃၀၀ ဖြင့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်က စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ အဋ္ဌမအကြိမ်အဖြစ် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူဦးရေ ၉၀၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၂၈ ဦး၊ အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူ ၃၈ ဦး စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၅၆ ဦးကို အတိုးနှုန်း ပြား ၅၀ ဖြင့် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ်သိန်း ၄၈၀ ထုတ်ချေးနိုင်ခဲ့ပြီး စီမံကိန်းလုပ်ငန်းများ လည်ပတ်ဆောင်ရွက်လျက်ရှိကြောင်း အမ်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးနိုင်လင်းထွန်းထံမှ သိရသည်။

**ကိုသန်း**

## သာယာစဉ်မြဲ တပို့တွဲ

\- တပို့တွဲ
ယှဉ်တွဲပါတဲ့ ကိုရာသီ
ငုံစီစီ လက်ပံပွင့်ရယ်က
ပင်မြင့်မှာလေဆန်လွင့်တာကြောင့်
ကြွေလွင့်ပေါ့မြေမဟီ။

\- ဟေမန္တ
ချမ်းလှတာ ပြည်တစ်ခွင်မို့
နိဝါဆင်မီးပုံပွဲကို
စုံတွဲကာ နှံ့သာထင်းရယ်နဲ့
ထိန်လင်းစွာ စေတီမြတ်ကို
ကပ်လှူကြသည်။

\- ဆန်ဝါဖြူ ထမနဲကိုလ
မြန်မာမှု ရာသီပွဲရယ်လို့
ဆင်နွှဲပါတဲ့ လရာသီ
ပဝေသဏီက ထင်အရှား။

\- ယှဉ်ကာပြိုင်
ဒိုးပတ်သံမြိုင်မြိုင်နဲ့
အနိုင်သာဗိုလ်စွဲမှာမို့
ယှဉ်ရဲရင် ယှဉ်ကြည့်သာပ
သိစေကာ အားမာန်ကိုးတယ်
ထိုးကြစေသား။

**စိန်ငွေးလှိုင်(ဟိုပုံးမြေ)**

# ဆင်ပေါင်ဝဲမြို့နယ် လေးဒူးကွဲကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ဆင်ပေါင်ဝဲ ဇန်နဝါရီ ၂၀**

မကွေးတိုင်းဒေသကြီး ဆင်ပေါင်ဝဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက လေးဒူးကွဲကျေးရွာအုပ်စု လေးဒူးကွဲကျေးရွာအတွက် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ စတုတ္ထအကြိမ် ထုတ်ချေးခြင်းကို ဇန်နဝါရီ ၁၉ ရက် နံနက် ၁၀ နာရီက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ဆင်ပေါင်ဝဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်ဇေယျက ကျေးလက်နေပြည်သူများ၏ ဝင်ငွေလျော့နည်းလာမှုနှင့် စားဝတ်နေရေး အခက်အခဲများကို ကူစားပေးနိုင်ရန်၊ လူမှုစီးပွားဘဝဖွံ့ဖြိုးလာစေရန်ရည်ရွယ်၍ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေများ ထုတ်ချေးပေးခြင်း ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ မြို့နယ်ဦးစီးမှူးနှင့် စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ကြီးကြပ်မှုကော်မတီဝင်များထံ ရန်ပုံငွေများ စနစ်တကျလွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ကြီးကြပ်မှုကော်မတီဝင်များက မြစိမ်းရောင်ကျေးရွာစီမံကိန်း စတုတ္ထအကြိမ်အဖြစ် လေးဒူးကွဲကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူဦးရေ ၁၄၀၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၄၆ ဦး၊ အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူ ၁၉ ဦး စုစုပေါင်း အသင်းသား၊ အသင်းသူ ၂၀၅ ဦးကို စီမံကိန်းရန်ပုံငွေကျပ် ၃၄၃ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

အခမ်းအနားသို့ ဆင်ပေါင်ဝဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်ဇေယျနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကြီးကြပ်မှုကော်မတီဝင်များ၊ အသင်းသား၊ အသင်းသူများ တက်ရောက်ကြကြောင်း သိရသည်။

**ကျော်ဦး**

## နိုင်ငံတကာ သတင်းများ

# ရုရှားသမ္မတနှင့် အီရန်သမ္မတ ဖုန်းခေါ်ဆိုဆွေးနွေး

**မော်စကို ဇန်နဝါရီ ၂၀**

ရုရှားသမ္မတ ပူတင်နှင့် အီရန်သမ္မတ အက်ဘရာဟင်ရိုင်စီတို့သည် ကိုးရက်တာကာလအတွင်း ဒုတိယအကြိမ်အဖြစ် ယနေ့တွင် ဖုန်းခေါ်ဆို ဆွေးနွေးခဲ့ကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။

အဆိုပါ ဖုန်းခေါ်ဆိုမှုအတွင်း သမ္မတပူတင်နှင့် သမ္မတရိုင်စီတို့သည် နှစ်နိုင်ငံကြား စွမ်းအင်နှင့် သယ်ယူပို့ဆောင်ရေးကဏ္ဍပူးပေါင်းဆောင်ရွက်ရေးကိစ္စများနှင့် ဆီးရီးယားနိုင်ငံအခြေအနေတို့ကို ဆွေးနွေးခဲ့ကြကြောင်း ရုရှားအစိုးရက သတင်းထုတ်ပြန်ထားသည်။

အီရန်နှင့် ရုရှားနိုင်ငံတို့သည် ဆီးရီးယား ပြည်တွင်းစစ်အတွင်း ဆီးရီးယားသမ္မတ အာဆတ်ကို စစ်ရေးအရ ကူညီခဲ့ကြသည့်နိုင်ငံများဖြစ်ကြသည်။

အီရန်နိုင်ငံသည် ယူကရိန်းစစ်ရေးပဋိပက္ခ စတင်ခဲ့ပြီးနောက်ပိုင်း ရုရှားနိုင်ငံအတွက် ပို၍အရေးပါသော မဟာမိတ်နိုင်ငံတစ်နိုင်ငံဖြစ်လာခဲ့သည်။

အီရန်နိုင်ငံက ပေးပို့ဖြည့်ဆည်းပေးထားသော မောင်းသူမဲ့လေယာဉ်များကို သုံး၍ ရုရှားနိုင်ငံက ယူကရိန်းပစ်မှတ်များကို တိုက်ခိုက်နေကြောင်း အမေရိကန်နိုင်ငံနှင့် အနောက်အုပ်စုနိုင်ငံများက စွပ်စွဲထားသည်။

သို့သော် အဆိုပါစွပ်စွဲချက်များကို အီရန်အစိုးရက ပယ်ချခဲ့ပြီး ယူကရိန်းပြဿနာမဖြစ်မီ လပေါင်းများစွာကပင် ရုရှားနိုင်ငံသို့ မောင်းသူမဲ့လေယာဉ်များရောင်းချပေးခဲ့ခြင်းဖြစ်ကြောင်း ပြောကြားထားသည်။ KKO

# ၂၀၂၂ ခုနှစ်အတွင်း တရုတ်နိုင်ငံသို့ ဒုတိယမြောက် ရေနံအများဆုံးတင်ပို့သည့်နိုင်ငံအဖြစ် ရုရှားဆက်လက်ရပ်တည်



**မော်စကို ဇန်နဝါရီ ၂၀**

ရုရှားနိုင်ငံသည် ၂၀၂၂ ခုနှစ်အတွင်း ဆော်ဒီအာရေဗျနိုင်ငံပြီးလျှင် တရုတ်နိုင်ငံသို့ ဒုတိယမြောက် ရေနံအများဆုံးတင်ပို့သည့် နိုင်ငံအဖြစ် ဆက်လက်ရပ်တည်နိုင်ခဲ့သည်ဟု ရိုက်တာသတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့ကြောင်း သိရသည်။

ယူကရိန်းပြဿနာကိုအကြောင်းပြု၍ အနောက်အုပ်စုနိုင်ငံများက ရုရှားရေနံ ဝယ်ယူတင်သွင်းမှုကို လျှော့ချလာကြချိန်တွင် တရုတ်ရေနံချက်လုပ်ငန်းများက ရုရှားရေနံများကို ဈေးနှုန်းချိုသာစွာဖြင့် မြှင့်တင်ဝယ်ယူလာကြသည်။

၂၀၂၂ ခုနှစ်တွင် တရုတ်နိုင်ငံက ရုရှားနိုင်ငံမှ ဝယ်ယူတင်သွင်းခဲ့သော ရေနံစိမ်းပမာဏမှာ ယခင်နှစ်ကထက် ရှစ်ရာခိုင်နှုန်းမြင့်တက်လာခဲ့ပြီး တန်ချိန် ၈၆ ဒသမ ၂၅ သန်းထိရှိခဲ့ကြောင်း တရုတ်နိုင်ငံအကောက်ခွန် စာရင်းဇယားများအရ သိရသည်။

၂၀၂၂ ခုနှစ် ဒီဇင်ဘာလအတွင်း ရုရှားနိုင်ငံမှ တရုတ်နိုင်ငံက ဝယ်ယူတင်သွင်းခဲ့သော ရေနံစိမ်းပမာဏမှာ တန်ချိန် ၆ ဒသမ ၄၇ သန်း သို့မဟုတ် တစ်ရက်လျှင် ရေနံစိမ်းစည်ပေါင်း ၁ ဒသမ ၅၂ သန်းနှုန်း တင်သွင်းခဲ့သည်။

ထို့ပြင် ဆော်ဒီအာရေဗျနိုင်ငံက ၂၀၂၂ ခုနှစ်အတွင်း တရုတ်နိုင်ငံသို့ ရေနံစိမ်းတန်ချိန် ၈၇ ဒသမ ၁၉ သန်း တင်ပို့ခဲ့သည်။

၂၀၂၂ ခုနှစ်အတွင်း ဆော်ဒီအာရေဗျနိုင်ငံက တရုတ်နိုင်ငံသို့ တင်ပို့ခဲ့သည့် ရေနံစိမ်းပမာဏမှာ တစ်ရက်လျှင် ရေနံစိမ်းစည်ပေါင်း ၁ ဒသမ ၇၅ သန်းနှုန်းတင်ပို့မှုနှင့် ညီမျှကြောင်း သိရသည်။ KKO

# ကုလသမဂ္ဂအသုံးစရိတ်အကြွေးကျန်နိုင်ငံများ အထွေထွေညီလာခံ၌ ဆန္ဒမဲပေးခွင့်ဆုံးရှုံး

**နယူးယောက် ဇန်နဝါရီ ၂၀**

ကုလသမဂ္ဂ အသုံးစရိတ်များအတွက် ထည့်ဝင်ရမည့် ကြွေးကျန်များကြောင့် ဗင်နီဇွဲလား၊ လက်ဘနွန်နှင့် တောင်ဆူဒန်နိုင်ငံတို့မှာ ကုလသမဂ္ဂ အထွေထွေညီလာခံ၌ ဆန္ဒမဲပေးခွင့်များ ဆုံးရှုံးထားကြောင်း အေပီသတင်းဌာနက ဇန်နဝါရီ ၁၉ ရက်တွင် ဖော်ပြခဲ့သည်။

အဆိုပါ နိုင်ငံသုံးနိုင်ငံအပြင် ကုလသမဂ္ဂသို့ပေးရမည့် ကြွေးကျန်များကြောင့် ဆန္ဒမဲပေးခွင့်ဆုံးရှုံးခဲ့သော နိုင်ငံများမှာ ဒိုမီနီကန်၊ အီကွေတိုရီရယ်လ်ဂီနီယာနှင့်ဂါဘွန်နိုင်ငံတို့ဖြစ်ကြောင်း ကုလသမဂ္ဂ အထွေထွေညီလာခံ အဖွဲ့ဝင်နိုင်ငံ ၁၉၃ နိုင်ငံသို့ ဖြန့်ဝေထားသော ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ် အန်တိုနီယိုဂူတာရက်စ်၏ ပေးစာ၌ ပါရှိသည်။

ကုလသမဂ္ဂ အဖွဲ့ဝင်နိုင်ငံများအနေဖြင့် ကုလသမဂ္ဂအသုံးစရိတ်များအတွက် ၎င်းတို့ထည့်ဝင်ရမည့် ငွေကြေးပမာဏနှင့် တူညီသော သို့မဟုတ် ပိုလွန်နေသော ကြွေးကျန်များကို နှစ်နှစ်ထိ ထားခဲ့ပါက အထွေထွေညီလာခံ၌ ဆန္ဒမဲပေးခွင့် ဆုံးရှုံးရမည်ဟု ပြဋ္ဌာန်းထားသည်။

ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်ဂူတာရက်စ်၏ အဆိုအရ ကုလသမဂ္ဂကြွေးကျန်အများဆုံးနိုင်ငံမှာ ဗင်နီဇွဲလားဖြစ်ပြီး ကြွေးကျန်ပမာဏ အမေရိကန်ဒေါ်လာ ၇၆ သန်းကျော်ရှိပြီး ဒိုမီနီကန်နိုင်ငံမှာ ကြွေးကျန်အနည်းဆုံးဖြစ်ပြီး အမေရိကန်ဒေါ်လာ ၂၀၅၀၀ သာရှိကြောင်း ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်၏ ပေးစာ၌ ဖော်ပြထားသည်။

ကြွေးကျန်နိုင်ငံများအနေဖြင့် ကျန်ရှိသည့် ထည့်ဝင်ငွေများ ထည့်ဝင်ပြီးမှသာ ကုလသမဂ္ဂအထွေထွေညီလာခံ၌ ဆန္ဒမဲပေးခွင့်ပြန်လည်ရရှိမည်ဖြစ်ကြောင်း သိရသည်။ KKO

# ကွန်ဂိုနိုင်ငံ၌ တန်ချိန်ပိုတင်ဆောင်သည့် ရေယာဉ်တိမ်းမှောက်မှုကြောင့် ခရီးသည် ၁၄၅ ဦး ပျောက်ဆုံး



**ကင်ရှာဆာ ဇန်နဝါရီ ၂၀**

ကွန်ဂိုနိုင်ငံ အနောက်မြောက်ပိုင်း မြစ်ကြောင်းတစ်ခုအတွင်း ပြီးခဲ့သည့်ရက်ပိုင်းက ရေယာဉ်တိမ်းမှောက်မှုဖြစ်ပွားခဲ့ရာ ခရီးသည် ၁၄၅ ဦး ပျောက်ဆုံးနေကြောင်း အေပီသတင်းဌာနက ဇန်နဝါရီ ၁၉ ရက်တွင် ဖော်ပြခဲ့သည်။

တိမ်းမှောက်ခဲ့သည့် ရေယာဉ်သည် ခရီးသည်များအပြင် ကုန်စည်နှင့် တိရစ္ဆာန်များကိုပါ သတ်မှတ်တန်ချိန်ထက်ပို၍ သယ်ဆောင်ထားသည်ဟု တာဝန်ရှိသူများက ပြောကြားခဲ့သည်။

အဆိုပါ ရေယာဉ်တိမ်းမှောက်မှုသည် ဇန်နဝါရီ ၁၇ ရက်က လူလွန်ဂါမြစ်အတွင်း ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

ရေယာဉ်တိမ်းမှောက်မှုဖြစ်ပွားပြီးနောက် ခရီးသည် ၅၅ ဦးကို ကယ်တင်နိုင်ခဲ့သော်လည်း အနည်းဆုံး ခရီးသည် ၁၄၅ ဦးမှာ ယနေ့ထိ ပျောက်ဆုံးနေဆဲဖြစ်ကြောင်း တာဝန်ရှိသူများက ဇန်နဝါရီ ၁၉ ရက်တွင် ပြောကြားခဲ့သည်။

ကုန်းတွင်း လမ်းကြောင်းများဖြင့် သွားလာရန်အလွန်ခက်ခဲသော ကွန်ဂိုတောနယ်များ၌ ရေလမ်းခရီးကိုသာ အဓိကမှီခိုနေရသည်နှင့်အမျှ ရေယာဉ်မတော်တဆမှုများ မကြာခဏဖြစ်ပွားလေ့ရှိပြီး ၂၀၂၂ ခုနှစ် အောက်တိုဘာလကလည်း အီကွာတောပြည်နယ်၌ ကွန်ဂိုမြစ်အတွင်း တန်ပိုတင်ဆောင်ထားသော ရေယာဉ်တစ်စီး နစ်မြုပ်ခဲ့ရာ လူဦးရေ ၄၀ ကျော် သေဆုံးခဲ့ဖူးကြောင်း သိရသည်။ KKO

# တောင်ကိုရီးယားနိုင်ငံ ဆိုးလ်မြို့တော်၌ ကျူးကျော်ရပ်ကွက်မီးလောင် လူဦးရေ ၅၀၀ ခန့် ဘေးလွတ်ရာသို့ ကယ်ထုတ်ပေးခဲ့ရ

**ဆိုးလ် ဇန်နဝါရီ ၂၀**

တောင်ကိုရီးယားနိုင်ငံ ဆိုးလ်မြို့အတွင်းရှိ ကျူးကျော်ရပ်ကွက်တစ်ခု၌ ယနေ့တွင် မီးလောင်ကျွမ်းမှုဖြစ်ပွားခဲ့ကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။

အဆိုပါ မီးလောင်ကျွမ်းမှုကြောင့် လူနေအိမ် ၆၀ ပျက်စီးခဲ့ရပြီး လူဦးရေ ၅၀၀ ခန့်ကို ဘေးလွတ်ရာသို့ ကယ်ထုတ်ပေးခဲ့ရကြောင်း တောင်ကိုရီးယား အစိုးရအဖွဲ့ တာဝန်ရှိသူများက ပြောကြားထားသည်။

ဂါယောင်းကျေးရွာ အမည်ရှိ အဆိုပါ ကျူးကျော်ရပ်ကွက် မီးလောင်မှုကို တောင်ကိုရီးယား မီးသတ်သမားများက ရဟတ်ယာဉ်များ၏အကူအညီဖြင့် ငါးနာရီကြာ အချိန်ယူ ငြိမ်းသတ်ခဲ့ကြရသည်။

ဂါယောင်းကျေးရွာ ကျူးကျော်ရပ်ကွက်သည် ကမ္ဘာကျော်ဂန်းနမ်ခရိုင်နှင့် အဝေးပြေးလမ်းတစ်လမ်းသာခြား၍ တည်ရှိသော ကျူးကျော်ရပ်ကွက်ဖြစ်သည်။



ဂါယောင်းကျေးရွာ ကျူးကျော်ရပ်ကွက်သည် အာရှတိုက်၏ စတုတ္ထမြောက် စီးပွားရေးအင်အားအကြီးဆုံးနိုင်ငံဖြစ်သော တောင်ကိုရီးယားနိုင်ငံ၏ လူထုစီးပွားကွာဟမှုပြဿနာကို ပြသလျက်ရှိသည်။

ဂါယောင်းကျေးရွာ ကျူးကျော်ရပ်ကွက်သည် ဆိုးလ်မြို့၏နောက်ဆုံးလက်ကျန် ကျူးကျော်ရပ်ကွက်တစ်ခုဖြစ်ပြီး လူနေအိမ်ပေါင်း ၆၀၀ ကျော်ရှိကြောင်း သိရသည်။ KKO

# နိုင်ငံတကာစစ်မှုရေးရာအပြားပြား

## ပြင်သစ်နိုင်ငံက Akeron တင့်ကားဖျက်ပဲ့ထိန်းဒုံးကျည်အစင်း ၂၀၀ ဝယ်ယူရန် MBDA ကုမ္ပဏီထံမှာယူ



ပြင်သစ်နှင့် MBDA ကုမ္ပဏီတို့သည် ပြင်သစ် စစ်ဘက်အတွက် Akeron MP ကွန်ရက်အသုံးပြုထားသော တင့်ကားဖျက် ပဲ့ထိန်းဒုံးကျည် အစင်း ၂၀၀ မှာယူခဲ့ကြောင်း ဇန်နဝါရီ ၁၇ ရက်ထုတ် သတင်းများအရ သိရသည်။

အဆိုပါမှာယူမှုသည် တပ်ဖွဲ့၏ မြေပြင်စွမ်းရည်ကို ခေတ်မီ၊ အဆင့်မြှင့်စေရန် ပြင်သစ်နိုင်ငံကာကွယ်ရေးဝယ်ယူရေးအေဂျင်စီနှင့် MBDA တို့က ဆောင်ရွက်သော ခေတ်ရေစီးကြောင်းသုတေသနနှင့် နည်းပညာလေ့လာမှုများတွင် ရင်းနှီးမြှုပ်နှံမှုများ၏ တစ်စိတ်တစ်ပိုင်းဖြစ်သည်။

Akeron တင့်ကားဖျက်ပဲ့ထိန်းဒုံးကျည်များကို ပြင်သစ် ကြည်းတပ်၊ ရေတပ်၊ လေတပ်တို့တွင် ၂၀၁၇ ခုနှစ်ကတည်းက စတင်အသုံးပြုခဲ့ပြီး ၎င်း၏ပထမဆုံးသော စစ်ဆင်ရေးဆိုင်ရာ တပ်ဖြန့်အသုံးပြုမှုကို ၂၀၁၈ ခုနှစ်တွင် စတင်အသုံးပြုခဲ့သည်။ အဆိုပါဒုံးကျည်များသည် ၄ ကီလိုမီတာထိ ပစ်မှတ်များကို ပစ်ခတ်တိုက်ခိုက်နိုင်သည်။ လက်နက်၏ Fire and Forget ဝိသေသ၊ အင်္ဂါရပ်သည် ပစ်လွှတ်ပြီးနောက်ပစ်မှတ်များကို အလိုအလျောက်ထိမှန်ဖျက်ဆီးနိုင်စေကာ တိုက်ခိုက်ရေးစွမ်းအားစုများကို တပ်ဖြန့်ချထားသည့် တစ်နေရာမှ အခြားဘေးကင်းလုံခြုံရာတစ်နေရာသို့ ကယ်ထုတ်ရွှေ့ပြောင်းနိုင်စေမည်ဖြစ်သည်။

၎င်း၏ဒစ်ဂျစ်တယ်တည်နေရာပြစနစ်၊ ချိန်ညှိခြင်းနှင့် ဆက်သွယ်ရေးစွမ်းရည်များဖြင့် ဒုံးကျည်သည် သေနတ်သမားက မျက်မြင်တွေ့မြင်ရသောပစ်မှတ်များနှင့် တိုက်ရိုက်မမြင်နိုင်သောအရာများကို တိုက်ပွဲဝင်နိုင်စွမ်းရှိသည်ဟု ပြင်သစ်နိုင်ငံကာကွယ်ရေးပစ္စည်းဝယ်ယူရေးအေဂျင်စီ၏ ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

မျက်မြင်တိုက်ရိုက် မတွေ့ရှိနိုင်သောပစ်မှတ်များကို သေနတ်သမားသည် ပစ်ခတ်ခြင်းမပြုမီ လမ်းကြောင်းအမျိုးအစားကိုရွေးချယ်ပြီး ပျံသန်းစဉ်အတွင်းပစ်မှတ်ကို စိစစ်ခွဲခြားသတ်မှတ်ကာ အာရုံခံကိရိယာမှ အရောင် သို့မဟုတ် အနီအောက်ရောင်ခြည်ပုံရိပ် တုံ့ပြန်ချက်ကြောင့် ပစ်မှတ်အား ထိချက်ကိုသတ်မှတ်ပေးနိုင်မည်ဖြစ်သည်။

ပြင်သစ်နိုင်ငံသည် Leclerc ပင်မတိုက်ပွဲဝင်တင့်ကား အစီး ၅၀ ကို အဆင့်မြှင့်တင်ရန် Nexter Systems ကုမ္ပဏီနှင့်လည်း စာချုပ်ချုပ်ဆိုနိုင်ခဲ့ကြောင်း အဆိုပါသတင်းရင်းမြစ်အရ သိရသည်။ သဘောတူညီချက်သည် သီးခြားပင်မတိုက်ပွဲဝင်တင့်ကား Leclercs အစီး ၅၀ ကို ပြုပြင်မွမ်းမံရန်၊ အဆင့်မြှင့်တင်ရန် ၂၀၂၁ ခုနှစ်တွင် မှာယူထားမှုအပေါ်တွင် ထပ်မံစာချုပ် ချုပ်ဆိုခဲ့ခြင်းလည်းဖြစ်ကြောင်း သိရသည်။

အဆိုပါတိုက်ပွဲဝင်တင့်ကားအုပ်စုသည် အနာဂတ် Franco-German တို့၏ ပင်မတိုက်ခိုက်ရေးစနစ်များ ၂၀၄၀ (Main Ground Combat Systems 2040) ရောက်ရှိလာသည်ထိ တာဝန်ထမ်းဆောင်နေဦးမည်ဖြစ်ကြောင်း သိရသည်။

**France Orders 200 Akeron Anti-Tank Missiles ကို ဘာသာပြန်ဆိုထားပါသည်။**

## ရုရှားနိုင်ငံထုတ် Sukhoi Su-35 တိုက်လေယာဉ်များကို အီရန်နိုင်ငံက မတ်လတွင် လက်ခံရရှိမည်

အီရန်နိုင်ငံသည် ကာကွယ်ရေးစနစ်များ၊ ဒုံးကျည်များနှင့် ရဟတ်ယာဉ်များပါဝင်သည့် ရုရှားနိုင်ငံထုတ် Sukhoi Su-35 တိုက်လေယာဉ်အများအပြားကို မတ်လတွင် လက်ခံရရှိမည်ဖြစ်ကြောင်း လွှတ်တော်အမတ်တစ်ဦးနှင့် တွေ့ဆုံမေးမြန်းချက်ကို ကိုးကား၍ အီရန်နိုင်ငံ Tasnim သတင်းဌာနက ဖော်ပြခဲ့သည်။

အမျိုးသားလုံခြုံရေးနှင့် နိုင်ငံခြားရေးမူဝါဒအတွက် မှာယူထားသည့် လေယာဉ်အရေအတွက်ကို ဖော်ပြမထားဟု အီရန်နိုင်ငံ ပါလီမန်ကော်မရှင် အဖွဲ့ဝင်တစ်ဦးဖြစ်သည့် Shahriar Heydari က ပြောကြားခဲ့သည်။

"ဒီလက်နက်အများစုဟာ မကြာခင်နိုင်ငံထဲကို ရောက်လာတော့မှာပါ။ ဥပမာ Sukhoi Su-35 တိုက်လေယာဉ်တွေဟာ လာမဲ့နှစ်အစမှာ အီရန်နိုင်ငံကို ရောက်ရှိမှာပါ"ဟု Shahriar Heydari က ပြောကြားခဲ့သည်။

အီရန်နိုင်ငံသည် ယူကရိန်းအထူးစစ်ဆင်ရေးစတင်ပြီးကတည်းက ရုရှားနှင့် ပိုမိုနီးကပ်သောဆက်ဆံရေးရှိလာပြီး ရုရှားနိုင်ငံကိုအထူးစစ်ဆင်ရေးအတွက် စစ်ဘက်ဆိုင်ရာဒရုန်းများပံ့ပိုးပေးခဲ့ရာ အမေရိကန်နှင့် ဥရောပသမဂ္ဂတို့က အပြင်းအထန်ပြစ်တင်ရှုတ်ချခဲ့ကြသည်။

အီရန်နိုင်ငံသည် အစိုးရဆန့်ကျင်ရေးမငြိမ်မသက်မှုများကို ပြင်းထန်စွာနှိမ်နင်းခြင်းနှင့် ဆန္ဒထုတ်ဖော်သူများ ကွပ်မျက်ခြင်းတို့ကို အသုံးပြုခြင်းအတွက် နိုင်ငံတကာမှ ပြစ်တင်ရှုတ်ချမှုများပြုလုပ်လာနေချိန်တွင်လည်း Heydari ၏ မှတ်ချက်များထွက်ပေါ်လာခဲ့သည်။

အီရန်နိုင်ငံသည် လေကြောင်းစိုးမိုးမှုစစ်ဆင်ရေးအတွက် အဓိကအသုံးပြုနိုင်မည့် Sukhoi Su-35 စတုတ္ထမျိုးဆက်တိုက်လေယာဉ် ၂၄ စင်းကို လက်ခံရရှိမည်ဖြစ်ကြောင်း၊ တိုက်လေယာဉ်တချို့သည် အီရန်နိုင်ငံအလယ်ပိုင်း Isfahan မြို့တွင်တည်ရှိသော အမှတ်(၈)နည်းဗျူဟာမြောက်လေတပ်စခန်းတွင် အခြေစိုက်မည်ဟု မီဒီယာများ၏အဆိုအရ ခန့်မှန်းထားကြောင်း သိရသည်။

အီရန်သည် ၁၉၉၀ ပြည့်လွန်နှစ်များအတွင်းကဝယ်ယူခဲ့သော ရုရှား MiG-29 Fulcrum တိုက်လေယာဉ်တချို့မှလွဲ၍ မကြာသေးမီနှစ်များအတွင်း မည်သည့်တိုက်ခိုက်ရေးလေယာဉ်သစ်မျှ မဝယ်ယူခဲ့ပေ။ အီရန်နှင့် ရုရှားတို့သည် ၎င်းတို့၏ စီးပွားရေး၊ ကုန်သွယ်ရေး၊ စွမ်းအင်နှင့် စစ်ရေး ပူးပေါင်းဆောင်ရွက်မှုကို အားကောင်းစေရန် မကြာသေးမီလများအတွင်း အရေးကြီးသောသဘောတူညီချက်များကို လက်မှတ်ရေးထိုးခဲ့ကြကြောင်း သိရသည်။



**Iran to get Russian Sukhoi Su-35 fighter jets, defense systems by March ကို ဘာသာပြန်ဆိုထားပါသည်။**

## ရုရှားကာကွယ်ရေးဝန်ကြီး Sergey Shoigu က ယူကရိန်းရှိ ရှေ့တန်းစစ်ဌာနချုပ်သို့ သွားရောက်စစ်ဆေးခဲ့



ရုရှားကာကွယ်ရေးဝန်ကြီး Sergey Shoigu သည် ယူကရိန်းနိုင်ငံ၏အထူးစစ်ဆင်ရေးတွင် ပါဝင်ဆောင်ရွက်နေသည့် ရုရှားနိုင်ငံ အရှေ့ပိုင်းစစ်ဒေသခရိုင်တပ်ဖွဲ့များ၏ ရှေ့တန်းစစ်ဌာနချုပ်သို့ သွားရောက်စစ်ဆေးခဲ့ကြောင်း ကာကွယ်ရေးဝန်ကြီးဌာနက ဇန်နဝါရီ ၁၇ ရက်တွင် ပြောကြားခဲ့သည်။

ရှေ့တန်းစစ်ဌာနချုပ်တွင် Shoigu သည် ပကတိမြေပြင်စစ်ရေးအခြေအနေနှင့် ရုရှားတပ်ဖွဲ့များ၏ စစ်ဆင်ရေးလုပ်ဆောင်မှုဆိုင်ရာများနှင့်စပ်လျဉ်း၍ တပ်မှူးများထံမှ သတင်းပေးပို့ချက်များ၊ တင်ပြချက်များကို အသိအမှတ်ပြုခဲ့ကြောင်း ဝန်ကြီးဌာနက ထုတ်ပြန်ခဲ့သည်။

ဆက်လက်၍ဝန်ကြီးက ရှေ့တန်းစစ်ဌာနချုပ်များအတွက် ဘက်စုံအုပ်ချုပ်၊ ပံ့ပိုးရေးအဖွဲ့အစည်းများ၊ ခြေကုပ်ခံတပ်စခန်းများဆောက်လုပ်ခြင်းနှင့် စစ်မှုထမ်းများ ဘေးကင်းလုံခြုံစွာ တပ်ဖြန့်တာဝန်ချထားရေးအတွက် အခြေအနေများဖန်တီးခြင်း၊ ဆေးဘက်ဆိုင်ရာ ဆေးကုသခံယူနေမှုများနှင့် နောက်တန်းဌာနများအပါအဝင် အခြေအနေအရပ်ရပ်အပေါ် အထူးအလေးထားကြည့်ရှုစစ်ဆေးခဲ့သည်။

Shoigu သည် ၎င်းတို့၏ စစ်မှုထမ်းခြင်းအတွက် တပ်ဖွဲ့ဝင်များကို ကျေးဇူးတင်ရှိကြောင်းပြောကြားခဲ့ပြီး တိုက်ပွဲတွင်အထူးအသိအမှတ်ပြုခံထိုက်သူ စစ်ဘက်ဆေးဝန်ထမ်းများအပါအဝင် စစ်သားအများအပြားကို ဆုတံဆိပ်များချီးမြှင့်ခဲ့သေးသည်။

"ရဲဘော်တို့ဟာ ဂုဏ်သိက္ခာရှိစွာထမ်းဆောင်ရင်း ငါတို့ရဲ့အမိမြေကိုကာကွယ်ဖို့၊ အကူအညီလိုသူတွေကို ကူညီပေးရင်း အောင်ပွဲနေ့ ပိုနီးကပ်လာစေဖို့ အရာအားလုံးကို လုပ်ဆောင်နေတာဖြစ်ပါတယ်။ အဲဒီအောင်ပွဲနေ့ထိ အရာအားလုံးကိုဆောင်ရွက်ပေးမယ်လို့ ယုံကြည်ပါတယ်"ဟု ကာကွယ်ရေးဝန်ကြီးက တပ်ဖွဲ့ဝင်များအားလုံးကို ဂုဏ်ပြုစကားပြောကြားခဲ့သည်။

Shoigu သည် ပြီးခဲ့သည့် ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီလက ယူကရိန်းတွင် ရုရှား၏ အထူးစစ်ဆင်ရေးစတင်ချိန်မှစ၍ ရှေ့တန်းသို့အကြိမ်ကြိမ်သွားရောက်ခဲ့သည်။ နောက်ဆုံးအကြိမ်သွားရောက်ခဲ့မှုမှာ ၂၀၂၂ ခုနှစ် ဒီဇင်ဘာလထဲတွင်ဖြစ်ပြီး ဝန်ကြီးသည် တပ်ဖွဲ့ဝင်များ၏ နေရာထိုင်ခင်းများစီစဉ်ပေးထားမှုများပေါ် ပြန်လည်သုံးသပ်ကာ စစ်သားများနှင့် စကားပြောဆိုသည်ကို တွေ့ခဲ့ရသည်။

မကြာသေးမီက ယူကရိန်းတွင် ရုရှားစစ်ဘက်၏ စစ်ဆင်ရေးကွပ်ကဲမှုတွင် အပြောင်းအလဲ ကြီးကြီးမားမားပြုလုပ်ခဲ့ကြောင်း ပြီးခဲ့သောသီတင်းပတ်ကကြေညာချက်ထုတ်ပြန်ခဲ့ပြီးနောက် ယခုခရီးစဉ်သတင်း ထွက်ပေါ်လာခြင်းဖြစ်ကြောင်း သိရသည်။

ရုရှားစစ်ဦးစီးချုပ် ဗိုလ်ချုပ်ကြီး Valery Gerasimov အား ပူးတွဲတပ်ဖွဲ့ကို ဦးဆောင်ရန်ခန့်အပ်ထားပြီး စစ်ဆင်ရေး၏ တပ်မှူးဟောင်း ဗိုလ်ချုပ်ကြီးဆာဂျီဆူရိုဗစ်ကင်က ၎င်း၏ လက်ထောက်ဖြစ်လာကြောင်း သိရသည်။

**Russian defense minister visits frontline headquarters ကို ဘာသာပြန်ဆိုထားပါသည်။**

မင်းမျိုး

## နိုင်ငံတကာ အားကစားသတင်းများ

## ပရီးမီးယားလိဂ် ပွဲစဉ် (၂၁) ပွဲကြိုသုံးသပ်ချက်များ

ML

### လိဒ် Vs ဘရန့်ဖို့ဒ်

**ကစားမည့်ရက်/အချိန် ၂၂-၁-၂၀၂၄ (ည ၀၁:၃၀နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**ဘရန့်ဖို့ဒ် ၅ - ၂ လိဒ်**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| လိဒ် | – | ဝေး(သရေ) | ဝေး(ရှုံး) | အိမ်(နိုင်) |
| ဘရန့်ဖို့ဒ် | – | အိမ်(နိုင်) | အိမ်(ရှုံး) | အိမ်(နိုင်) |

လိဒ်အသင်းဟာ ခံစစ်ပိုင်းအားနည်းချက်ရှိပေမဲ့ နောက်ဆုံးကစားခဲ့တဲ့ အိမ်ကွင်းနှစ်ပွဲဆက်မှာ သွင်းဂိုး ခုနစ်ဂိုးထိ သွင်းယူနိုင်ခဲ့ပြီး တိုက်စစ်ထက်မြက်နေပါတယ်။ ဘရန့်ဖို့ဒ်ကတော့ အသင်းလိုက်ကစားအားကောင်းပေမဲ့ အစဉ်အလာရ လိဒ်အသင်းအိမ်ကွင်းမှာ ရှုန်းကန်နေရတာဖြစ်လို့ အိမ်ရှင်အားသာချက်ရှိတဲ့ လိဒ်အသင်းကိုပဲ ရွေးချယ်ရမှာပါ။

**အင်တာနက်ခန့်မှန်း – လိဒ် ၂ – ၁ ဘရန့်ဖို့ဒ်**

### မန်စီးတီး Vs ဝုဗ်

**ကစားမည့်ရက်/အချိန် ၂၂-၁-၂၀၂၄ (ည ၀၁:၃၀နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**ဝုဗ် ဝ – ၃ မန်စီးတီး**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| မန်စီးတီး | – | ဝေး(ရှုံး) | ဝေး(ရှုံး) | အိမ်(နိုင်) |
| ဝုဗ် | – | ဝေး(သရေ) | အိမ်(နိုင်) | အိမ်(ရှုံး) |

မန်စီးတီးအသင်းဟာ အခုပြိုင်ပွဲမှာ အိမ်ကွင်းအကောင်းဆုံးအသင်းဖြစ်ပြီး တိုက်စစ်ပိုင်းက သွင်းဂိုး ၃၅ ဂိုးထိ သွင်းယူထားပါတယ်။ ဝုဗ်အသင်းကတော့ နည်းပြသစ်နဲ့အထိုင်ကျဖို့ ကြိုးပမ်းနေရသလို အဝေးကွင်း ခံစစ်ကစားပုံကလဲ အားနည်းချက်ရှိနေတာကြောင့် မန်စီးတီးတိုက်စစ်ကို ထိန်းချုပ်နိုင်မှာမဟုတ်လို့ အိမ်ရှင် မန်စီးတီးအသင်းပဲ အနိုင်ပြတ်သားမှာပါ။

**အင်တာနက်ခန့်မှန်း – မန်စီးတီး ၃ – ၁ ဝုဗ်**

## အီတလီစီးရီးအေ ပွဲစဉ် (၁၉) ပွဲကြိုသုံးသပ်ချက်

ML

### ဆမ့်ဒိုးရီးယား Vs အူဒီးနီးစ်

**ကစားမည့်ရက်/အချိန် ၂၂-၁-၂၀၂၄ (ည ၀၆:၀၀နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**အူဒီးနီးစ် ၂ – ၁ ဆမ့်ဒိုးရီးယား**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| ဆမ့်ဒိုးရီးယား | – | အိမ်(ရှုံး) | ဝေး(ရှုံး) | ဝေး(ရှုံး) |
| အူဒီးနီးစ် | – | အိမ်(သရေ) | ဝေး(ရှုံး) | အိမ်(ရှုံး) |

ဆမ့်ဒိုးရီးယားအသင်းဟာ ဒဏ်ရာရကစားသမားများနေတာကြောင့် တန်းဆင်းဇုန်မှာ ရှုန်းကန်နေရပါတယ်။ အူဒီးနီးစ်အသင်းက ခြေစွမ်းပိုင်းကျဆင်းနေပေမဲ့ ကစားသမားစုဖွဲ့မှုနဲ့ တိုက်စစ်ကစားပုံက ဆမ့်ဒိုးရီးယားထက်သာလွန်နေတာကြောင့် အခုပွဲကို မဖြစ်မနေအနိုင်ရဖို့ ပြင်ဆင်လာမှာပါ။ ဒါကြောင့် အူဒီးနီးစ်အသင်းကိုပဲ အားပေးရမှာပါ။

**အင်တာနက်ခန့်မှန်း – ဆမ့်ဒိုးရီးယား ဝ – ၁ အူဒီးနီးစ်**

## အားကစားသတင်း အတိုအထွာများ

- ချဲလ်ဆီးအသင်းက ပီအက်ဗ်ွီတောင်ပံကစားသမား နိုနီကို စတာလင်ပေါင် ၃၀ ဒသမ ၅ သန်းဖြင့် ခေါ်ယူနိုင်ခဲ့ပြီးနောက် ဘရိုက်တန်အသင်း ကွင်းလယ်ကစားသမား ကာစီဒိုကို ခေါ်ယူရန် ထပ်မံကြိုးပမ်းနေကြောင်း သိရသည်။
- အာဆင်နယ်အသင်းက ဘရိုက်တန်အသင်း တောင်ပံကစားသမား ထရိုဆာ့ဒ်ကို စတာလင်ပေါင် ၂၆ သန်းဖြင့် ခေါ်ယူခဲ့ပြီး ကစားသမားအနေဖြင့် အသင်းနှင့် ဆေးစစ်မှုခံယူနေကြောင်း သိရသည်။
- အဲဗာတန်အသင်း တိုက်စစ်မှူး ကယ်ဘက်လေဝင်ကို စတာလင်ပေါင် ၃၅ သန်းဝန်းကျင်ဖြင့် ခေါ်ယူနိုင်ရန် နယူးကာဆယ်အသင်းက အစွမ်းကုန်ကြိုးပမ်းနေကြောင်း သိရသည်။ ML

## ဘုန်းမောက်အသင်းက လိုရီးယန့်အသင်း တောင်ပံကစားသမား အော့တာရာကို ငါးနှစ်ခွဲစာချုပ်ဖြင့် အပြီးသတ်ခေါ်ယူ



**လန်ဒန် ဇန်နဝါရီ ၂၀**

ဘုန်းမောက် အသင်းသည် ပြီးခဲ့သည့် ရက်ပိုင်းအတွင်းက ခေါ်ယူရန် သဘောတူညီမှုရရှိထားသည့် လိုရီးယန့်အသင်း တောင်ပံကစားသမား အော့တာရာကို ပြောင်းရွှေ့ကြေး စတာလင်ပေါင်သန်း ၂၀ ဖြင့် ငါးနှစ်ခွဲစာချုပ်ချုပ်ဆိုနိုင်ခဲ့ကြောင်း Fotmob.com က ယနေ့တွင် ဖော်ပြခဲ့သည်။

အသက် ၂၀ ရှိ တောင်ပံကစားသမား အော့တာရာသည် ယခုနှစ် ဘောလုံးရာသီ ပြင်သစ်လီဂူးတွင် လိုရီးယန့်အသင်းအတွက် ၁၈ ပွဲပါဝင်ကစားခဲ့ရာ သွင်းဂိုးခြောက်ဂိုးနှင့်ဂိုးဖန်တီးမှု ငါးကြိမ်ထိ ပြုလုပ်နိုင်ခဲ့ပြီး ခြေစွမ်းပြသနိုင်ခဲ့သဖြင့် ပရီးမီးယားလိဂ် ကလပ်အသင်းများဖြစ်သည့် လက်စတာအသင်းနှင့် အဲဗာတန်အသင်းတို့က ခေါ်ယူရန် အပြိုင်ကြိုးပမ်းခဲ့ရာ ဘုန်းမောက်အသင်းကသာ လက်ဦးမှုရယူ၍ လာမည့် ၂၀၂၈ ခုနှစ်ထိ စာချုပ်ချုပ်ဆိုနိုင်ခဲ့ကြောင်း သိရသည်။

လက်ရှိတွင် ဘုန်းမောက်အသင်းအနေဖြင့် ပရီးမီးယားလိဂ်ကိုးပွဲကစားခဲ့ရာတွင် ရှစ်ပွဲရှုံး၊ တစ်ပွဲနိုင်ရလဒ်သာ ထွက်ပေါ်ခဲ့သောကြောင့် အမှတ်ပေးဇယား အဆင့် (၁၇) သို့ ရောက်ရှိခဲ့ပြီး တန်းဆင်းဇုန်အသင်းနှင့် ရမှတ်တစ်မှတ်သာ ကွာဟနေသဖြင့် လိုရီးယန့်အသင်းတွင်ခြေစွမ်းပြနေသည့် အော့တာရာကို ခေါ်ယူရန် အစွမ်းကုန် ကြိုးပမ်းခဲ့သကဲ့သို့ ၎င်းအနေဖြင့်လည်း အသင်း၏ တိုက်စစ်ပိုင်းလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်မည်ဟု ယုံကြည်လျက်ရှိသည်။

ဘုန်းမောက်အသင်း အမှုဆောင် ဒါရိုက်တာ နေးလ်ဘလိတ်ခ်က "အသင်းအနေနဲ့ အော့တာရာလို တိုက်စစ်မှူးမျိုးကို ခေါ်ယူနိုင်ခဲ့လို့ အတိုင်းမသိ ဝမ်းသာမိပါတယ်။ သူဟာ စွမ်းဆောင်ရည်ကောင်းတွေ ပိုင်ဆိုင်ထားတဲ့ ကစားသမားတစ်ဦးဖြစ်တာကြောင့် ကျွန်တော်တို့ အသင်းရဲ့ လိုအပ်ချက်တွေကို ဖြည့်ဆည်းပေးနိုင်မှာပါ။ သူ့အနေနဲ့ အသင်းကို တန်းဆင်းဇုန်အန္တရာယ်က လွတ်မြောက်အောင် ကူညီနိုင်မယ်လို့ ကျွန်တော်ယုံကြည်ပါတယ်" ဟု ပြောကြားခဲ့ကြောင်း သိရသည်။ ML

## ဘိုင်ယန်မြူးနစ်အသင်းက ယခုနှစ်ဘောလုံးရာသီအကုန်တွင် ချဲလ်ဆီးအသင်းကစားသမား ကိုင်ဟာဗက်ကို ခေါ်ယူရန်ပစ်မှတ်ထားနေ

**လန်ဒန် ဇန်နဝါရီ ၂၀**

ဂျာမန်ထိပ်သီးကလပ် ဘိုင်ယန်မြူးနစ်အသင်းက ယခုနှစ်ဘောလုံးရာသီအကုန်တွင် ချဲလ်ဆီးအသင်းနှင့် အနာဂတ်မရေမရာဖြစ်နေသည့် ကိုင်ဟာဗက်ကို ခေါ်ယူရန် ပစ်မှတ်ထားနေကြောင်း Bild သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

အသက် ၂၄ နှစ်ရှိ ကိုင်ဟာဗက်သည် ပြီးခဲ့သည့် ၂၀၂၀ ပြည့်နှစ်နွေရာသီ ကစားသမားအပြောင်းအရွှေ့ကာလက လေဗာကူဆင်အသင်းမှ ချဲလ်ဆီးအသင်းသို့ မြင့်မားသည့် ပြောင်းရွှေ့ကြေးတစ်ရပ်ဖြစ်သည့် စတာလင်ပေါင် ၇၁ သန်းဖြင့် ပြောင်းရွှေ့လာခဲ့သူဖြစ်သည်။

ကိုင်ဟာဗက်သည် လေဗာကူဆင်အသင်းတွင် ကစားခဲ့စဉ်က ထိပ်တန်းအဆင့်ရှိ ခြေစွမ်းပြသနိုင်ခဲ့ပြီး အလားအလာရှိသည့် လူငယ်ကစားသမားအဖြစ် သတ်မှတ်ခံထားရသော်လည်း ချဲလ်ဆီးအသင်းတွင် ပုံမှန်ခြေစွမ်းပြသနိုင်ရန် ရုန်းကန်နေရပြီး နည်းပြအဆက်ဆက်ခြေစွမ်းပြသနိုင်ခြင်းမရှိသည့်အတွက် ယခုအခါ ချဲလ်ဆီးအသင်းပိုင်ရှင် တော့ဘိုလီက ပြန်လည်ရောင်းချရန် ပြင်ဆင်နေခြင်းဖြစ်သည်။

ဘိုင်ယန်မြူးနစ် အသင်းသည် အစောပိုင်းက စပါးအသင်း တိုက်စစ်မှူး ဟယ်ရီကိန်းကို ခေါ်ယူရန် ပစ်မှတ်ထားခဲ့သော်လည်း ၎င်းကို ပရီးမီးယားလိဂ် ထိပ်တန်းအသင်းကြီးများကလည်း အပြိုင်ကမ်းလှမ်းခဲ့ရာ ခက်ခဲနိုင်သည့် အခြေအနေများကြောင့် လေဗာကူဆင်အသင်းနှင့် ဂျာမန်ဘွန်ဒက်လီဂါပြိုင်ပွဲတွင် ခြေစွမ်းကောင်းများ ပြသခဲ့ဖူးသည့် ကိုင်ဟာဗက်ကို ပစ်မှတ်ထားနေခြင်းဖြစ်သည်။

ချဲလ်ဆီးအသင်း ကစားသမားခေါ်ယူမှုနှင့် ရောင်းချမှုကို ကိုယ်တိုင် လုပ်ဆောင်နေသည့် အသင်းပိုင်ရှင် တော့ဘိုလီ ကိုယ်တိုင်ကလည်း ကိုင်ဟာဗက်၏ စွမ်းဆောင်ရည်များအပေါ် ကြိုက်နှစ်သက်ခြင်း မရှိသည့်အတွက် သင့်လျော်သည့် ပြောင်းရွှေ့ကြေး ရရှိပါက ရောင်းချရန်ပြင်ဆင်နေကြောင်း သိရသည်။ STA

## ဩစတြေးလျအိုးပင်းတင်းနစ်ပြိုင်ပွဲတွင် ဗွန်ဒရောက်ဆိုဗာက အွန်ဂျပ်ဘာကို အနိုင်ယူ၍ တတိယအဆင့်သို့ တက်ရောက်

**ကင်ဘာရာ ဇန်နဝါရီ ၂၀**

ဩစတြေးလျနိုင်ငံတွင် ကျင်းပနေသည့် ဩစတြေးလျအိုးပင်း တင်းနစ်ပြိုင်ပွဲ ဒုတိယအဆင့်ပွဲစဉ်တစ်ပွဲအဖြစ် ကမ္ဘာ့အဆင့် (၂) တင်းနစ်မယ် အွန်ဂျပ်ဘာနှင့် ချက်တင်းနစ်မယ် ဗွန်ဒရောက်ဆိုဗာတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ဗွန်ဒရောက်ဆိုဗာက (၆-၁၊ ၅-၇၊ ၆-၁) ရလဒ်ဖြင့် အနိုင်ရရှိကာ တတိယအဆင့်သို့ တက်ရောက်ခဲ့ကြောင်း 9News သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

တူနီးရှား တင်းနစ်မယ် အွန်ဂျပ်ဘာသည် နိုင်ခြေအဆင့် (၂) အဖြစ် သတ်မှတ်ခံထားရသူဖြစ်သလို ဗိုလ်စွဲရန်ရေပန်းစားနေသော ကစားသမားစာရင်းတွင် ပါဝင်နေသော်လည်း ဗွန်ဒရောက်ဆိုဗာနှင့် ယှဉ်ပြိုင်ကစားခဲ့သော ပွဲစဉ်တွင် Unforced errors အကြိမ် ၅၀ ထိ ကျူးလွန်ခဲ့ပြီး ၎င်း၏ပေါ့ဆမှုများကြောင့် ရှုံးနိမ့်ရခြင်းဖြစ်သည်။

အွန်ဂျပ်ဘာသည် ပထမပွဲငယ်တွင် ပြတ်သားသည့်ရလဒ်ဖြင့် ရှုံးနိမ့်ခဲ့သော်လည်း ဒုတိယပွဲငယ်တွင် ပြန်လည်အနိုင်ရခဲ့ပြီး တတိယပွဲငယ်တွင် မမှားသင့်သည့် အမှားများကို ကျူးလွန်ခဲ့သည့်အတွက် ပြတ်သားသည့်ရလဒ်များဖြင့် ရှုံးနိမ့်ခဲ့ရသည်။



ဗွန်ဒရောက်ဆိုဗာအနေဖြင့် မွန်းလွဲ ၁ နာရီအချိန်တွင် ပွဲကစားစေခဲ့ခြင်းနှင့်ပတ်သက်၍ "မွန်းလွဲ ၁ နာရီအချိန်မှာ ကစားရတာ ကိုယ်ခန္ဓာအတွက် မကောင်းသလို ကျန်းမာရေးနဲ့လဲ မညီညွတ်ပါဘူး။ ရာသီဥတု ပူပြင်းနေတဲ့အချိန်မှာ ပွဲငယ်သုံးပွဲကစားခဲ့ရတဲ့ အခြေအနေကြောင့် တော်တော်လေးကို ပွဲပန်းခဲ့ရတယ်။ ဂရန်းစလန်းပြိုင်ပွဲဖြစ်တဲ့အတွက်ကြောင့် တစ်ချက်လေးတောင် အမှားမခံပါဘူး။ အပူဒဏ်ကြောင့် အမှားကင်းအောင် ကစားနိုင်ဖို့လဲ မလွယ်ကူပါဘူး။ ကျွန်မအနေနဲ့ကတော့ ပြိုင်ပွဲကို အပူချိန်မြင့်မားတဲ့အချိန်မှာ ယှဉ်ပြိုင်ကစားစေတာက သိပ်ကောင်းတဲ့ အစီအစဉ်တော့ မဟုတ်ဘူးလို့ထင်ပါတယ်"ဟု ပြောကြားခဲ့သည်။ AZL

# (၃၂) ကြိမ်မြောက်အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် မြန်မာနိုင်ငံက အားကစားနည်းအမျိုး ၂၀ ဖြင့် ဝင်ရောက်ယှဉ်ပြိုင်မည်




**နေပြည်တော် ဇန်နဝါရီ ၂၀**

ကမ္ဘောဒီးယားနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် (၃၂) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲကို မြန်မာနိုင်ငံမှ အားကစားနည်းအမျိုး ၂၀ ဖြင့် ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ပြီး သက်ဆိုင်ရာ အားကစားအဖွဲ့များအနေဖြင့် ပြိုင်ပွဲဝင်အားကစားသမားစာရင်းကို ဇန်နဝါရီ ၂၇ ရက်နောက်ဆုံးထားပြီး အမည်စာရင်းပေးသွင်းရမည်ဟု ယနေ့ပြုလုပ်ခဲ့သည့် သက်ဆိုင်ရာ အားကစားအဖွဲ့ချုပ်မှ တာဝန်ရှိသူများနှင့်တွေ့ဆုံပွဲတွင် အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးထွန်းမြင့်ဦးက ပြောကြားခဲ့ကြောင်း သိရသည်။

(၃၂) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ကြမည့် အားကစားအဖွဲ့ချုပ်များမှ တာဝန်ရှိသူများနှင့် တွေ့ဆုံပွဲအခမ်းအနားကို ယနေ့မွန်းလွဲပိုင်းက နေပြည်တော် အားကစား လေ့ကျင့်ရေးစခန်းတွင်ကျင်းပခဲ့ရာ အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးထွန်းမြင့်ဦး၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်ဦး၊ ညွှန်ကြားရေးမှူးချုပ်များနှင့် သက်ဆိုင်ရာ အားကစားအဖွဲ့ချုပ်များမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

ဦးစွာ ညွှန်ကြားရေးမှူးချုပ်က အမှာစကားပြောကြားခဲ့ပြီးနောက် သက်ဆိုင်ရာ အားကစားအဖွဲ့ချုပ်များမှတာဝန်ရှိသူများက အားကစားနည်းအလိုက် လက်ရှိ လေ့ကျင့်ဆောင်ရွက်နေမှုများ၊ လေ့ကျင့်ရေးအသုံးအဆောင်ပစ္စည်းများဝယ်ယူမှုအခြေအနေ၊ စခန်းသွင်းလေ့ကျင့်နေသည့် ကစားသမားများ၏ စွမ်းဆောင်ရည်များကို အသီးသီး တင်ပြဆွေးနွေးခဲ့ပြီးနောက် ညွှန်ကြားရေးမှူးချုပ်က လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး အခမ်းအနားကို ရုပ်သိမ်းခဲ့သည်။

(၃၂) ကြိမ်မြောက်အရှေ့တောင်အာရှအားကစားပြိုင်ပွဲကို ကမ္ဘောဒီးယားနိုင်ငံတွင် မေ ၅ ရက်မှ ၁၇ ရက်ထိ ကျင်းပသွားမည်ဖြစ်ပြီး မြန်မာနိုင်ငံမှ ဝင်ရောက်ယှဉ်ပြိုင်မည့်အားကစားနည်းအလိုက် စခန်းသွင်းလေ့ကျင့်မှုများကို ၂၀၂၂ခုနှစ် ဇွန်လမှစတင်ခဲ့ပြီး လက်ရှိအချိန်တွင် ပြည်တွင်းအပြင် ပြည်ပလေ့ကျင့်မှုများအဖြစ် အားကစားနည်းအများစုကို တရုတ်နိုင်ငံတွင် သွားရောက် လေ့ကျင့်လျက်ရှိနေကြောင်း သိရသည်။

STA

# The American Express ပြိုင်ပွဲ အမှတ်ပေးဇယားကို တွမ်ဆင် ဦးဆောင်

**ဝါရှင်တန် ဇန်နဝါရီ ၂၀**

အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားပြည်နယ်တွင် ကျင်းပနေသည့် The American Express ဂေါက်သီးရိုက်ပြိုင်ပွဲ ပထမနေ့အပြီးတွင် အမေရိကန်ဂေါက်သီးရိုက်ကစားသမား တွမ်ဆင်က သတ်မှတ်ရိုက်ချက်ထက် ၁၀ ချက်လျှော့ရိုက်ကာ အမှတ်ပေးဇယားကို ဦးဆောင်နေကြောင်း PGA က ယနေ့တွင် ဖော်ပြခဲ့သည်။

အမေရိကန် ဂေါက်သီးရိုက်ကစားသမားများ ဖြစ်ကြသည့် ဒွန်ဂန်၊ မောင့်ဂိုမာရီ၊ စပိန်ဂေါက်သီးရိုက်ကစားသမားဂျွန်ရမ်းနှင့် ဂျာမနီဂေါက်သီးရိုက် ကစားသမားရှမစ်ဒ်တို့က သတ်မှတ်ရိုက်ချက်ထက် ရှစ်ချက်စီလျှော့ရိုက်ကာ အမှတ်ပေးဇယား၏ ဒုတိယနေရာတွင် ပူးတွဲရပ်တည်လျက်ရှိသည်။

အသက် ၂၃ နှစ်ရှိ တွမ်ဆင်အနေဖြင့် ပထမနေ့တွင် အကောင်းဆုံးလက်စွမ်းပြနိုင်ခဲ့ပြီး ဝါရင့်ကစားသမားများကို ကျော်ဖြတ်ကာ အမှတ်ပေးဇယားထိပ်တွင် ရပ်တည်နိုင်ခဲ့ခြင်းဖြစ်ပြီး ၎င်းအနေဖြင့် အတွေ့အကြုံနည်းသည့် ပြိုင်ပွဲဝင်တစ်ဦးဖြစ်သော်လည်း အကောင်းဆုံးလက်စွမ်းပြနိုင်ခဲ့ပြီး ပထမကိုးကျင်းတွင် ရိုက်ချက်ပိုကောင်းခဲ့ပြီး The American Express ဂေါက်သီးရိုက်ပြိုင်ပွဲ သက်တမ်းတစ်လျှောက် ပထမကိုးကျင်းတွင် ရလဒ်အကောင်းဆုံး ရရှိထားသည့် ကစားသမားအဖြစ်လည်း မှတ်တမ်းဝင်ခဲ့သည်။

Srisawasdi ဦးဆောင်သည့်
ကိုယ်စားလှယ်အဖွဲ့ကို
ဂုဏ်ပြုညစာဖြင့်
တည်ခင်းဧည့်ခံစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ၊ ထိုင်းဘုရင့်တပ်မတော်ကာကွယ်ရေးဦးစီးချုပ် General Chalermphon Srisawasdi နှင့် ဇနီး Madame Budsakorn Srisawasdi ဦးဆောင်သည့်ကိုယ်စားလှယ်အဖွဲ့တို့က (၈)ကြိမ်မြောက် မြန်မာ-ထိုင်း တပ်မတော်နှစ်ရပ်အကြား အဆင့်မြင့်အရာရှိကြီးများအစည်းအဝေး အောင်မြင်ခြင်းအထိမ်းအမှတ်အဖြစ် မီးပုံးပျံများကို အတူတကွလွှတ်တင်ကြစဉ်။

**နေပြည်တော် ဇန်နဝါရီ ၂၀**

မြန်မာနိုင်ငံ၌ အိမ်ရှင်အဖြစ် လက်ခံကျင်းပပြုလုပ်ခဲ့သည့် (၈)ကြိမ်မြောက် မြန်မာ-ထိုင်း တပ်မတော်နှစ်ရပ်အကြား အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေး 8th High Level Committee Meeting သို့ တက်ရောက်ခဲ့သည့် ထိုင်းဘုရင့်တပ်မတော်ကာကွယ်ရေးဦးစီးချုပ် General Chalermphon Srisawasdi နှင့် ဇနီး Madame Budsakorn Srisawasdi ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့က ယနေ့ညပိုင်းတွင် ရခိုင်ပြည်နယ် သံတွဲမြို့ ငပလီကမ်းခြေရှိ Jasmine Ngapali Resort ၌ ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံခဲ့သည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဇနီးတို့က ထိုင်းဘုရင့်တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဇနီး ဦးဆောင်သည့်ကိုယ်စားလှယ်အဖွဲ့ကို ရင်းနှီးနွေးထွေးစွာကြိုဆိုနှုတ်ဆက်သည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဇနီး၊ ထိုင်းဘုရင့်တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဇနီးတို့သည် (၈)ကြိမ်မြောက် မြန်မာ-ထိုင်းတပ်မတော် နှစ်ရပ်အကြား အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေး အောင်မြင်ခြင်းအထိမ်းအမှတ်အဖြစ် မီးပုံးပျံများကို တက်ရောက်လာကြသည့် နှစ်ဖက်တပ်မတော်အရာရှိကြီးများနှင့်အတူ အတူတကွလွှတ်တင်ကြသည်။

၎င်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဇနီး၊ ထိုင်းဘုရင့်တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဇနီးတို့သည် တက်ရောက်လာကြသူများနှင့်အတူ ဂုဏ်ပြုညစာကို အတူတကွသုံးဆောင်ကြသည်။

အဆိုပါဂုဏ်ပြုညစာစားပွဲအခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဇနီး၊ ထိုင်းဘုရင့်တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဇနီးတို့နှင့်အတူ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီးမောင်မောင်အေးနှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး မိုးအောင်နှင့် ဇနီး၊ **စာမျက်နှာ ၁၉ သို့**









နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ၊ ထိုင်းဘုရင့်တပ်မတော်ကာကွယ်ရေးဦးစီးချုပ် General Chalermphon Srisawasdi နှင့် ဇနီး Madame Budsakorn Srisawasdi တို့ အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ကြစဉ်။



နိုင်ငံတော်
စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ
တပ်မတော်
ကာကွယ်ရေးဦးစီးချုပ်
ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်
နှင့် ဇနီး ဒေါ်ကြူကြူလှတို့က
ထိုင်းဘုရင့်တပ်မတော်
ကာကွယ်ရေးဦးစီးချုပ်
General Chalermphon
Srisawasdi နှင့် ဇနီး
Madame Budsakorn
Srisawasdi ဦးဆောင်သည့်
ကိုယ်စားလှယ်အဖွဲ့ကို
ဂုဏ်ပြုညစာဖြင့်
တည်ခင်းဧည့်ခံစဉ်။





ပြည်သူ့ဆက်ဆံရေးနှင့်စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက်ရှိ မြဝတီတေးဂီတအဖွဲ့မှ တေးသံရှင်များ၊ အနုပညာဦးစီးဌာနနှင့် မြန်မာ့အသံနှင့်ရုပ်မြင်သံကြားတို့မှ အနုပညာရှင်များ၊ ပြင်ပအနုပညာရှင်များနှင့် ပြည်နယ်ယဉ်ကျေးမှုအဖွဲ့မှ အနုပညာရှင်များက တေးသံသာများဖြင့် သီဆိုတီးမှုတ်ကပြဖျော်ဖြေကြစဉ်။






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ၊ ထိုင်းဘုရင့်တပ်မတော်ကာကွယ်ရေးဦးစီးချုပ် General Chalermphon Srisawasdi နှင့် ဇနီး Madame Budsakorn Srisawasdi တို့ အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ကြစဉ်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ၊ ထိုင်းဘုရင့်တပ်မတော်ကာကွယ်ရေးဦးစီးချုပ် General Chalermphon Srisawasdi နှင့် ဇနီး Madame Budsakorn Srisawasdi တို့က သီဆိုကပြဖျော်ဖြေခဲ့ကြသည့် အနုပညာရှင်များကို ဂုဏ်ပြုပန်းခြင်းနှင့် ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်စဉ်။

**စာမျက်နှာ ၁၈ မှအဆက်**

ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီးထွန်းအောင်နှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများနှင့်ဇနီးများ၊ ထိုင်းဘုရင့်တပ်မတော်မှ အရာရှိကြီးများနှင့်ဇနီးများ၊ နှစ်နိုင်ငံစစ်သံမှူးများနှင့် ဇနီးများ၊ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ညစာမသုံးဆောင်မီနှင့် သုံးဆောင်နေစဉ်အတွင်း ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက် မြဝတီတေးဂီတအဖွဲ့မှ တေးသံရှင်များ၊ အနုပညာဦးစီးဌာနနှင့် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားတို့မှ အနုပညာရှင်များ၊ ပြင်ပအနုပညာရှင်များနှင့် ပြည်နယ်ယဉ်ကျေးမှုအဖွဲ့မှ အနုပညာရှင်များက တေးသံသာများဖြင့် သီဆိုတီးမှုတ်ကပြဖျော်ဖြေကြသည်။

ဖျော်ဖြေမှုများအပြီးတွင် (၈)ကြိမ်မြောက် မြန်မာ-ထိုင်း တပ်မတော်နှစ်ရပ်အကြား အဆင့်မြင့်အရာရှိကြီးများအစည်းအဝေး အောင်မြင်ခြင်းအထိမ်းအမှတ်အဖြစ် မီးရှူးမီးပန်းများကို ဂုဏ်ပြုပစ်ဖောက်သည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်ဇနီး၊ ထိုင်းဘုရင့်တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဇနီးတို့သည် အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဇနီး၊ ထိုင်းဘုရင့်တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဇနီးတို့သည် သီဆိုကပြဖျော်ဖြေခဲ့ကြသည့် အနုပညာရှင်များကို ဂုဏ်ပြုပန်းခြင်းနှင့် ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်ခဲ့ပြီး အမှတ်တရစုပေါင်းဓာတ်ပုံရိုက်ခဲ့ကြကြောင်း သတင်းရရှိသည်။

## မော်တော်ယာဉ်ဖောင်းကြွနံပါတ်ပြား အသစ်များပြောင်းလဲတပ်ဆင်ရန် အများပြည်သူသို့ အသိပေးနှိုးဆော်

➤ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနသည် မော်တော်ယာဉ်ဖောင်းကြွနံပါတ်ပြားတွင် မြို့နယ်ကိုယ်စားပြု ဂဏန်းဖော်ပြချက်နှင့် မော်တော်ယာဉ်အမျိုးအမည်ဖော်ပြချက်တို့ကို ထပ်တိုးထည့်သွင်းရိုက်နှိပ်လျက် မော်တော်ယာဉ်ဖောင်းကြွနံပါတ်ပြားပုံစံအသစ်ကို ၂၀၂၁ ခုနှစ် ဇူလိုင် ၁ ရက်နေ့မှစတင်၍ မှတ်ပုံတင်မော်တော်ယာဉ်များတွင် ပြောင်းလဲတပ်ဆင်ဆောင်ရွက်ပေးလျက်ရှိပါသည်။

➤ လက်ရှိတွင် ကနဦးမှတ်ပုံတင်ယာဉ်များ၊ နယ်ဝင်၊ အမည်ပြောင်း၊ လိပ်စာပြောင်း၊ အင်ဂျင်ပြောင်း၊ ဆေးရောင်ပြောင်း၊ မော်တော်ယာဉ်မှတ်ပုံတင်စာအုပ်ပျောက်၊ မော်တော်ယာဉ်မှတ်ပုံတင်သက်သေခံလက်မှတ်ပျောက်ယာဉ်များနှင့် နှစ်လဲသက်တမ်းတိုးမော်တော်ယာဉ်များအားလုံးကို ဖောင်းကြွနံပါတ်ပြားအသစ်များ မပျက်မကွက်ပြောင်းလဲတပ်ဆင်ပေးလျက်ရှိပါသည်။

➤ မော်တော်ယာဉ်များအားလုံး ဖောင်းကြွနံပါတ်ပြားပုံစံအသစ် ပြောင်းလဲတပ်ဆင်ခြင်းကို အချိန်တိုအတွင်း မြန်ဆန်စွာရာနှုန်းပြည့်ပြီးစီးစေရေးအတွက် နိုင်ငံပိုင်ဌာနဆိုင်ရာယာဉ်များ၊ အဝေးပြေးခရီးသည်တင်ယာဉ်များ၊ မြို့တွင်းခရီးသည်တင်ယာဉ်လိုင်းများ၊ တက္ကစီယာဉ်များ၊ ကုန်တင်ယာဉ်များအားလုံးသည် ၂၀၂၃ ခုနှစ် မတ် ၃၁ ရက်နေ့အပြီး သက်ဆိုင်ရာကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနရုံးများနှင့်ဆက်သွယ်၍ ဖောင်းကြွနံပါတ်ပြားအသစ်များ ပြောင်းလဲတပ်ဆင်ကြရန်ဖြစ်ပါသည်။

➤ ထို့ပြင် ပုဂ္ဂလိကမော်တော်ယာဉ်ပိုင်ရှင်များအနေဖြင့် နှစ်လဲသက်တမ်းတိုးချိန်တွင်ဖြစ်စေ၊ သက်တမ်းတိုးချိန်မတိုင်မီဖြစ်စေ သက်ဆိုင်ရာကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနရုံးများနှင့်ဆက်သွယ်၍ ဖောင်းကြွနံပါတ်ပြားအသစ်များ အမြန်ပြောင်းလဲတပ်ဆင်ကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

**ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန**

# ကွတ်ခိုင်မြို့ရှိ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များကို တွေ့ဆုံ၊ ထောက်ပံ့ပစ္စည်းများ ပေးအပ်



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးအောင်အောင် ကွတ်ခိုင်မြို့ရှိ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များအတွက် စားသောက်ဖွယ်ရာများနှင့် လူသုံးကုန်ပစ္စည်းများ ထောက်ပံ့ပေးအပ်စဉ်။


**နေပြည်တော် ဇန်နဝါရီ ၃၀**

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကွတ်ခိုင်မြို့နယ်အတွင်း လုံခြုံရေးဆောင်ရွက်နေသော မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များကို ယနေ့ နေ့လယ်ပိုင်းတွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးအောင်အောင်၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်နိုင်နိုင်ဦးနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ကွတ်ခိုင်မြို့ရှိ ခရိုင်ရဲတပ်ဖွဲ့မှူးရုံး၌ သွားရောက်တွေ့ဆုံသည်။

တွေ့ဆုံရာတွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးအောင်အောင်က မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များအတွက် စားသောက်ဖွယ်ရာများနှင့် လူသုံးကုန်ပစ္စည်းများ ထောက်ပံ့ပေးအပ်ရာ ခရိုင်ရဲတပ်ဖွဲ့မှူးက လက်ခံရယူသည်။

ထို့နောက် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးအောင်အောင်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များ၏ တင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးပြီး ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ကြကြောင်း သတင်းရရှိသည်။

➤ ➤ ➤





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ကျော်ထွန်းက သံတွဲလေဆိပ်သမိုင်းအကျဉ်းနှင့် လေယာဉ်ကွင်းဆိုင်ရာအချက်အလက်များနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြစဉ်။

☆ **ကျောဖုံးမှအဆက်**

ဝင်ရောက်လျက်ရှိမှု၊ ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးလုပ်ငန်းများကို ထုတ်ပြန်ထားသည့်စည်းမျဉ်း စည်းကမ်းများအတိုင်း စနစ်တကျလိုက်နာဆောင်ရွက်ရေးကြပ်မတ်ဆောင်ရွက်လျက်ရှိမှု၊ အပန်းဖြေကမ်းခြေခရီးစဉ်ဒေသများတိုးမြှင့်ဖော်ဆောင်လျက်ရှိမှု၊ ဟိုတယ်ဝန်ဆောင်မှုသင်တန်းများဖွင့်လှစ်လျက်ရှိမှု၊ ခရီးသွားလုပ်ငန်းများပိုမိုတိုးတက်စေရေး ဆောင်ရွက်လျက်ရှိမှု၊ ခရီးစဉ်ဒေသဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့များ ဖွဲ့စည်းထားရှိမှု၊ Guest List Management System ဆောင်ရွက်လျက်ရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် မြန်မာနိုင်ငံဟိုတယ်ဆိုင်ရာလုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဦးအောင်မျိုးမင်းဒင်၊ ဟိုတယ်လုပ်ငန်းရှင်များအသင်း(ရခိုင်ဇုန်)ဥက္ကဋ္ဌ Bay View Hotel ပိုင်ရှင် ဦးသန်းဦးနှင့် ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းရှင်များနှင့် ဒေသခံများက လေကြောင်းလိုင်းပြေးဆွဲမှုများ နည်းပါးသွားသည့်အတွက် ခရီးသွားဝင်ရောက်မှုများ နည်းပါးလျက်ရှိမှု၊ သံတွဲလေဆိပ်ကို အပြည်ပြည်ဆိုင်ရာလေဆိပ်အဖြစ် တိုးချဲ့တည်ဆောက်နိုင်မည်ဆိုပါက ပြည်တွင်းပြည်ပခရီးသွားများ ပိုမိုဝင်ရောက်လာနိုင်မှု၊ ရန်ကုန်-ငပလီသွားတားလမ်းကို အဆင့်မြှင့်တင်ဆောင်ရွက်ပေးရန်လိုအပ်မှု၊ လျှပ်စစ်ဓာတ်အားလိုအပ်မှု၊ ငပလီဟိုတယ်ဇုန်သန့်ရှင်းသာယာလှပရေးအတွက် ဝိုင်းဝန်းဆောင်ရွက်လျက်ရှိမှု၊ ရေလုပ်ငန်းနှင့်ခရီးသွားလုပ်ငန်းတစ်ပြိုင်တည်း ဖွံ့ဖြိုးတိုးတက်စေရေး ရေလုပ်ငန်းဇုန်တစ်ခုကန့်သတ်၍ ဖွင့်လှစ်ပေးရန်လိုအပ်လျက်ရှိမှု၊ ကမ်းခြေသဘာဝ အလှအပများပျက်စီးမှုများမဖြစ်ပေါ်စေရေးအတွက် သဲထုတ်လုပ်မှုများကို ထိန်းသိမ်းကြပ်မတ်ပေးရန်နှင့် နေရာသတ်မှတ်ပေးရန်လိုအပ်မှုအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

**တင်ပြချက်များအပေါ်**
**ဖြည့်စွက်ဆွေးနွေးပြောကြား**

တင်ပြမှုများနှင့်စပ်လျဉ်း၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ခရီးသွားလုပ်ငန်းများဆောင်ရွက်နေသည့် ဝန်ထမ်းများအားလုံး ကိုဗစ်-၁၉ ကာကွယ်ဆေးများ စနစ်တကျထိုးနှံထားရှိရန်လိုအပ်ကြောင်း၊ ခရီးသွားလုပ်ငန်းများကို သတ်မှတ်စည်းမျဉ်းစည်းကမ်းများနှင့်အညီ ဆောင်ရွက်ရန်လိုအပ်ကြောင်း၊ လေကြောင်းလိုင်းများ အမြဲမပြတ်ပြေးဆွဲစေရေးအတွက် ခရီးသွားလုပ်ငန်းဆောင်ရွက်နေသူများနှင့်လေကြောင်းလိုင်းလုပ်ငန်းများဆောင်ရွက်နေသူများ ညှိနှိုင်းဆောင်ရွက်ရန်လိုအပ်ကြောင်း၊ ငပလီလေဆိပ်ကို အပြည်ပြည်ဆိုင်ရာလေဆိပ်အဖြစ် အဆင့်မြှင့်တင်နိုင်မည်ဆိုပါက ခရီးသွားလုပ်ငန်းအတွက် ပိုမိုအထောက်အကူပြုနိုင်သဖြင့် လေဆိပ်ကို အဆင့်မြှင့်တင်နိုင်ရေး နိုင်ငံတော်က စီမံဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ငပလီဒေသအတွက်လိုအပ်သည့် လျှပ်စစ်ဓာတ်အားရရှိရေး သူငွေးရေအားလျှပ်စစ်စီမံကိန်းကို ယခင်ကတည်းက အကောင်အထည်ဖော်နိုင်ရေး ဆောင်ရွက်ခဲ့သော်လည်း အကြောင်းအမျိုးမျိုးကြောင့် နှောင့်နှေးမှုများဖြစ်ပေါ်ခဲ့သဖြင့် ယခုအခါ အဆိုပါစီမံကိန်းကို အကောင်အထည်ဖော်နိုင်ရေး စီမံဆောင်ရွက်လျက်ရှိကြောင်း၊ လက်တလော လျှပ်စစ်မီးလိုအပ်ချက်ကို နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အားထုတ်လုပ်သုံးစွဲခြင်းဖြင့် အထောက်အကူပြုနိုင်ကြောင်း၊ အလားတူ စပါးခွံသုံး Gastifier စနစ်ဖြင့် လျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်း၊ လေအားစွမ်းအင်သုံး လျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်းများကိုလည်း ဆောင်ရွက်နိုင်ကြောင်း၊ ရေလုပ်ငန်းနှင့်ပတ်သက်၍ စနစ်တကျဖြင့်ဆောင်ရွက်ကြရန်လိုအပ်ကြောင်း၊ ခရီးသွားလုပ်ငန်းသည် တည်းခိုရေးတစ်ခုတည်းသာမကဘဲ များစွာကျယ်ပြန့်ကြောင်း၊ ထို့ကြောင့် အခြားကဏ္ဍများဖြင့်လည်း ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးဆောင်ရွက်ခြင်းဖြင့် တိုးတက်အောင်ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် သံတွဲမြို့ရှိ အောင်စစ်သည်အပန်းဖြေစခန်း(လင်းသာ) တည်ဆောက်ထားရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးစဉ်။

**ခရီးသွားလုပ်ငန်းသည် ဒေသရှိ**
**သဘာဝသယံဇာတ အရင်းအနှီးများကို**
**အကျိုးရှိစွာအသုံးချ၍ ဆောင်ရွက်**
**ရသည့်လုပ်ငန်းတစ်ခုဖြစ်**

ဆက်လက်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆွေးနွေးပြောကြားရာတွင် ခရီးသွားလုပ်ငန်းသည် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး (MSME) လုပ်ငန်းများတွင်ပါဝင်ပြီး နိုင်ငံတော်အနေဖြင့် MSME လုပ်ငန်းများကို အားပေးဆောင်ရွက်လျက်ရှိကြောင်း၊ MSME လုပ်ငန်းများတွင် ထုတ်လုပ်မှု၊ ရောင်းဝယ်မှုနှင့်ဝန်ဆောင်မှုဟူ၍ ရှိကြောင်း၊ ခရီးသွားလုပ်ငန်းတွင် ခရီးသွားသူများနှင့်ခရီးသွားဝန်ဆောင်မှုလုပ်ငန်းရှင်များ အချင်းချင်းနှစ်ဦးနှစ်ဖက်နားလည်မှုဖြင့် ပူးပေါင်းဆောင်ရွက်ရန်လိုအပ်ပြီး စနစ်တကျရှိရန်လိုကြောင်း၊ သယ်ယူပို့ဆောင်ရေး၊ချက်ပြုတ်ကျွေးမွေးရေးနှင့် တစ်ဦးချင်းဝန်ဆောင်မှုပေးရသည့် လုပ်ငန်းများ၊ အသုံးအဆောင်ပစ္စည်းများနှင့် လက်ဆောင်ပစ္စည်းများထုတ်လုပ်သည့်လုပ်ငန်းများလည်း ပါဝင်ကြောင်း၊ အလားတူ ပတ်ဝန်းကျင်သန့်ရှင်းသာယာလှပရေးသည်လည်း အရေးကြီးသည့် အချက်တစ်ခုဖြစ်ပြီး ငပလီကမ်းခြေသည် သာယာလှပသည့် ကမ်းခြေတစ်ခုဖြစ်ကာ ပြည်ပခရီးသွားဧည့်သည်များကပင် ချီးကျူးနှစ်သက်ရသည့် ကမ်းခြေတစ်ခုဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတို့၏ရှိပြီးသားဖြစ်သည့် အားသာချက်များကို အသုံးချပြီး ခရီးသွားဧည့်သည်တို့၏ သဘောသဘာဝကိုသိရှိအောင်ဆောင်ရွက်ကာ ဒေသတွင်းသို့ ခရီးသွားများ ပိုမိုဝင်ရောက်စေရေး လုပ်ဆောင်ကြရန်လိုကြောင်း။

လုပ်ငန်းတစ်ခုအောင်မြင်ရေးအတွက် အခြေခံအားဖြင့် လူသားအရင်းအမြစ်များ၊ အရင်းအနှီး၊ ကုန်ကြမ်းနှင့် နည်းပညာများလိုအပ်မည်ဖြစ်ကြောင်း၊ ခရီးသွားလုပ်ငန်းသည် ဒေသရှိ သဘာဝသယံဇာတအရင်းအနှီးများကို အကျိုးရှိစွာအသုံးချ၍ ဆောင်ရွက်ရသည့် လုပ်ငန်းတစ်ခုဖြစ်ကြောင်း၊ ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းများကို အောင်မြင်အောင် ဆောင်ရွက်ရန်အတွက် လူသားအရင်းအမြစ်ကောင်းများကိုလည်း စနစ်တကျမွေးမြူဆောင်ရွက်ရန် အဓိကလိုအပ်ပြီး လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်စေရေးသက်ဆိုင်ရာ ကဏ္ဍအလိုက်လေ့ကျင့်သင်ကြားပေးရန် လိုအပ်မည်ဖြစ်ကြောင်း၊ အရည်အချင်းရှိပြီး ကျွမ်းကျင်သည့်ဝန်ထမ်းများရှိမှသာလျှင် ဝန်ဆောင်မှုလုပ်ငန်း၌ ကောင်းမွန်သည့်ရလဒ်ကို ရရှိနိုင်မည်ဖြစ်ကြောင်း၊ **လူသားအရင်းအမြစ်များဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာရေးကိုမဖြစ်မနေအားပေးဆောင်ရွက်ရမည်ဖြစ်**ကြောင်း၊ ထို့ကြောင့် ပညာရေးကိုအားပေးဆောင်ရွက်ပြီး ဒေသတွင်းပညာတတ်များ ပေါ်ကြွယ်ဝစေရေး ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

**ငပလီလေဆိပ်အား အပြည်ပြည်ဆိုင်ရာလေဆိပ်အဖြစ် အဆင့်မြှင့်တင်နိုင်မည်ဆိုပါက ခရီးသွားလုပ်ငန်းအတွက် ပိုမိုအထောက်အကူပြုနိုင်သဖြင့် လေဆိပ်အား အဆင့်မြှင့်တင်နိုင်ရေး နိုင်ငံတော်မှ စီမံဆောင်ရွက်သွားမည်ဖြစ်၊ ငပလီဒေသအတွက် လိုအပ်သည့်လျှပ်စစ်ဓာတ်အားရရှိရေး သူငွေးရေအားလျှပ်စစ်စီမံကိန်းကို အကောင်အထည်ဖော်နိုင်ရေး စီမံဆောင်ရွက်လျက်ရှိ. . .**

**အိမ်သာသာယာမှသာလျှင် ဧည့်လာမည်**

ဒေသတွင်းရှိ ရှေးဟောင်းအမွေအနှစ်များ၊ ထိန်းသိမ်းစောင့်ရှောက်ရန် လိုအပ်သည့် အဆောက်အအုံများ၊ ဘာသာရေးအဆောက်အအုံများအားလုံး သန့်ရှင်းသာယာလှပစေရေး၊ မိမိတို့နေထိုင်ရာပတ်ဝန်းကျင်နှင့် လမ်းများအားလုံးသန့်ရှင်းသပ်ရပ်မှုရှိစေရေး၊ အမြင်တင့်တယ်မှုရှိစေရေး ဒေသအလိုက်တာဝန်ရှိသူများနှင့်

**စာမျက်နှာ ၂၁ သို့**





**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် လေယာဉ်ပြေးလမ်းတစ်လျှောက် လှည့်လည်ကြည့်ရှုပြီး လေယာဉ်ကွင်းအဆင့်မြှင့်တင်ဆောင်ရွက်နိုင်မည့် အခြေအနေများကို ကြည့်ရှုစဉ်။**

**စာမျက်နှာ ၂၀ မှအဆက်**

ဒေသခံများက ဝိုင်းဝန်းထိန်းသိမ်းဆောင်ရွက်ကြရန်လိုကြောင်း၊ ဒေသသို့လာရောက်လည်ပတ်သူများ စိတ်နှလုံးချမ်းမြေ့ပြီး မျက်စိပသာဒဖြစ်စေရေးအတွက် Green Zone များကိုလည်း ဖန်တီးပေးရန်လိုကြောင်း၊ ထိုသို့ ဆောင်ရွက်ထားရှိခြင်းအားဖြင့် ဒေသတွင်းသို့လာရောက်လည်ပတ်သူများ ဝင်ရောက်မှုပိုမိုများပြားလာပြီး ဒေသတွင်း ငွေကြေးလည်ပတ်မှုအားကောင်းလာမည်ဖြစ်ကာ ဒေသဖွံ့ဖြိုးတိုးတက်မှုကို ဖြစ်ပေါ်စေမည်ဖြစ်ကြောင်း၊ အိမ်သာယာမှ သာလျှင် ဧည့်လာမည်ဖြစ်ကြောင်း။

ဒေသတွင်းတာဝန်ကျသည့် အုပ်ချုပ်ရေးဆိုင်ရာတာဝန်ရှိသူများအနေဖြင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် သာယာလှပရေးတို့အတွက် စည်းကမ်းပိုင်းဆိုင်ရာများကို ဥပဒေနှင့်အညီ တိကျစွာကိုင်တွယ်ဆောင်ရွက်ရန်လိုကြောင်း၊ **ဒေသနှင့် တိုင်းပြည်၏ ရေရှည်အကျိုးကိုကြည့်၍ မိမိ၏တာဝန်များကိုကျေပွန်အောင် တိတိကျကျဖြင့် အမှန်းခံပြောဆိုဆောင်ရွက်သွားကြရန်လို**ကြောင်း၊ **ဥပဒေမဲ့ဆောင်ရွက်နေမှုများကို ပြောဆိုသတိပေးရမည်များကို ဆောင်ရွက်ရန်ပျက်ကွက်ခဲ့ပါက နောင်တစ်ချိန်တွင် ဒေသနှင့် တိုင်းပြည်၏အကျိုးစီးပွားကို ကြီးမားစွာ သက်ရောက်ထိခိုက်စေနိုင်မည်ကို တာဝန်ရှိသည့်အုပ်ချုပ်သူ တာဝန်ရှိသူများအနေဖြင့် သတိပြုဆောင်ရွက်ကြစေလို**ကြောင်း၊ ပေလီဒေသအတွင်းရှိ လမ်းများ စနစ်တကျရှိစေရေး၊ လမ်းပတ်ဝန်းကျင် သန့်ရှင်းသာယာလှပစေရေး၊ လမ်းပခုံးများ ကောင်းမွန်စေရေး၊ လမ်းအင်္ဂါရပ်များနှင့် ညီညွတ်စေရေးနှင့် လမ်းညွှန်ဆိုင်းဘုတ်များ စနစ်တကျရှိစေရေး၊ လမ်းဧရိယာအတွင်း ကျော်လွန်ဝင်ရောက်၍ နေထိုင်ခြင်းနှင့် ဈေးရောင်းချခြင်းများမရှိစေရေး တာဝန်ရှိသူများအနေဖြင့် စနစ်တကျဖြင့်အလေးထားကြပ်မတ်ဆောင်ရွက်ကြရန်လိုကြောင်း။

**ဒေသမှထွက်ရှိသည့် ဒေသထွက် အစားအစာများဖြင့်လည်း ဒေသသို့ လာရောက် လည်ပတ်သူများပြားလာအောင် ဆွဲဆောင်နိုင်**ကြောင်း၊ ဒေသထွက် သားငါးနှင့် သီးနှံများ၏ သန့်ရှင်းလတ်ဆတ်မှု၊ အနံ့အရသာပြည့်စုံမှုတို့ကို ပေးစွမ်းနိုင်ရမည်ဖြစ်ကြောင်း၊ ဟိုတယ်လုပ်ငန်းဝန်ဆောင်မှုများတွင် အသုံးပြုသည့် အသားငါးနှင့် သစ်သီးဝလံများကို ဒေသခံများကို အောင်မြင်အောင် စိုက်ပျိုးစေခြင်းဖြင့် ဒေသခံများ၏ လူမှုစီးပွားဘဝကိုလည်း ဖွံ့ဖြိုးတိုးတက်စေနိုင်မည်ဖြစ်သကဲ့သို့ မိမိတို့၏ဧည့်သည်များကိုလည်း သန့်ရှင်းပြီး လတ်ဆတ်သည့် အစားအစာများဖြင့် ဆွဲဆောင်နိုင်ရမည်ဖြစ်ကြောင်း။

**ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းအောင်မြင်ခြင်းဖြင့် နိုင်ငံတွင်းရှိ ချည်ထည်ပစ္စည်းလုပ်ငန်းများကိုလည်း ဈေးကွက်ရရှိအောင် ဖော်ဆောင်နိုင်မည်ဖြစ်**ကြောင်း၊ ပြည်တွင်းရှိချည်ထည်ဖြင့် ထုတ်လုပ်ထားသော ချည်ထည်ပစ္စည်းများကို အသုံးပြုခြင်းဖြင့် စီးပွားရေးမြှင့်တင်မှုကို အထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း၊ **အစိုးရတစ်ရပ်အနေဖြင့် လိုအပ်သည်များကို မူဝါဒအနေဖြင့် ချမှတ်ပေးသွားမည်ဖြစ်ပြီး လိုအပ်သည့်အခက်အခဲများကို မိမိတို့အနေဖြင့် အတတ်နိုင်ဆုံး ဖြည့်ဆည်းဆောင်ရွက်ပေးသွားမည်ဖြစ်**ကြောင်း၊ ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းရှင်များအနေဖြင့်လည်း မိမိတို့၏ လုပ်ငန်းများကို အောင်မြင်အောင်ကြိုးပမ်းဆောင်ရွက်ခြင်းဖြင့် နိုင်ငံ၏စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို တစ်ဖက်တစ်လမ်းမှ အထောက်အကူဖြစ်အောင် ဆောင်ရွက်ကြစေလိုကြောင်းဖြင့် တိုက်တွန်းဆွေးနွေးပြောကြားသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် တက်ရောက်လာကြသည့် ဟိုတယ်နှင့်ခရီးသွားလာရေး လုပ်ငန်းရှင်များကို ရင်းရင်းနှီးနှီးနှုတ်ဆက်ခဲ့သည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် သံတွဲမြို့ရှိ အောင်စစ်သည်အပန်းဖြေစခန်း (လင်းသာ)တည်ဆောက်ထားရှိမှုအခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ မှာကြားသည်။

ဆက်လက်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် သံတွဲမြို့လေဆိပ်သို့ ရောက်ရှိကြရာ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးက လေဆိပ်သမိုင်းအကျဉ်းနှင့် လေယာဉ်ကွင်းဆိုင်ရာအချက်အလက်များ၊ လေယာဉ်ပြေးလမ်းကို အဆင့်ဆင့်တိုးချဲ့ဆောင်ရွက်ခဲ့မှုအခြေအနေများ၊ လေယာဉ်ပြေးလမ်းနှင့်လေဆိပ်အဆင့်မြှင့်တင်ရေး ဆက်လက်ဆောင်ရွက်သွားမည့်အခြေအနေများကိုရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က သံတွဲလေဆိပ်ကို နိုင်ငံတကာလေဆိပ်အဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်နိုင်မည်ဆိုပါက ဒေသသို့ခရီးသွားများ ပိုမိုဝင်ရောက်လာနိုင်ခြင်း၊ ဒေသထွက်ပစ္စည်းများကို ပြည်တွင်း၊ ပြည်ပသို့ ပိုမိုတင်ပို့နိုင်ခြင်းများကို ဆောင်ရွက်နိုင်သည့်အပြင် ရေထွက်ပစ္စည်းများကိုလည်း ပြည်ပသို့ တိုက်ရိုက်တင်ပို့နိုင်မှုကြောင့် ဒေသဖွံ့ဖြိုးတိုးတက်မှုကို များစွာအထောက်အကူပြုနိုင်သည့်အခြေအနေများကို ပြောကြားပြီး လေယာဉ်ပြေးလမ်းကို အဆင့်အလိုက်တိုးချဲ့ဆောင်ရွက်ရန် လိုအပ်သည်များကို မှာကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် လေယာဉ်ပြေးလမ်းတစ်လျှောက် လှည့်လည်ကြည့်ရှုခဲ့ပြီး လေယာဉ်ကွင်း အဆင့်မြှင့်တင်ဆောင်ရွက်နိုင်မည့်အခြေအနေများကို ကြည့်ရှုခဲ့ကြောင်းနှင့် လိုအပ်သည်များကို လမ်းညွှန်မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

# နည်းပညာတက္ကသိုလ်(မန္တလေး)နှင့် ဆေးဝါးတက္ကသိုလ်(မန္တလေး)တို့၏ ၂၀၂၂-၂၀၂၃ ပညာသင်နှစ် မောင်မယ်သစ်လွင်ကြိုဆိုပွဲ အခမ်းအနားများကျင်းပ

**မန္တလေး ဇန်နဝါရီ ၂၀**

၂၀၂၂-၂၀၂၃ ပညာသင်နှစ် တက္ကသိုလ်များ၏ မောင်မယ်သစ်လွင်ကြိုဆိုပွဲ အခမ်းအနားများကို ယနေ့နံနက်ပိုင်းတွင် နည်းပညာတက္ကသိုလ် (မန္တလေး)၌ လည်းကောင်း၊ မွန်းလွဲပိုင်းတွင် ဆေးဝါးတက္ကသိုလ်(မန္တလေး)၌ လည်းကောင်း ကျင်းပရာ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမောင်ကို၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ပါမောက္ခချုပ်များ၊ ဒုတိယပါမောက္ခချုပ်များ၊ ပါမောက္ခဌာနမှူးများ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြပြီး ကျောင်းသား၊ ကျောင်းသူများက အခမ်းအနားကို တက္ကသိုလ်ဂုဏ်ပြုတေးသီချင်းများဖြင့် သီဆိုဖွင့်လှစ်ခဲ့ကြသည်။

အဆိုပါ အခမ်းအနားများတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်က ကြိုဆိုနှုတ်ခွန်းဆက်စကားများ ပြောကြားသည်။ ယနေ့ပြုလုပ်သည့် မောင်မယ်သစ်လွင်ကြိုဆိုပွဲများတွင် ဘာသာရပ်အလိုက်ကျောင်းသားကျောင်းသူများက တိုင်းရင်းသားရိုးရာအကများ၊ တေးသီချင်းသရုပ်ဖော်အကများဖြင့် ဧည့်ခံဖျော်ဖြေမှုများကို ကြည့်ရှုအားပေးပြီး ကပြဖျော်ဖြေခဲ့ကြသည့် ကျောင်းသား၊ ကျောင်းသူများအတွက် ဂုဏ်ပြုချီးမြှင့်ငွေကျပ် သိန်း ၂၀ စီနှင့် အားကစားပစ္စည်းများကို လည်းကောင်း၊ ထူးချွန်ကျောင်းသား၊ ကျောင်းသူများကို ဂုဏ်ပြုငွေနှင့် ဂုဏ်ပြုမှတ်တမ်းများကို လည်းကောင်း၊ တိုင်းဒေသကြီးဝန်ကြီးချုပ် မိသားစုက ထူးချွန်ကျောင်းသားကျောင်းသူများအား ဂုဏ်ပြုချီးမြှင့်ငွေများကိုလည်း



ကောင်း ပေးအပ်သည်။

အဆိုပါအခမ်းအနားများ၌ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဝန်ကြီးများက ပါမောက္ခချုပ်များ၊ ပါမောက္ခ(ဌာနမှူး)များ၊ သင်ကြားရေး ဆရာ၊ ဆရာမများ၊ ဝန်ထမ်းများနှင့်တွေ့ဆုံပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**မျိုးကျော်**

# ထိုင်းဘုရင့်တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ဇနီး ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ သံတွဲမြို့ရှိ တန်ခိုးကြီးဘုရားများကို သွားရောက်ဖူးမြော်ကြည်ညို၊ အထင်ကရနေရာများသို့ သွားရောက်လေ့လာကြည့်ရှု

**နေပြည်တော် ဇန်နဝါရီ ၂၀**

မြန်မာနိုင်ငံသို့ ရောက်ရှိနေသည့် ထိုင်းဘုရင့်တပ်မတော်ကာကွယ်ရေးဦးစီးချုပ် General Chalermphon Srisawasdi ၏ဇနီး Madame Budsakorn Srisawasdi ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ယနေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ဇနီး ဒေါ်ကြူကြူလှ၊ တပ်မတော်အရာရှိကြီးများ၏ဇနီးတို့နှင့်အတူ လိုက်ပါ၍ ရခိုင်ပြည်နယ် သံတွဲမြို့ရှိ တန်ခိုးကြီးဘုရားများကို သွားရောက်ဖူးမြော်ကြည်ညိုပြီး အထင်ကရနေရာများသို့ သွားရောက်လေ့လာသည်။



ထိုင်းဘုရင့်တပ်မတော်ကာကွယ်ရေးဦးစီးချုပ် General Chalermphon Srisawasdi ၏ဇနီး Madame Budsakorn Srisawasdi ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ ရခိုင်ပြည်နယ် သံတွဲမြို့ရှိ တန်ခိုးကြီး ဘုရားများအား ဖူးမြော်ကြည်ညိုစဉ်။

ဦးစွာ ထိုင်းဘုရင့်တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ဇနီးနှင့်အဖွဲ့သည် နံနက်ပိုင်းတွင် တပ်မတော်အရာရှိကြီးများ၏ ဇနီးများနှင့်အတူ ရွှေအန်တော်စေတီသို့ ရောက်ရှိကြရာ ဂေါပကအဖွဲ့ဝင်များက





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ဇနီး ဒေါ်ကြူကြူလှနှင့် ထိုင်းဘုရင့်တပ်မတော်ကာကွယ်ရေးဦးစီးချုပ် General Chalermphon Srisawasdi ၏ဇနီး Madame Budsakorn Srisawasdi တို့က Amazing Ngapali Resort မှ ဖျော်ဖြေသည့် ရခိုင်ရိုးရာသီချင်းအကအလှများကို ကြည့်ရှုအားပေးစဉ်။

ကြိုဆိုနှုတ်ဆက်ကြသည်။ ထို့နောက် စေတီတော်မြတ်ကိုဆီမီး၊ ပန်း၊ ရေချမ်း၊ သစ်သီးဆွမ်းများ ကပ်လှူပူဇော်ဖူးမြော်ကြည်ညိုကာ စေတီတော်ကြီးအတွက် ဘက်စုံအလှူငွေ ပေးအပ်လှူဒါန်းရာ ဂေါပကအဖွဲ့ဝင်များက လက်ခံရယူကြသည်။ ဆက်လက်၍ ရွှေနံ့တော်စေတီသို့ သွားရောက်ဖူးမြော်ကြည်ညိုကြသည်။

ထို့နောက် မွန်းလွဲပိုင်းတွင် ထိုင်းဘုရင့်တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ဇနီးနှင့်အဖွဲ့သည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ဇနီး၊ တပ်မတော်အရာရှိကြီးများ၏ဇနီးများနှင့်အတူ Amazing Ngapali Resort သို့သွားရောက်ကာ ရခိုင်ရိုးရာရက်ကန်းနှင့် ရိုးရာလက်မှုပစ္စည်းများကို လေ့လာကြည့်ရှုကြပြီး Amazing Ngapali Resort မှ ဖျော်ဖြေသည့် ရခိုင်ရိုးရာသီချင်းအကအလှများကို ကြည့်ရှုအားပေးခဲ့ကြသည်။

ယင်းနောက် ရိုးရာအကအဖွဲ့ကို ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်ကာ အမှတ်တရစုပေါင်းဓာတ်ပုံရိုက်ခဲ့ကြကြောင်း သတင်းရရှိသည်။

➤ ➤ ➤



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ဇနီး ဒေါ်ကြူကြူလှနှင့် ထိုင်းဘုရင့်တပ်မတော်ကာကွယ်ရေးဦးစီးချုပ် General Chalermphon Srisawasdi ၏ဇနီး Madame Budsakorn Srisawasdi တို့က ရခိုင်ရိုးရာ ရက်ကန်းနှင့်ရိုးရာလက်မှုပစ္စည်းများကို လေ့လာကြည့်ရှုစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ဇနီး ဒေါ်ကြူကြူလှနှင့် ထိုင်းဘုရင့်တပ်မတော်ကာကွယ်ရေးဦးစီးချုပ် General Chalermphon Srisawasdi ၏ဇနီး Madame Budsakorn Srisawasdi တို့က ရိုးရာအကအဖွဲ့နှင့်အတူ အမှတ်တရစုပေါင်းဓာတ်ပုံရိုက်စဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ဗဟိုသန်းခေါင်စာရင်းကော်မရှင် ပထမအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြား





ဗဟိုသန်းခေါင်စာရင်းကော်မရှင်နာယက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ဗဟိုသန်းခေါင်စာရင်းကော်မရှင် ပထမအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

**နေပြည်တော် ဇန်နဝါရီ ၂၀**

၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း၊ ဗဟိုသန်းခေါင်စာရင်း ကော်မရှင်၏ ပထမအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ ဗဟိုသန်းခေါင်စာရင်း ကော်မရှင်နာယက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း တက်ရောက်အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ ဗဟိုသန်းခေါင်စာရင်းကော်မရှင်ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်၊ ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်၊ ကော်မရှင်အဖွဲ့ဝင် ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ဗဟိုသန်းခေါင်စာရင်းကော်မရှင်နာယက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းက အမှာစကားပြောကြားရာတွင် **နိုင်ငံတစ်နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုကို လေ့လာကြည့်မည်ဆိုပါက အဆိုပါနိုင်ငံ၏ လူမှုစီးပွားဆိုင်ရာ စာရင်းအင်း အချက်အလက်များကို ဆန်းစစ်ခြင်းဖြင့် သိရှိနိုင်သည့်အတွက် စာရင်းအင်းဆိုင်ရာ ကိန်းဂဏန်းအချက်အလက်များ တိတိကျကျမှန်မှန်ကန်ကန် ရရှိနိုင်ရေးသည် အလွန်အရေးကြီးသည်ကို တွေ့ရှိရ**ကြောင်း၊ စာရင်းအင်းအချက်အလက်များသည် နိုင်ငံတစ်နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်နေမှု အခြေအနေကို ထင်ဟပ်ဖော်ပြနေခြင်းဖြစ်၍ နိုင်ငံ၏ ကြေးမုံပြင်ဟုလည်း တင်စားညွှန်းဆိုလေ့ရှိကြောင်း၊ နိုင်ငံတစ်နိုင်ငံ၏ လူမှုရေး၊ စီးပွားရေး၊ စီမံခန့်ခွဲရေးကိစ္စရပ်များကို ကဏ္ဍအလိုက် အချိုးညီညီဖွံ့ဖြိုးတိုးတက်ရန် မူဝါဒများချမှတ်ခြင်း၊ စီမံကိန်းများ ရေးဆွဲအကောင်အထည်ဖော်ခြင်းစသည့်လုပ်ငန်းများကို ဆောင်ရွက်ရာတွင် အခြေခံအဖြစ် အသုံးပြုရသည့် လူဦးရေဆိုင်ရာ ကိန်းဂဏန်း အချက်အလက်များကို သန်းခေါင်စာရင်းများမှသာ ရရှိနိုင်မှာ ဖြစ်ပါကြောင်း။

**သန်းခေါင်စာရင်း၏ ထူးခြားသည့် ဝိသေသလက္ခဏာတစ်ရပ်အနေဖြင့်အုပ်ချုပ်မှုဧရိယာ အသေးငယ်ဆုံးအဆင့်ထိ အချက်အလက်များကို ပံ့ပိုးပေးနိုင်ခြင်းပင်ဖြစ်**ကြောင်း၊ ကောက်ယူရရှိသည့် အချက်အလက်များသည် အုပ်ချုပ်မှုနယ်ပယ် အဆင့်တိုင်းအတွက် ထိရောက်သည့် ဖွံ့ဖြိုးရေးစီမံကိန်းများရေးဆွဲခြင်း၊ အထောက်အထားများအပေါ် အခြေခံသည့် ဆုံးဖြတ်ချက်များချမှတ်ခြင်း စသည်များကို ဆောင်ရွက်ရာတွင် မရှိမဖြစ်လိုအပ်ကြောင်း၊ သန်းခေါင်စာရင်းကရရှိလာသည့် အချက်အလက်များကို နိုင်ငံတော်၏ သယံဇာတအရင်းအမြစ်များ ခွဲဝေသတ်မှတ်ခြင်း၊ ဘဏ္ဍာငွေခွဲဝေချထားခြင်း၊ နယ်မြေဧရိယာနယ်နိမိတ်များ ပြန်လည်ဆန်းစစ်ခြင်း၊ စာသင်ကျောင်း၊ ဆေးရုံနှင့် ကျန်းမာရေးဌာနများ၊ လမ်း၊ တံတားများ စသည့် အခြေခံအဆောက်အအုံများ တည်ဆောက်ပေးခြင်းနှင့် သုတေသနလုပ်ငန်းများအပါအဝင် လူတစ်ဦးချင်းမှသည် မိသားစုအလိုက်၊ ရပ်ကွက်နှင့် ကျေးရွာအလိုက်၊ မြို့ပြမှ ပြည်နယ်နှင့် တိုင်းအလိုက် နောက်ဆုံး နိုင်ငံတော်အဆင့်ထိ ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့အစည်းတစ်ခုဖြစ်သည့် UNFPA မှ ချမှတ်ပေးထားသည့် အချက်အလက်အသေးစိတ်များ ရရှိစုဆောင်းနိုင်မည် ဖြစ်သည့်အတွက် နိုင်ငံတော်အတွက် မရှိမဖြစ်များစွာ အသုံးဝင်ကြောင်း။

မြန်မာနိုင်ငံ၏ သန်းခေါင်စာရင်း ကောက်ယူမှု သမိုင်းကြောင်း အခြေအနေကို ပြန်လည်လေ့လာသုံးသပ်ကြည့်မည်ဆိုလျှင် လွတ်လပ်ရေးမရမီကာလ ၁၈၇၂ ခုနှစ်၊ ၁၈၈၁ ခုနှစ်၊ ၁၈၉၁ ခုနှစ်၊ ၁၉၀၁ ခုနှစ်၊ ၁၉၁၁ ခုနှစ်၊ ၁၉၂၁ ခုနှစ်၊ ၁၉၃၁ ခုနှစ်နှင့် ၁၉၄၁ ခုနှစ်တို့တွင် ရှစ်ကြိမ် ကောက်ယူခဲ့သည်ကို တွေ့ရကြောင်း၊ သန်းခေါင်စာရင်း အချက်အလက်များကို ယနေ့ထိ အသုံးပြုနေရဆဲဖြစ်ကြောင်း၊ ယနေ့ မိမိတို့နိုင်ငံအပေါ် မလိုလားသည့် ပြည်ပနိုင်ငံတချို့၏ စွပ်စွဲထိုးနှက်နေသည့် ရိုဟင်ဂျာကိစ္စနှင့်ပတ်သက်၍ မြန်မာနိုင်ငံတွင် ရိုဟင်ဂျာလူမျိုး လုံးဝမရှိခဲ့ကြောင်းကို ဗြိတိသျှကိုလိုနီလက်အောက် ၁၈၈၁ ခုနှစ် ကောက်ယူခဲ့သည့် သန်းခေါင်စာရင်း အစီရင်ခံစာပါ လူမျိုးစာရင်းများအရ အခိုင်အမာ သက်သေပြနိုင်ခဲ့ကြောင်း၊ လွတ်လပ်ရေးရပြီးနောက် ၁၉၅၃ ခုနှစ် မတ်လတွင် မြို့နယ်ပေါင်း ၂၅၂ မြို့နယ်နှင့် ချင်းပြည်နယ်ကိုလည်းကောင်း၊ ၁၉၅၄ ခုနှစ်တွင် မြန်မာပြည် ပြည်မကျေးရွာအုပ်စု ၂၁၄၃ ခုနှင့် ကချင်ပြည်နယ်ရှိ ကျေးရွာအုပ်စု ၁၀၁၆ ခုတွင်လည်းကောင်း၊ လူဦးရေသန်းခေါင်စာရင်း ကောက်ယူခဲ့ကြောင်း မှတ်တမ်းများအရ သိရသည်။ တစ်နိုင်ငံလုံး အတိုင်းအတာနှင့် ကောက်ယူနိုင်ခဲ့သည့် ၁၉၇၃ ခုနှစ်တွင် တစ်ကြိမ်၊ ၁၉၈၃ ခုနှစ်တွင် တစ်ကြိမ်၊ ၂၀၁၄ ခုနှစ်တွင် တစ်ကြိမ် စုစုပေါင်း သုံးကြိမ် ကောက်ယူနိုင်ခဲ့ကြောင်း၊ ၁၉၈၃ ခုနှစ် သန်းခေါင်စာရင်းကောက်ယူပြီးနောက်ပိုင်း အကြောင်းအမျိုးမျိုးကြောင့် နှစ်ပေါင်း ၃၀ ကြာ သန်းခေါင်စာရင်းကောက်ယူနိုင်ခြင်း မရှိခဲ့သည့် ၁၉၈၃ ခုနှစ် စာရင်းပေါ်တွင် အခြေခံပြီး လူဦးရေအပါအဝင် လူမှုစီးပွားဆိုင်ရာ အချက်အလက်များရရှိမှုနှင့် အသုံးပြုမှုများကြောင့်လည်း အားနည်းချက်များ အနည်းနှင့်အများ ဖြစ်ခဲ့သည်ကို အားလုံးအသိပင်ဖြစ်ကြောင်း။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် အစိုးရလက်ထက် ၂၀၁၄ ခုနှစ် ရောက်မှသာ လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကို တစ်နိုင်ငံလုံး အတိုင်းအတာနှင့် အောင်မြင်စွာကောက်ယူနိုင်ခဲ့ပြီး နိုင်ငံတော်အတွက် လိုအပ်နေသည့် စာရင်းအင်းဆိုင်ရာ အချက်အလက် အတော်များများရရှိခဲ့ကြောင်း၊ ထို့ပြင် နိုင်ငံအတွင်း လူဦးရေဆိုင်ရာ ပြောင်းလဲမှုများ လျင်မြန်စွာဖြစ်ပေါ်နေချိန်တွင် စာရင်းအင်းအချက်အလက် လိုအပ်နေမှုကို အချိန်နှင့်တစ်ပြေးညီ ဖြည့်ဆည်းနိုင်ရန် ကြားဖြတ် လူဦးရေသန်းခေါင်စာရင်းကို ၂၀၁၉ ခုနှစ်တွင် အောင်မြင်စွာ ကောက်ယူနိုင်ခဲ့ကြောင်း၊ လူဦးရေနှင့် လူမှုစီးပွားဆိုင်ရာ အချက်အလက်များစွာကို ပံ့ပိုးပေးနိုင်ခဲ့ပြီး စာရင်းအင်းအချက်အလက်အသုံးပြုမှု ပိုမိုအားကောင်းလာသည်ကို တွေ့ရကြောင်း။

နိုင်ငံတကာနှင့် မြန်မာနိုင်ငံတွင် ဆောင်ရွက်ခဲ့သည့် သန်းခေါင်စာရင်း ကောက်ယူခြင်း အတွေ့အကြုံများအရ လူဦးရေသန်းခေါင်စာရင်း ကောက်ယူခြင်း လုပ်ငန်းသည် လုပ်ငန်းပမာဏ ကြီးမားကျယ်ပြန့်ပြီး ကုန်ကျစရိတ်များပြားခြင်းကြောင့် ကမ္ဘာ့နိုင်ငံအများစုတွင် ၁၀ နှစ်လျှင် တစ်ကြိမ်သာ လူဦးရေသန်းခေါင်စာရင်းများကို ကောက်ယူလေ့ရှိသည်ကို တွေ့ရမည်ဖြစ်ကြောင်း၊ လူဦးရေစာရင်း ကောက်ယူနိုင်သည့် အတွက်လည်း တစ်ကမ္ဘာလုံးနှင့်ယှဉ်ပြီး နိုင်ငံအချို့၏ လူဦးရေစာရင်းအတိအကျ မကောက်ယူနိုင်သော်လည်း ပျမ်းမျှလူဦးရေတိုးပွားနှုန်းနှင့် လျော့ကျမှုနှုန်းကို မူတည်၍ ကမ္ဘာ့လူဦးရေကို နှစ်အလိုက် လိုအပ်သလို ထုတ်ပြန်နိုင်ခြင်းဖြင့် နောက်ဆက်တွဲ နိုင်ငံရေး၊ စီးပွားရေး၊ ကာကွယ်ရေးနှင့် လူမှုရေးဆိုင်ရာ အချက်အလက် ကိန်းဂဏန်းများကို ရရှိစေခဲ့ကြောင်း၊ ထို့ကြောင့် ၁၉၉၉ ခုနှစ်တွင် တစ်ကမ္ဘာလုံး လူဦးရေသည် ခြောက်ဘီလီယံခန့်ရှိရာမှ ၂၀၁၁ ခုနှစ်တွင် ခန့်မှန်း ခုနှစ် ဘီလီယံခန့်၊ ၂၀၂၂-၂၀၂၃ တွင် ရှစ်ဘီလီယံခန့် ရှိမည်ဟု ခန့်မှန်းချက်များ ထွက်ချက်ထွက်ပေါ်လာခဲ့ပြီးဖြစ်ကြောင်း၊ ထို့ကြောင့် သန်းခေါင်စာရင်း ကောက်ယူခြင်း လုပ်ငန်းသည် မဖြစ်မနေဆောင်ရွက်ရန် လိုအပ်သည့်အတွက် မှတ်ပုံတင်စာရင်းအင်း အချက်အလက်များ အပြည့်အစုံရှိသည့် ဖွံ့ဖြိုးပြီးနိုင်ငံများတွင် သန်းခေါင်စာရင်းကို ပုံမှန်ကောက်ယူနေဆဲဖြစ်၍ မြန်မာနိုင်ငံတွင်လည်း ၂၀၁၄ သန်းခေါင်စာရင်းအပြီး ၁၀ နှစ်အကြာ ၂၀၂၄ ခုနှစ်တွင် နောက်တစ်ကြိမ် သန်းခေါင်စာရင်း ကောက်ယူရမည်ဖြစ်ကြောင်း။

၂၀၂၄ ခုနှစ်တွင် ကောက်ယူရန် လျာထားဆောင်ရွက်လျက်ရှိသည့် ပြည်လုံးကျွတ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းကို လုပ်ငန်းအဆင့်တိုင်းတွင် အချိန်နှင့် တစ်ပြေးညီ အောင်မြင်စွာအကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် ၂၀၁၃ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းဥပဒေအရ ဗဟိုသန်းခေါင်စာရင်းကော်မရှင်ကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ၂၀၂၂ ခုနှစ် ဇွန်လ ၂၇ ရက် ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၁၁၅/၂၀၂၂ ဖြင့် ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ကြောင်း၊ အဆိုပါ အမိန့်ကြော်ငြာစာအရ မိမိအနေဖြင့် ဗဟိုသန်းခေါင်စာရင်းကော်မရှင်နာယက အဖြစ် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ယနေ့ကျင်းပသည့် အစည်းအဝေးသည် ဗဟိုသန်းခေါင်စာရင်း ကော်မရှင်အဖွဲ့ဝင်များနှင့် ပထမဆုံး အကြိမ်တွေ့ဆုံသည့် အစည်းအဝေး ဖြစ်ကြောင်း။

အထူးအားဖြင့် စစ်မှန်၍စည်းကမ်း ပြည့်ဝသည့် ပါတီစုံဒီမိုကရေစီ ဖြစ်ပေါ်လာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စု ဖြစ်ပေါ်လာစေရေးအတွက် အခြေခံအကျဆုံးဖြစ်သည့် တိကျမှန်ကန်သည့် လူဦးရေနှင့် လူမှုစီးပွားရေးအခြေအနေများကို အုပ်ချုပ်မှုဒေသ အသေးငယ်ဆုံး အဆင့်ထိရရှိနိုင်ရန် သန်းခေါင်စာရင်းကို မဖြစ်မနေ ကောက်ယူရမည်ဖြစ်ကြောင်း၊ ထို့ပြင် ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ရောဂါ အန္တရာယ်ဆိုးကြီး၏ အကျိုးဆက်များကို ဆန်းစစ်လေ့လာသုံးသပ်ရန်နှင့် ပြန်လည်ကုစားရေးအစီအစဉ်များကို စနစ်တကျ ရေးဆွဲနိုင်ရန် တိကျမှန်ကန်သည့် စာရင်းအင်း အချက်အလက်များလည်း လိုအပ်ကြောင်း၊ ထို့ကြောင့် ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူနိုင်ရန် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီက လမ်းညွှန်ခွင့်ပြုခဲ့ပြီး၍ နိုင်ငံတော်၏ အမျိုးသားရေး တာဝန်တစ်ရပ်အဖြစ် အလေးထား ဆောင်ရွက်သွားကြရမည် ဖြစ်ကြောင်း။

၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူရသည့် ရည်ရွယ်ချက်များ အနေဖြင့် မြန်မာနိုင်ငံ၏ တိကျမှန်ကန်သည့် လူဦးရေနှင့် လူမှုစီးပွားရေးဆိုင်ရာ စာရင်းအင်းအချက်အလက်များကို အချိန်နှင့်တစ်ပြေးညီ စဉ်ဆက်မပြတ်ရရှိရန်၊ ၂၀၁၄ ခုနှစ်နှင့် ၂၀၂၄ ခုနှစ်ကြား မြန်မာနိုင်ငံ၏ လူဦးရေနှင့် လူမှုစီးပွားရေးဆိုင်ရာ ပြောင်းလဲမှုများကို နှိုင်းယှဉ်လေ့လာ သုတေသနပြုလုပ်ပြီး လိုအပ်သည့် မူဝါဒများ၊ မဟာဗျူဟာနှင့် နည်းဗျူဟာများကို ချမှတ်နိုင်ရန်၊ ကဏ္ဍအလိုက် ချမှတ်ဆောင်ရွက်မည့် စီမံကိန်းများကို အထောက်အကူပြုနိုင်ရန်၊ မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသည့် ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်းနှင့် အမျိုးသား ဘက်စုံဖွံ့ဖြိုးတိုးတက်မှု စီမံကိန်းတို့ကို အကောင်အထည်ဖော်ရာတွင် လိုအပ်သည့် အညွှန်းကိန်းများကို နောက်ဆုံးအခြေအနေနှင့်အညီ ပံ့ပိုးပေးနိုင်ရန်နှင့် အမျိုးသားစာရင်းအင်းစနစ်၏ စာရင်းအင်း ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး **စာမျက်နှာ ၂၄ သို့**

# ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်း ရန်ကုန်မြို့ရှိ ဌာနများ၏ လုပ်ငန်းဆောင်ရွက်မှု ကြည့်ရှုစစ်ဆေး



**နေပြည်တော် ဇန်နဝါရီ ၂၀**

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်းသည် ယနေ့တွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ်ရှိ မြန်မာ့စာတိုက်လုပ်ငန်း၏ စာရွေးစာပို့စခန်း(ရန်ကုန်)၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၏ Call Center၊ မင်္ဂလာဒုံမြို့နယ်ရှိ လေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနရုံးချုပ်နှင့် မြန်မာအမျိုးသားလေကြောင်းရုံးချုပ်တို့ကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးသည် မရမ်းကုန်းမြို့နယ် ၈ မိုင်လမ်းဆုံရှိ မြန်မာ့စာတိုက်လုပ်ငန်း စာရွေးစာပို့စခန်း(ရန်ကုန်)သို့ရောက်ရှိပြီး မြန်မာ့စာတိုက်လုပ်ငန်းမှ အထွေထွေမန်နေဂျာက လုပ်ငန်းဆောင်ရွက်မှုကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ မှာကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် အဆောက်အအုံသစ်၌ လုပ်ငန်းဆောင်ရွက်နေကြသည့် စာရွေးစာပို့လုပ်ငန်းစဉ်များကို ကြည့်ရှုအားပေးပြီး ဝန်ထမ်းများအား စားသောက်ဖွယ်ရာ လက်ဆောင်ပစ္စည်းများ ပေးအပ်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၏ Call Center အဆောက်အအုံသို့ ရောက်ရှိပြီး ပြည်ထောင်စုဝန်ကြီးက ဌာနဝန်ထမ်းများအနေဖြင့် သုံးစွဲသူများ၏ လိုအပ်ချက်အခက်အခဲများကို သိရှိရမည်ဖြစ်ပြီး နွေးထွေးပျူငှာစွာဖြင့် ပြည်သူလူထုနှင့် Public Relation ကောင်းမွန်စေရေး၊ အသုံးပြုနေသည့် စက်ပစ္စည်းEquipment များကို ပုံမှန်စစ်ဆေး၍ လိုအပ်သည့် အရန်ပစ္စည်းများ အဆင်သင့်ရှိနေရေး၊ အဆောက်အအုံ၊ ဝန်ထမ်းနှင့် စာရွက်စာတမ်းများလုံခြုံရေးကို အလေးအနက်ထားရေး၊ ဝန်ထမ်းများ လုပ်ငန်းကျွမ်းကျင်မှု တိုးတက်အောင် လေ့ကျင့်ပေးရေး၊ ယနေ့ကာလတွင် မိုဘိုင်းတယ်လီဖုန်းစနစ်ကို တွင်ကျယ်စွာ အသုံးပြုလျက်ရှိကြပြီဖြစ်သော်လည်း အော်တိုတယ်လီဖုန်းစနစ် ကောင်းမွန်စွာ အသုံးပြုနိုင်ရေးအတွက်လည်း ဝန်ဆောင်မှုကောင်းများပေးရေး တို့ကိုမှာကြားကာ Call Center ခန်းများ၌ ဝန်ထမ်းများ တာဝန်ထမ်းဆောင်နေမှု၊ ဌာန၏ ဆက်သွယ်ရေးဆက်ကြောင်းများ စောင့်ကြည့်ထိန်းသိမ်းနေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ဝန်ထမ်းများအား စားသောက်ဖွယ်ရာ လက်ဆောင်ပစ္စည်းများ ပေးအပ်သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် မင်္ဂလာဒုံမြို့နယ်ရှိ လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန(ရုံးချုပ်)သို့ရောက်ရှိပြီး အစည်းအဝေးခန်းမတွင် ပြည်ထောင်စုဝန်ကြီးက ဝန်ထမ်းများနှင့် တွေ့ဆုံအမှာစကားပြောကြားသည်။

ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်ရှိ မြန်မာအမျိုးသားလေကြောင်း ရုံးချုပ်သို့ရောက်ရှိပြီး အစည်းအဝေးခန်းမတွင် Board of Directors (BOD) အဖွဲ့ဝင်များက လုပ်ငန်းများဆောင်ရွက်နေမှုကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက ဝင်ငွေတိုးတက်ရရှိစေရေး ပြည်တွင်း ပြည်ပခရီးစဉ်များ တိုးချဲ့ပျံသန်းခြင်း၊ လေယာဉ်မြေပြင် ဝန်ဆောင်မှုလုပ်ငန်းနှင့် ATR လေယာဉ်အကြီးစား ပြင်ဆင်ရေး အလုပ်ရုံလုပ်ငန်းအတွက် ဈေးကွက်ရှာဖွေဆောင်ရွက်ခြင်း၊ အခြားလေကြောင်းလိုင်းနှင့်ဆက်စပ်သည့် စီးပွားရေးလုပ်ငန်းများ ရှာဖွေဆောင်ရွက်ခြင်း စသည့်လုပ်ငန်းများကို အောင်မြင်အောင် အတတ်နိုင်ဆုံး ကြိုးပမ်းဆောင်ရွက်ကြရန် လိုကြောင်း၊ ထို့ပြင် လေကြောင်းလိုင်းအသုံးစရိတ်များကို စိစစ်၍လျှော့ချပြီး ဝင်ငွေတိုးတက်ရရှိအောင် စဉ်ဆက်မပြတ် သုံးသပ်ဆောင်ရွက်သွားကြရန်လိုကြောင်းတို့ကို မှာကြားပြီး ဝန်ထမ်းများကို အမှတ်တရလက်ဆောင်ပစ္စည်းများပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

---

**စာမျက်နှာ ၂၃ မှအဆက်**

အမျိုးသားအဆင့် မဟာဗျူဟာကို အထောက်အပံ့ပြုနိုင်ရန်ဖြစ်ကြောင်း။

သန်းခေါင်စာရင်းက ရရှိလာသည့် အချက်အလက်များသည် နိုင်ငံတော်အစိုးရ၊ ဝန်ကြီးဌာနများအားလုံး၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များ၊ ပြည်သူပြည်သားအားလုံးနှင့် သက်ဆိုင်ကြောင်း၊ **သန်းခေါင်စာရင်းကသာလျှင် နိုင်ငံအတွင်း နေထိုင်သူများ၏ လူတစ်ဦးချင်းစီမှ အဖွဲ့အစည်းအုပ်စုလိုက်၊ တစ်နိုင်ငံလုံးအတိုင်းအတာအရ နိုင်ငံရေး၊ စီးပွားရေး၊ ကာကွယ်ရေး၊ လူမှုရေးနှင့် စီမံခန့်ခွဲရေးများအပါအဝင် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းစောင့်ရှောက်ရေး၊ သဘာဝဘေးအန္တရာယ် ကျရောက်သူများ ကယ်ဆယ်ရေး စသည့်အခြားသောဘက်စုံကဏ္ဍများအတွက်ပါ လိုအပ်သည့် အချက်အလက်များရရှိစေမည်ဖြစ်**ကြောင်း၊ ထို့ကြောင့် သန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်း အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနက အဓိကဆောင်ရွက်ရမည်ဖြစ်ပြီး ဆက်စပ်ပတ်သက်သည့် ဌာနဆိုင်ရာအဖွဲ့အစည်းများနှင့် နိုင်ငံသူ၊ နိုင်ငံသားအားလုံးအနေဖြင့်လည်း ဝိုင်းဝန်းကူညီ ဆောင်ရွက်ပေးကြစေလိုကြောင်း။

သန်းခေါင်စာရင်း ကောက်ယူရေးလုပ်ငန်းစဉ်များကို အဆင့်ဆင့်အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် သက်ဆိုင်ရာဝန်ကြီးဌာနတစ်ခုတည်းက ဆောင်ရွက်ခြင်းမျိုးမဟုတ်ဘဲ ဆက်စပ်ဝန်ကြီးဌာနများနှင့် မြေပြင်တွင် ပူးပေါင်းဆောင်ရွက်ရမည့်လုပ်ငန်းများ များပြားသည့်အတွက် ဗဟိုသန်းခေါင်စာရင်း ကော်မရှင်အောက်တွင် လုပ်ငန်းများ အချိန်နှင့်တစ်ပြေးညီပြီးစီးအောင် တိုက်ရိုက်ညွှန်ကြား ကွပ်ကဲနိုင်မည့် ဗဟိုသန်းခေါင်စာရင်းကော်မတီကို ဖွဲ့စည်းရန် လိုအပ်ကြောင်း၊ ထို့ပြင် တိုင်းဒေသကြီး(သို့မဟုတ်) ပြည်နယ်၊ ပြည်ထောင်စုနယ်မြေ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း (သို့မဟုတ်) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ခရိုင်၊ မြို့နယ်၊ ရပ်ကွက် (သို့မဟုတ်) ကျေးရွာအုပ်စုအဆင့်ထိ သန်းခေါင်စာရင်း ကော်မတီများကိုလည်း ဆက်လက်ဖွဲ့စည်းပေးရန် လိုအပ်ကြောင်း၊ ထို့ကြောင့် ယခုအစည်းအဝေးတွင် ဗဟိုသန်းခေါင်စာရင်းကော်မတီ ဖွဲ့စည်းနိုင်ရေးနှင့် လုပ်ငန်းတာဝန်များ သတ်မှတ်နိုင်ရေး၊ သန်းခေါင်စာရင်းကော်မတီ အဆင့်ဆင့်ဖွဲ့စည်းနိုင်ရေး ဝိုင်းဝန်းဆွေးနွေးကြရန်ဖြစ်ကြောင်း။

**၂၀၂၄ ခုနှစ်တွင် ကောက်ယူမည့် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူရာတွင် နိုင်ငံတကာစံချိန်စံညွှန်းနှင့်အညီ ဆောင်ရွက်နိုင်ရေးကို အလေးထားဆောင်ရွက်ကြရမည်ဖြစ်**ကြောင်း၊ အလားတူ တစ်နိုင်ငံလုံးနှင့်သက်ဆိုင်သည့် အမျိုးသားရေးတာဝန်တစ်ရပ်ဖြစ်ခြင်းကြောင့် သက်ဆိုင်ရာဝန်ကြီးဌာနများအနေဖြင့် နည်းပညာအပါအဝင် ရှိနှင့်ပြီးဖြစ်သည့် ရင်းမြစ်များကိုမျှဝေသုံးစွဲကြရန်နှင့် ဝိုင်းဝန်းကူညီပံ့ပိုးကြရန် အလေးအနက်မှာကြားလိုကြောင်း၊ **သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းသည် အချိန်နှင့်ငွေကြေးများစွာ ရင်းနှီးမြှုပ်နှံရသည့်အပြင် သန်းခေါင်စာရင်းရလဒ်များသည် နိုင်ငံအဆင့်အရေးကြီးပြီး အသုံးဝင်သည့် အချက်အလက်များဖြစ်သည့်အတွက် သန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်းစဉ်ကို နိုင်ငံတော်၏ အမျိုးသားရေး တာဝန်တစ်ရပ်အဖြစ်ခံယူကာ အောင်မြင်အောင် ဆောင်ရွက်သွားကြရမည်ဖြစ်**ကြောင်း ပြောကြားသည်။

ထို့နောက် ဗဟိုသန်းခေါင်စာရင်း ကော်မရှင်ဥက္ကဋ္ဌ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်က ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရေး အစီအမံများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဗဟိုသန်းခေါင်စာရင်း ကော်မရှင် အတွင်းရေးမှူး(၁) လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဌေးလှိုင်က ဗဟိုသန်းခေါင်စာရင်းကော်မတီနှင့် ကော်မတီအဆင့်အဆင့် ဖွဲ့စည်းနိုင်ရေးနှင့် လုပ်ငန်းတာဝန်များ သတ်မှတ်နိုင်ရေးတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် ဗဟိုသန်းခေါင်စာရင်း ကော်မရှင်ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်၊ ကော်မရှင်အဖွဲ့ဝင် ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများက ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းအောင်မြင်စွာ ကောက်ယူရေးဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးတင်ပြကြသည်။

ယင်းနောက် ပြည်သူ့အင်အားဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ယဉ်ဦးက အစည်းအဝေးဆုံးဖြတ်ချက်များကိုဖတ်ကြားတင်ပြပြီး အတည်ပြုချက်ရယူသည်။

ယင်းနောက် ဗဟိုသန်းခေါင်စာရင်း ကော်မရှင်နာယက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က တင်ပြချက်များနှင့်ပတ်သက်၍ လိုအပ်သည်များ ဆွေးနွေးမှာကြားကာ နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

---

# မုံရွာမြို့နယ်ရှိ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း အလုံတပ်မြို့၏ ၂၀၂၂-၂၀၂၃ ပညာသင်နှစ် ပညာရည်ချွန်ဆုပေးပွဲနှင့် ပညာရေးစုံညီပွဲတော်ပြုလုပ်



**အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သန်းထိုက် ထူးချွန်ဆုရကျောင်းသားတစ်ဦးကို ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်စဉ်။**

**နေပြည်တော် ဇန်နဝါရီ ၂၀**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ်ရှိ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း အလုံတပ်မြို့၏ ၂၀၂၂-၂၀၂၃ ပညာသင်နှစ် ပညာရည်ချွန်ဆုပေးပွဲနှင့် ပညာရေးစုံညီပွဲတော်ကို ယနေ့နံနက်ပိုင်းတွင် အဆိုပါကျောင်းခန်းမ၌ပြုလုပ်ရာ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သန်းထိုက်နှင့် တာဝန်ရှိသူများ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများနှင့်ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက အဖွင့်အမှာစကား ပြောကြားသည်။ ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးရရှိအောင် ပညာသင်ကြားပေးသည့် ဆရာ၊ ဆရာမများ၊ အတန်းလိုက် ထူးချွန်ဆုနှင့် ပြိုင်ပွဲများတွင် ဆုရရှိကြသည့် ကျောင်းသား၊ ကျောင်းသူများအား ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုဆုငွေများ အသီးသီးပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် ကျောင်းသား၊ ကျောင်းသူများက တိုင်းရင်းသားရိုးရာအက၊ မြန်မာ့ရိုးရာယဉ်ကျေးမှုအကများဖြင့် သီဆိုကပြဖျော်ဖြေမှုကို ကြည့်ရှုအားပေးခဲ့ကြကြောင်း သတင်းရရှိသည်။

➤ ➤ ➤

## သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန သက်မွေးပညာနှင့်လေ့ကျင့်ရေးဦးစီးဌာန အစိုးရနည်းပညာအထက်တန်းကျောင်း(မော်လမြိုင်) သုံးထပ်ကျောင်းဆောင်သစ်ဖွင့်လှစ်




မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်လင်းထွန်း၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြတ်သက်ဦးနှင့် တာဝန်ရှိသူများက ကျောင်းဆောင်သစ်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးစဉ်။

**နေပြည်တော် ဇန်နဝါရီ ၂၀**

သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာန အစိုးရ နည်းပညာအထက်တန်းကျောင်း (မော်လမြိုင်) သုံးထပ်ကျောင်းဆောင်သစ် ဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင်ပြုလုပ်ရာ မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်လင်းထွန်း၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြတ်သက်ဦးနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ နည်းပညာအထက်တန်း ကျောင်း ကျောင်းအုပ်ကြီးနှင့် ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက အစိုးရနည်းပညာ အထက်တန်းကျောင်း(မော်လမြိုင်)သုံးထပ် ကျောင်းဆောင်သစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ် ပေးပြီး ကမ္ပည်းမော်ကွန်းအား အမွှေးနံ့သာ ရည်များ ပက်ဖျန်းပေးကြသည်။ ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က အဖွင့်အမှာစကား ပြောကြားပြီး တာဝန်ရှိသူတစ်ဦးက ကျောင်းဆောင်သစ်နှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

၎င်းနောက် ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက ကျောင်းသား၊ ကျောင်းသူများ၏ တေးသရုပ်ဖော်အကအလှများဖြင့် ဖျော်ဖြေမှုကို ကြည့်ရှုအားပေးကြပြီး ပြည်နယ် ဝန်ကြီးချုပ်က အားကစားပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

## တပ်မတော်ဆေးရုံများ၌ တက်ရောက်ဆေးကုသမှုခံယူနေသူများကို ကြည့်ရှုအားပေး

**နေပြည်တော် ဇန်နဝါရီ ၂၀**

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကွတ်ခိုင်မြို့ရှိ နယ်မြေခံ တပ်မတော်ဆေးရုံ၌ တက်ရောက် ဆေးကုသမှုခံယူလျက်ရှိသော အရာရှိ၊ စစ်သည်၊ မိသားစုဝင်များနှင့် ဒေသခံ တိုင်းရင်းသားပြည်သူများကို ယနေ့ နေ့လယ်ပိုင်းတွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး အောင်အောင်၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်နိုင်နိုင်ဦးနှင့် အဖွဲ့ဝင်များက သွားရောက်ကြည့်ရှုပြီး တစ်ဦးချင်း၏ ရောဂါဖြစ်ပွားမှု၊ ဆေးဝါး ကုသပေးထားမှုနှင့် ကျန်းမာရေးတိုးတက် ကောင်းမွန်မှုအခြေအနေများကို မေးမြန်း အားပေးစကားပြောကြားကာ အာဟာရ ဖြည့် စားသောက်ဖွယ်ရာများနှင့် ချီးမြှင့်ငွေများ ပေးအပ်သည်။

အလားတူ ကချင်ပြည်နယ် မြစ်ကြီးနားမြို့ရှိ တပ်မတော်ဆေးရုံ၊ မွန်ပြည်နယ် မော်လမြိုင်မြို့ရှိ တပ်မတော်ဆေးရုံ၊ ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်ရှိ တပ်မတော် အရိုးရောဂါအထူးကုဆေးရုံကြီး(ခုတင်-၅၀၀)နှင့် တပ်မတော်ဆေးရုံကြီး (ခုတင်-၁၀၀၀)၊ ဧရာဝတီတိုင်းဒေသကြီး



ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ညွန့်ဝင်းဆွေ ဆေးရုံတက်ရောက်ကုသမှုခံယူနေသူတစ်ဦးကို အားပေးစကားပြောကြားစဉ်။

ပုသိမ်မြို့ရှိ နယ်မြေခံဆေးတပ်ရင်းနှင့် ပဲခူး တိုင်းဒေသကြီး တောင်ငူမြို့ရှိ တပ်မတော် ဆေးရုံတို့၌ တက်ရောက်ကုသမှုခံယူလျက် ရှိသော အရာရှိ၊ စစ်သည်၊ မိသားစု ဝင်များနှင့် ဒေသခံပြည်သူများကို ယနေ့ တွင် သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ် အသီးသီးမှ တိုင်းမှူးများ၊ ဒုတိယတိုင်းမှူး များနှင့် တာဝန်ရှိသူများက သွားရောက် ကြည့်ရှု၍ တစ်ဦးချင်း၏ ရောဂါဖြစ်ပွားမှု၊ ဆေးကုသပေးထားမှုနှင့် ကျန်းမာရေး တိုးတက်မှုအခြေအနေများကို ရင်းရင်းနှီးနှီး မေးမြန်း အားပေးစကားပြောကြားပြီး ဆေးရုံတက်လူနာများအား အာဟာရဖြည့် စားသောက်ဖွယ်ရာများနှင့် ထောက်ပံ့ငွေ များ ပေးအပ်သည်။

ထို့နောက် တိုင်းမှူးများ၊ ဒုတိယတိုင်းမှူး များနှင့်အဖွဲ့ဝင်များသည် ဆေးရုံများ အတွင်း လှည့်လည်ကြည့်ရှုပြီး လိုအပ်သည် များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြကြောင်း သတင်းရရှိသည်။

## ဇန်နဝါရီ ၂၀ ရက် ထုတ်ပြန်ချက်တွင် ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ခြောက်ဦးတွေ့ရှိ

**နေပြည်တော် ဇန်နဝါရီ ၂၀**

ဇန်နဝါရီ ၁၉ ရက် ည ၈ နာရီမှ ယနေ့ည ၈ နာရီအတွင်း ဓာတ်ခွဲနမူနာ စုစုပေါင်း ၃၄၂၁ ခုကို စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် ခြောက်ဦးတွေ့ရှိခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာနမှ သတင်း ရရှိသည်။ **(သတင်းစဉ်)**

**ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမှုအခြေအနေ**

| | |
|---|---|
| ရောဂါပိုးတွေ့ရှိသူ စုစုပေါင်း | ၆၃၃၇၉၁ ဦး |
| သေဆုံးသူ | ၁၉၄၉၀ ဦး |
| ဆေးရုံဆင်းခွင့်ရရှိသူ | ၆၁၄၂၃၂ ဦး |

## အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်ရှိ တပ်မတော်သားမိသားစုဝင် မွေးကင်းစမှ တစ်နှစ်ခြောက်လထိ ကလေးငယ်များကို ပုံမှန်ကာကွယ်ဆေး ထိုးနှံတိုက်ကျွေး



အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကိုကိုဦး ကလေးငယ်များအား ပုံမှန်ကာကွယ်ဆေး ထိုးနှံတိုက်ကျွေးနေမှုကို ကြည့်ရှုအားပေးစဉ်။

**နေပြည်တော် ဇန်နဝါရီ ၂၀**

အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ကွပ်ကဲမှုအောက် တပ်ရင်း၊ တပ်ဖွဲ့များမှ တပ်မတော်သားမိသားစုဝင် မွေးကင်းစမှ တစ်နှစ်ခြောက်လထိ ကလေးငယ်များအား ပုံမှန်ကာကွယ်ဆေး ထိုးနှံတိုက်ကျွေးခြင်းကို ယနေ့နံနက်ပိုင်းတွင် တိုင်းစစ်ဌာနချုပ် အားကစားခန်းမ၌ပြုလုပ်ရာ နယ်မြေခံ ဆေးတပ်ရင်းမှ ပါရဂူများ၊ ဆေးမှူးများနှင့် သူနာပြုများက တပ်ရင်း၊ တပ်ဖွဲ့များရှိ ကလေးငယ် ၁၅၃ ဦးတို့ကို ဆုံဆို့၊ ကြက်ညှာ၊ မေးခိုင်၊ အသည်းရောင်အသားဝါ(ဘီ)၊ (BCG)၊ ဝက်သက်၊ ဂျိုက်သိုး၊ ဦးနှောက် အမြှေးရောင်ငါးမျိုးစပ် ကာကွယ်ဆေး၊ ပြင်းထန်အဆုတ်ရောင် ကာကွယ်ဆေးနှင့် ပိုလီယိုကာကွယ်ဆေးများကို ထိုးနှံ တိုက်ကျွေးကြသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို တိုင်းမှူး ဗိုလ်ချုပ်ကိုကိုဦးနှင့် တာဝန်ရှိသူ များက ကြည့်ရှုအားပေးပြီး ကလေးငယ်များ အတွက် အာဟာရဖြည့်စားသောက်ဖွယ်ရာ များ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

## လင်းခေးမြို့နယ်နှင့် မော်လမြိုင်ကျွန်း မြို့နယ်တို့ရှိ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များကို တွေ့ဆုံ



အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကြည်ခိုင် ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များကို စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်စဉ်။

**နေပြည်တော် ဇန်နဝါရီ ၂၀**

ရှမ်းပြည်နယ်(တောင်ပိုင်း) လင်းခေး မြို့ရှိ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များကို ယနေ့နံနက်ပိုင်းတွင် အရှေ့အလယ်ပိုင်း တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် မျိုးမင်းထွန်းက နယ်မြေခံတပ်ရင်းခန်းမ၌ သွားရောက်တွေ့ဆုံသည်။

တွေ့ဆုံရာတွင် တိုင်းမှူးက အမှာစကား ပြောကြားပြီး စစ်မှုထမ်းဟောင်းအဖွဲ့ဝင် များ၏ တင်ပြချက်များအပေါ် လိုအပ် သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။ ထို့နောက် စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ အတွက် ဆန်နှင့် စားသောက်ဖွယ်ရာများ ပေးအပ်သည်။

အလားတူ ယနေ့ နေ့လယ်ပိုင်းတွင် ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်း မြို့နယ်ရှိ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ နှင့် ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များကို အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကြည်ခိုင်က နယ်မြေခံတပ်ရင်း ခန်းမ၌ တွေ့ဆုံအမှာစကားပြောကြား၍ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များ၏ တင်ပြချက်များ အပေါ် လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက် ပေးပြီး စားသောက်ဖွယ်ရာများ ထောက်ပံ့ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

# အကြမ်းဖက်သမားများ၏ မိုင်းထောင်ဖောက်ခွဲ၊ မီးရှို့ဖျက်ဆီးမှုများကြောင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနရုံး အဆောက်အအုံ ကိုးလုံး ပျက်စီးဆုံးရှုံးခဲ့ရ

**နေပြည်တော် ဇန်နဝါရီ ၂၀**

CRPH နှင့် NUG အမည်ခံ အကြမ်းဖက်အဖွဲ့များသည် အလုံးစုံပျက်သုဉ်းရေး ဦးတည်ချက်များဖြင့် PDF အမည်ခံအကြမ်းဖက်အဖွဲ့ကို ဖွဲ့စည်း၍ အချို့သောဒေသများတွင် အေးချမ်းစွာ နေထိုင်ကြသော ပြည်သူများကို အကြောင်းပြချက်မျိုးစုံဖြင့် စွပ်စွဲသတ်ဖြတ်ခြင်း၊ နိုင်ငံပိုင်အဆောက်အအုံများ၊ အများပြည်သူနှင့်သက်ဆိုင်သော ဆေးရုံများ၊ ကျောင်းများ၊ နေအိမ်များ၊ ကျေးရွာများ၊ ဈေးများ၊ နိုင်ငံပိုင်ဘဏ်များ၊ ပုဂ္ဂလိကပိုင်ဘဏ်များနှင့် ဌာနဆိုင်ရာရုံးများကို မီးရှို့ဖျက်ဆီးခြင်းနှင့် ပစ္စည်းများအား လုယက်ခြင်းစသည့် အဖျက်အမှောင့်လုပ်ရပ်များကို ကျူးလွန်လျက်ရှိသည်။

ထိုသို့ အကြမ်းဖက်လုပ်ရပ်များကို လုပ်ဆောင်လျက်ရှိရာ ဇန်နဝါရီ ၁၉ ရက် ည ၇ နာရီ မိနစ် ၂၀ ခန့်တွင် စစ်ကိုင်းတိုင်းဒေသကြီး မြင်းမူမြို့ အောင်ဇေယျရပ်ကွက်ရှိ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနရုံး အတွင်းသို့ PDF အမည်ခံ အကြမ်းဖက်သမားများက လက်လုပ်မိုင်းဖြင့် ပစ်ပေါက်ဖောက်ခွဲ၍ မီးရှို့ဖျက်ဆီးခဲ့ကြောင်း၊ မီးလောင်မှုကြောင့် ရုံးပင်မအဆောက်အအုံတစ်လုံး မီးလောင်ပျက်စီးဆုံးရှုံးခဲ့ကြောင်း သိရသည်။

ထိုသို့ အကြမ်းဖက်အဖွဲ့များ၏ အကြောင်းမဲ့ မိုင်းထောင်ဖောက်ခွဲခြင်း၊ မီးရှို့ဖျက်ဆီးခြင်းများကြောင့် ၂၀၂၁ ခုနှစ်မှ ၂၀၂၃ ခုနှစ် ယနေ့ထိ တိုင်းဒေသကြီးနှင့် ပြည်နယ်အချို့ရှိ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနရုံး ကိုးရုံးတို့ ပျက်စီးဆုံးရှုံးခဲ့ရမှုကို ဖော်ပြပါအတိုင်း တွေ့ရှိရသည်-

စာမျက်နှာ ၂၇ သို့



မီးလောင်ဗုံးဖြင့် ပစ်ပေါက်မီးရှို့ဖျက်ဆီးခြင်းခံရသည့် ချင်းပြည်နယ်ဦးစီးမှူးရုံး အဆောက်အအုံ၏ မှတ်တမ်းဓာတ်ပုံ။

**လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်ဦးစီးမှူးရုံးများတွင် အကြမ်းဖက်(မီးရှို့ဖျက်ဆီး)ခံရမှု အခြေအနေ**

| စဉ် | ရက်စွဲ | ဒေသရုံး | ဖြစ်စဉ်အကျဉ်း |
|---|---|---|---|
| ၁ | ၁၄-၁၀-၂၀၂၁ | ပြည်နယ်ဦးစီးမှူးရုံး၊ ချင်းပြည်နယ် | ၁၄-၁၀-၂၀၂၁ ရက်နေ့၊ ည (၁၀) နာရီ မိနစ် (၃၀) အချိန်ခန့်တွင် CDF အကြမ်းဖက် သမားများမှ မီးလောင်ဗုံးဖြင့် ပစ်ပေါက်ပြီး မီးရှို့ဖျက်ဆီးခြင်း ဖြစ်စဉ်ဖြစ်ပွားခဲ့ပါသည်။ |
| ၂ | ၂၃-၁၁-၂၀၂၁ | ကန်ပက်လက် မြို့နယ်ဦးစီးမှူးရုံး၊ ချင်းပြည်နယ် | ၂၃-၁၁-၂၀၂၁ ရက်နေ့၊ ည(၂၁၄၅)အချိန်ခန့်တွင် PDF အင်အား (၃၀၀) ခန့်မှ မီးရှို့ဖျက်ဆီးခဲ့ရာ အလျား (၄၀)ပေ၊ အနံ (၃၀)ပေ၊ အမြင့် (၁၀) ပေရှိသော သွပ်မိုးအုတ်ညှပ် (၁) ထပ်၊ ဌာနပိုင် အဆောက်အဦအား မီးရှို့ခဲ့သည့် ဖြစ်စဉ်ဖြစ်ပွားခဲ့ပါသည်။ |
| ၃ | ၁၁-၁၀-၂၀၂၂ | တီးတိန်မြို့နယ်ဦးစီးမှူးရုံးနှင့် ဝန်ထမ်းလိုင်းခန်းနေအိမ်၊ ချင်းပြည်နယ် | ၁၁-၁၀-၂၀၂၂ ရက်နေ့၊ ည(၂၁၃၀)အချိန်ခန့်တွင် တီးတိန်မြို့နယ်ဦးစီးမှူးရုံးနှင့် ဝန်ထမ်းလိုင်းခန်း နေအိမ်(၁)လုံး အား CDF အကြမ်းဖက်သမားများမှ မီးရှို့ဖျက်ဆီးမှုဖြစ်စဉ် ဖြစ်ပွားခဲ့ပြီး (၅၀x၂၅x၂၅) ကွန်ကရစ်သွပ်မိုးအုပ်ကာ(၁)ထပ်၊ တီးတိန်မြို့နယ် ဦးစီးမှူးရုံး (၃၀x၁၅x၁၅) ပျဉ်ထောင်ပျဉ်ခင်းသွပ်မိုး နှစ်ခန်းတွဲ (၁)ထပ်ဝန်ထမ်းလိုင်းခန်း နေအိမ် (၁)လုံးအား မီးရှို့ဖျက်ဆီးခဲ့သည့် ဖြစ်စဉ်ဖြစ်ပွားခဲ့ပါသည်။ |
| ၄ | ၂၃-၁၀-၂၀၂၂ | ဒီပဲယင်းမြို့နယ်ဦးစီးမှူးရုံး၊ စစ်ကိုင်းတိုင်းဒေသကြီး | ၂၃-၁၀-၂၀၂၂ ရက်နေ့၊ (၀၄၃၀)အချိန်ခန့်တွင် PDF အကြမ်းဖက်သမားများမှ ဒီပဲယင်းမြို့နယ် ဦးစီးမှူးရုံးအား မီးရှို့ဖျက်ဆီးမှုဖြစ်စဉ် ဖြစ်ပွားခဲ့ရာ (၁၀၂ x ၆၂ x ၁၄) ကွန်ကရစ်သွပ်မိုး၊ အုတ်ကာ (၁)ထပ် မြို့နယ်ဦးစီးမှူးရုံး အဆောက်အဦအား မီးရှို့ဖျက်ဆီးခဲ့သည့် ဖြစ်စဉ်ဖြစ်ပွားခဲ့ပါသည်။ |
| ၅ | ၅-၁၂-၂၀၂၂ | မြောင်မြို့နယ် ဦးစီးမှူးရုံး၊ စစ်ကိုင်းတိုင်းဒေသကြီး | ၅-၁၂-၂၀၂၂ ရက်နေ့၊ နေ့လည် (၁၃၀၀)အချိန်တွင် စစ်ကိုင်းတိုင်းဒေသကြီး၊ မြောင်မြို့နယ်ဦးစီးမှူးရုံးအား PDF အကြမ်းဖက်သမား (၂၀)ဦးခန့်မှ မီးရှို့ဖျက်ဆီးခဲ့သည့် ဖြစ်စဉ်ဖြစ်ပွားခဲ့ပါသည်။ |
| ၆ | ၃-၁-၂၀၂၃ | မြိုင်မြို့နယ်ဦးစီးမှူးရုံး၊ မကွေးတိုင်းဒေသကြီး | ၃-၁-၂၀၂၃ ရက်နေ့ (၂၁၃၀)အချိန်ခန့်တွင် မကွေးတိုင်းဒေသကြီး၊ မြိုင်မြို့နယ်ဦးစီးမှူးရုံးအတွင်းသို့ အကြမ်းဖက်သမား(၃)ဦးမှ ရုံးခြံစည်းရိုးအားကျော်၍ ဝင်ရောက်ပြီး မီးရှို့ဖျက်ဆီးခဲ့သည့်ဖြစ်စဉ်ဖြစ်ပွားခဲ့ပါသည်။ |
| ၇ | ၆-၁-၂၀၂၃ | ဆားလင်းကြီး မြို့နယ်ဦးစီးမှူးရုံး၊ စစ်ကိုင်းတိုင်းဒေသကြီး | ၆-၁-၂၀၂၃ ရက်နေ့ (၂၀၁၅) အချိန်တွင် PDF အကြမ်းဖက်အဖွဲ့ ခန့်မှန်း(၂၀)ဦးခန့်မှ ဆားလင်းကြီးမြို့နယ်ဦးစီးမှူးရုံးအား မီးရှို့ ဖျက်ဆီးခဲ့ပါသည်။ |
| ၈ | ၁၂-၁-၂၀၂၃ | ရေစကြိုမြို့နယ် ဦးစီးမှူးရုံး၊ မကွေးတိုင်းဒေသကြီး | ၁၂-၁-၂၀၂၃ ရက်နေ့ (၀၁၂၀) အချိန်တွင် PDF အကြမ်းဖက်အဖွဲ့ ခန့်မှန်း(၂၀)ဦးခန့်မှ ရေစကြိုမြို့နယ်ဦးစီးမှူးရုံးအား မီးရှို့ဖျက်ဆီးခဲ့ပါသည်။ |
| ၉ | ၁၉-၁-၂၀၂၃ | မြင်းမူမြို့နယ်ဦးစီးမှူးရုံး၊ စစ်ကိုင်းတိုင်းဒေသကြီး | ၁၉-၁-၂၀၂၃ ရက်နေ့ (၁၉၃၀) အချိန်တွင် PDF အကြမ်းဖက်အဖွဲ့မှ မြင်းမူမြို့နယ်ဦးစီးမှူးရုံးအား မီးရှို့ဖျက်ဆီးခဲ့ ဖြစ်စဉ်ဖြစ်ပွားခဲ့ပါသည်။ |



မီးရှို့ဖျက်ဆီးခြင်းခံထားရသည့် ကန်ပက်လက်မြို့နယ်ဦးစီးမှူးရုံး၏ မှတ်တမ်းဓာတ်ပုံ။



မီးရှို့ဖျက်ဆီးခြင်းခံထားရသည့် တီးတိန်မြို့နယ်ဦးစီးမှူးရုံး အဆောက်အအုံ၏ မှတ်တမ်းဓာတ်ပုံ။



မီးရှို့ဖျက်ဆီးခြင်းခံထားရသည့် မြောင်မြို့နယ် ဦးစီးမှူးရုံး အဆောက်အအုံ၏ မှတ်တမ်းဓာတ်ပုံ။



မီးရှို့ဖျက်ဆီးခြင်းခံထားရသည့် ဒီပဲယင်းမြို့နယ်ဦးစီးမှူးရုံး အဆောက်အအုံ၏ မှတ်တမ်းဓာတ်ပုံ။

# တိုင်းဒေသကြီးနှင့်ပြည်နယ်များ၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများ ဆက်လက်ထိုးနှံ



မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့နယ်အတွင်းရှိ ကျောင်းသား၊ ကျောင်းသူများကို ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံပေးစဉ်။

**နေပြည်တော် ဇန်နဝါရီ ၂၀**

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆောင်ရွက်ရာတွင် ကာကွယ်ဆေးထိုးနှံခြင်းသည် အဓိကအခန်းကဏ္ဍတွင်ပါဝင်သည့် လုပ်ငန်းတစ်ရပ်ဖြစ်သောကြောင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့၌ ကာကွယ်ဆေးထိုးနှံခြင်းကို အင်တိုက်အားတိုက် ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်တို့၌ ဒေသခံပြည်သူ ၁၆၆၇ ဦးနှင့် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင် ခုနစ်ခုတို့၌ ဒေသခံပြည်သူ ၃၅၄၃၇ ဦးတို့ကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးခြင်းများ ဆောင်ရွက်ပေးသည်။

ထို့အတူ ကျောင်းသား၊ ကျောင်းသူများကိုလည်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများထိုးနှံပေးလျက်ရှိရာ ယနေ့တွင် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်တို့၌ ကျောင်းသား၊ ကျောင်းသူ ၂၄၀၂၇ ဦးနှင့် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင် ခုနစ်ခုတို့၌ ကျောင်းသား၊ ကျောင်းသူ ၇၈၆၉၂ ဦးတို့ကို တပ်မတော်မှဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့်ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးခြင်းများ ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြကြောင်း သတင်းရရှိသည်။

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ မြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## ပြည်သူများကျန်းမာစေဖို့ ဆီစားသုံးမှုလျှော့ချစို့

ဆီကို စားသုံးသင့်သည့်ပမာဏထက် ကျော်လွန်စားသုံးခြင်းနှင့် အရည်အသွေးမပြည့်မီသည့်ဆီများစားသုံးခြင်းတို့ကြောင့်-

- နှလုံးရောဂါ၊ နှလုံးသွေးကြောပိတ်ရောဂါ၊ ဆီးချိုရောဂါ၊ သွေးတိုးရောဂါ၊ အဝလွန်ခြင်း၊ အသည်းအဆီဖုံးခြင်း၊ လေဖြတ်ခြင်း စသည့်ကျန်းမာရေးဆိုင်ရာဆိုးကျိုးများစွာခံစားရစေပါသည်။
- ထိုသို့ ဆိုးကျိုးများစွာခံစားလာရသည်နှင့်အမျှ စီးပွားရေး၊ လူမှုရေးဆိုင်ရာ ထိခိုက်မှုများကိုပါ တွေ့ကြုံစေနိုင်သောကြောင့် ဆီစားသုံးမှုကို လျှော့ချစားသုံးသင့်ပါသည်။

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် ဇန်နဝါရီ ၂၀**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံ အဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များကတစ်ဆင့် နည်းမျိုးစုံဖြင့်ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်မျှဝေခြင်း၊ အားပေးကူညီခြင်းများပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ရေးဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ဖြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သော ပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများကတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ် လိပ်ပြာကန်ရပ်ကွက်နေ ဖြူစင်သန့်သည် ၄င်းအသုံးပြုသည့် “Phyu Sin Thant” Facebook အကောင့်၊ မကွေးတိုင်းဒေသကြီး ချောက်မြို့နယ် အမှတ်(၂)ရပ်ကွက်နေ ညိုထွေးသည် ၄င်းအသုံးပြုသည့် “Nyo Htwe” Facebook အကောင့်၊ မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် အမှတ်(၃)ရပ်ကွက်နေ ခင်မာချို(ခ)မချိုသည် “Ma Cho” Facebook အကောင့်တို့သည် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမှုလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများကို ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများကို ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများ သိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်အပ်ပါသည်။



မီးရှို့ဖျက်ဆီးခြင်း ခံထားရသည့် မြိုင်မြို့နယ်ဦးစီးမှူးရုံး အဆောက်အအုံ၏ မှတ်တမ်းဓာတ်ပုံ။



မီးရှို့ဖျက်ဆီးခြင်း ခံထားရသည့် ဆားလင်းကြီးမြို့နယ်ဦးစီးမှူးရုံး အဆောက်အအုံ၏ မှတ်တမ်းဓာတ်ပုံ။



မီးရှို့ဖျက်ဆီးခြင်း ခံထားရသည့် ရေစကြိုမြို့နယ်ဦးစီးမှူးရုံး အဆောက်အအုံ၏ မှတ်တမ်းဓာတ်ပုံ။



မီးရှို့ဖျက်ဆီးခြင်း ခံထားရသည့် မြင်းမူမြို့နယ်ဦးစီးမှူးရုံး အဆောက်အအုံ၏ မှတ်တမ်းဓာတ်ပုံ။

**စာမျက်နှာ ၂၆ မှအဆက်**

အကြမ်းဖက်အဖွဲ့များ အနေဖြင့် ဌာနဆိုင်ရာရုံးများကို ယခုကဲ့သို့ မိုင်းထောင်ဖောက်ခွဲ၊ မီးရှို့ဖျက်ဆီးခြင်းများ လုပ်ဆောင်နေမှုအပေါ် ပြည်သူလူထု တစ်ရပ်လုံးအနေဖြင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် တည်ငြိမ်အေးချမ်းရေး အတွက် ပူးပေါင်းကာကွယ်သွားကြရန်နှင့် အကြမ်းဖက်သမားများ၏ လှုပ်ရှားမှုသတင်းများကိုရရှိပါက နီးစပ်ရာလုံခြုံရေး တပ်ဖွဲ့ဝင်များထံသို့ လျှို့ဝှက်စွာ ဆက်သွယ်သတင်းပေးပို့၍ အကြမ်းဖက်သမားများ ရပ်တည်မှုမရှိနိုင်သည်ထိ ဝိုင်းဝန်း ပူးပေါင်းဆောင်ရွက်သွားကြပါရန် မေတ္တာရပ်ခံ သတင်းထုတ်ပြန်အပ်ပါသည်။

# နှစ်နိုင်ငံတပ်မတော်နှစ်ရပ်အကြား အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးမှသည် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှု ပိုမိုခိုင်မာရေး

ဘုန်းမောင်ဝင်း(ဗျာပုံ)

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့က မြန်မာနိုင်ငံမှာ အိမ်ရှင်အဖြစ်လက်ခံကျင်းပပြုလုပ်တဲ့ မြန်မာ- ထိုင်း တပ်မတော်နှစ်ရပ်အကြား အဆင့်မြင့်အရာရှိကြီးများအစည်းအဝေး 8 th High Level Committee Meeting သို့တက်ရောက်ရန်ရောက်ရှိနေတဲ့ ထိုင်းဘုရင့်တပ်မတော်ကာကွယ်ရေးဦးစီးချုပ် General Chalermphon Srisawasdi နှင့်ဇနီး ဦးဆောင်တဲ့ကိုယ်စားလှယ်အဖွဲ့ဝင်တွေကို ဇန်နဝါရီ ၁၉ ရက် ညပိုင်းတွင် ရခိုင်ပြည်နယ် သံတွဲမြို့ ငပလီကမ်းခြေ Pristine Mermaid Resort ၌ ညစာစားပွဲဖြင့် ကြိုဆိုဧည့်ခံခဲ့ပါတယ်။




**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ထိုင်းဘုရင့်တပ်မတော်ကာကွယ်ရေးဦးစီးချုပ် General Chalermphon Srisawasdiတို့ (၈)ကြိမ်မြောက် မြန်မာ-ထိုင်း တပ်မတော်နှစ်ရပ်အကြား အဆင့်မြင့်အရာရှိကြီးများအစည်းအဝေး သဘောတူညီချက်များကို အတည်ပြုလက်မှတ်ရေးထိုး လဲလှယ်ကြစဉ်။**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နဲ့ထိုင်းဘုရင့်တပ်မတော်ကာကွယ်ရေးဦးစီးချုပ်တို့ဟာ နှုတ်ခွန်းဆက်စကားတွေအပြန်အလှန်ပြောကြားကြပြီး တက်ရောက်လာကြသူများနဲ့အတူ ညစာကိုအတူတကွ သုံးဆောင်ကြပါတယ်။ ညစာမသုံးဆောင်မီနှင့် သုံးဆောင်နေစဉ်အတွင်းမှာတော့ ပြည်သူ့ဆက်ဆံရေးနှင့်စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက် မြဝတီတေးဂီတအဖွဲ့မှတေးသံရှင်များ၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှအနုပညာရှင်များက တေးသံသာများဖြင့် သီဆိုတီးမှုတ်ကပြဖျော်ဖြေခဲ့ကြပါတယ်။ ညစာစားပွဲအပြီးမှာတော့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်ဇနီး၊ ထိုင်းဘုရင့်တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်ဇနီးတို့က တက်ရောက်လာကြသူများနဲ့အတူ အမှတ်တရစုပေါင်းဓာတ်ပုံရိုက်ခဲ့ကြပါတယ်။

အဆိုပါသတင်းကို မြဝတီရုပ်မြင်သံကြားကနေ ၂၀၂၃ ခုနှစ် ဇန်နဝါရီလ ၁၉ ရက်ည ၈နာရီမှာ သတင်းထုတ်လွှင့်ပေးတာကို စာရေးသူကြည့်လိုက်ရပါတယ်။ ညစာစားပွဲအခမ်းအနားမှာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌတပ်မတော်ကာကွယ်ရေးဦးစီးချုပ်နဲ့ဇနီး၊ ထိုင်းဘုရင့်တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နဲ့ဇနီးတို့အတူ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီးမောင်မောင်အေးနဲ့ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ)ဗိုလ်ချုပ်ကြီးမိုးအောင်နဲ့ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(လေ)ဗိုလ်ချုပ်ကြီးထွန်းအောင်နဲ့ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများနဲ့ဇနီးများ၊ ထိုင်းဘုရင့်တပ်မတော်မှအရာရှိကြီးများနဲ့ ဇနီးများ၊ နှစ်နိုင်ငံစစ်သံမှူးများနဲ့ဇနီးများ၊ တာဝန်ရှိသူများ တက်ရောက်တာတွေ့ရပါတယ်။

စာရေးသူကတော့ အဲဒီသတင်းတစ်ခုလုံးကိုအစအဆုံးကြည့်နေသူမို့ ရင်ထဲမှာတကယ့်ကိုပီတိဖြစ်နေမိပါတယ်။ ညီအစ်ကိုမောင်နှမဆွေမျိုးရင်းချာတွေ ရင်းရင်းနှီးနှီးပြန်လည်တွေ့ဆုံတဲ့အသွင်မျိုး မြင်မိပါတယ်။ မြန်မာနဲ့ထိုင်းတို့ဟာ နိုင်ငံချင်းအမည်ကွဲပြားနေပေမယ့် အသားအရောင်ကတော့ခွဲခြားလို့မရနိုင်အောင်ပါပဲ။ တစ်ဦးကိုတစ်ဦး လေးလေးစားစားနှုတ်ခွန်းဆက်နေပုံတွေ၊ ကြိုဆိုဧည့်ခံမှုတွေဟာတစ်နိုင်ငံအပေါ်တစ်နိုင်ငံက ချစ်ကြည်ရင်းနှီးမှု၊ တန်ဖိုးထားမှုများရှိနေတာကိုထင်ထင်ရှားရှားတွေ့မြင်ရပါတယ်။

မြန်မာနိုင်ငံအနေနဲ့ အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများနဲ့ အမြဲထာဝရချစ်ကြည်ရေးကို အလေးထားလျက်ရှိပါတယ်။ မြန်မာနိုင်ငံကိုသဘာဝကပေးအပ်ထားတဲ့အိမ်နီးချင်းနိုင်ငံတွေရှိပါတယ်။ အဲဒီထဲကရေးသားတင်ပြလိုတဲ့ နိုင်ငံကတော့ ထိုင်းနိုင်ငံဖြစ်တယ်။ မြန်မာနဲ့ထိုင်းနှစ်နိုင်ငံဟာ ပထဝီကြောင်းအရ သမိုင်းကြောင်းတွေအရ ဆက်နွယ်မှုရှိနေတဲ့ အိမ်နီးချင်းဖြစ်ပါတယ်။ ဒါ့အပြင် ဗုဒ္ဓဘာသာက ဆင်းသက်လာတဲ့ယုံကြည်မှု၊ တန်ဖိုးထားမှုအစဉ်အလာတွေကလည်း အလွန်ပဲနီးစပ်ပါတယ်။

ဗုဒ္ဓစာပေယဉ်ကျေးမှုမှာပိဋကတ်သုံးပုံကလွဲရင် ဇာတ်နိပါတ်တော်များကို ထိုင်းနှင့်မြန်မာနိုင်ငံမှာ အများဆုံးဖတ်ရှုလေ့လာနိုင်ပါတယ်။ အဲဒီဇာတ်တော်တွေထဲက ရရှိတဲ့ကိုယ်ကျင့်တရားဆိုင်ရာသင်ခန်းစာတွေဟာ ရေတွက်လို့မကုန်နိုင်အောင်ပါပဲ။ နှစ်နိုင်ငံစလုံးရဲ့ စာပေယဉ်ကျေးမှုမှာ ဗုဒ္ဓဘာသာယဉ်ကျေးမှုစွဲမြဲနေတဲ့အတွက် နှစ်နိုင်ငံပြည်သူများရဲ့ သွားလာနေထိုင်မှုဟာတကယ့်ကိုချစ်စရာကောင်းလှပါတယ်။ မြန်မာတို့က "မင်္ဂလာပါ"လို့ တစ်ဦးကိုတစ်ဦးလေးလေးစားစားနှုတ်ဆက်ကြသလို ထိုင်းပြည်သူတွေကလည်း "ဆာဝါဒီခါ"လို့နှုတ်ဆက်ပါတယ်။

**"ဘာသာလည်းတူ၊ ယဉ်ကျေးမှုနှင့်၊ ထပ်တူထပ်မျှ၊ သိမ်မွေ့ကြသည့်၊ ဓလေ့ထုံးစံ၊ တူညီပြန်သည်၊ မြန်မာလည်းထိုင်း၊ ထိုင်းလည်းမြန်မာ၊ "မင်္ဂလာပါ"၊ ကမ္ဘာတည်သရွေ့ချမ်းမြေ့ချစ်ကြည်ရှိနေမည်။ တူညီဆန္ဒဖြစ်ပေသည်"** ဆိုတဲ့ ထိုင်း မြန်မာချစ်ကြည်ရေးကဗျာစာသားလေးတစ်ခုကို စာရေးသူပြေးသတိရမိပါတယ်။ ထိုင်းနိုင်ငံနဲ့မြန်မာနိုင်ငံရဲ့တူညီမှုတွေ၊ လှပမှုတွေများစွာထဲက မြန်မာနိုင်ငံမှာအမြင့်ဆုံးတောင် "ခါကာဘိုရာဇီ" ရှိနေသလို ထိုင်းနိုင်ငံမှာလည်း သူတို့ရဲ့အမြင့်ဆုံးတောင်က "ဒွိုင်တုန်း" ရှိပါတယ်။ မြန်မာမှာဧရာဝတီရစ်ခွေစီးဆင်းနေသလို ထိုင်းနိုင်ငံမှာလည်း ကျောက်ဖယားဆိုတဲ့ မြစ်မင်းတစ်စင်းရှိပါတယ်။

မြန်မာနိုင်ငံနဲ့ထိုင်းနိုင်ငံတို့ဟာအစိုးရအချင်းချင်းချစ်ကြည်ရင်းနှီးမှုရှိသလို နှစ်နိုင်ငံတပ်မတော်နှစ်ရပ်အကြားမှာလည်း ချစ်ကြည်ရင်းနှီးမှုအပြည့်အဝရှိပါတယ်။ ကမ္ဘာမှာသက်တမ်းအရှည်ကြာဆုံး ဘုရင်အဖြစ်အုပ်ချုပ်ခဲ့တဲ့ ထိုင်းဘုရင်မင်းမြတ်ဘူမိဘောအဒူလျာဒက်ဟာ မြန်မာနိုင်ငံအပေါ် အထူးချစ်ကြည်စွာ ဆက်ဆံခဲ့သူဖြစ်ပါတယ်။ သူ့ရဲ့သမီးတော် သီရိန္ဒြုကလည်း မြန်မာနိုင်ငံကို ချစ်ကြည်ရေးခရီးအကြိမ်ပေါင်းမြောက်မြားစွာလာရောက်ခဲ့ပြီး မြန်မာကိုချစ်ခင်သူဖြစ်သလိုမြန်မာပြည်သူတွေကလည်းသူ့ကို ချစ်ခင်ကြပါတယ်။ ထိုင်းနိုင်ငံရဲ့လက်ရှိနိုင်ငံအကြီးအကဲဘုရင်မဟာဗာဂျီရာလောင်ကွန် Maha Vajiralongkorn ဟာလည်း မြန်မာနဲ့ချစ်ကြည်ရေးကိုအထူးလိုလားသူဖြစ်ပါတယ်။

မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံတို့သည် အိမ်နီးချင်းနိုင်ငံကောင်းများဖြစ်ပြီး ခိုင်မာ၍ ချစ်ခင်ရင်းနှီးသောဆက်ဆံရေးကို ရှေးယခင်ကတည်းကပင် တည်ဆောက်ခဲ့ကြသည်။ ယခုလက်ရှိကာလတွင်လည်း တပ်မတော်နှစ်ရပ်အကြားတွင် ဆက်ဆံရေးကို ပိုမိုတိုးမြှင့်နိုင်ရန်အတွက် ဒေသအဆင့်၊ မြို့နယ်အဆင့် ဆွေးနွေးပွဲများအပြင် ယခုအဆင့်မြင့်အရာရှိကြီးများအစည်းအဝေးပွဲကို ၂၀၁၃ ခုနှစ်တွင် ထိုင်းနိုင်ငံ၌ စတင်ပြုလုပ်ခဲ့ခြင်းဖြစ်သည်။ အစည်းအဝေး၏ ရည်ရွယ်ချက်မှာ တပ်မတော်နှစ်ရပ်ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ရန်၊ နယ်စပ်ဒေသလုံခြုံရေးကိစ္စရပ်များ ဖြေရှင်းရာတွင် စစ်ဘက်ဆိုင်ရာပူးပေါင်းဆောင်ရွက်မှုများအတွက် လမ်းညွှန်ချက်များ ချမှတ်နိုင်ရန်၊ နှစ်နိုင်ငံနယ်စပ်ဒေသတွင် နေထိုင်သူများ၏ လူမှုဘဝဖူလုံရေးနှင့် တည်ငြိမ်အေးချမ်းရေးကို ထိန်းသိမ်းရန်နှင့် တိုးတက်အောင်ဆောင်ရွက်နိုင်ရန်ဖြစ်သည်။

၂၀၁၃ ခုနှစ်မှစ၍ အဆင့်မြင့်အရာရှိကြီးများအစည်းအဝေးကို နှစ်စဉ်ကျင်းပပြုလုပ်ခဲ့ရာ ၂၀၂၀၊ ၂၀၂၁၊ ၂၀၂၂ ခုနှစ်တို့မှလွဲ၍ ယခု ၂၀၂၃ ခုနှစ်တိုင်အောင် ထိုင်းနိုင်ငံနှင့်မြန်မာနိုင်ငံတို့တွင် အလှည့်ကျကျင်းပပြုလုပ်ခဲ့သည်မှာ ယခုအကြိမ်ဆိုလျှင် ရှစ်ကြိမ်မြောက်ရှိပြီဖြစ်သည်။

ဒါ့ကြောင့်လည်းမြန်မာ-ထိုင်း တပ်မတော်နှစ်ရပ်အကြားချစ်ကြည်စွာဆက်ဆံမှုခိုင်မာလျက်ရှိပါတယ်။ အစဉ်အမြဲခိုင်မာနေစေရန်အတွက် မြန်မာ-ထိုင်းတပ်မတော်နှစ်ရပ်အကြားအဆင့်မြင့်အရာရှိကြီးများအစည်းအဝေးကိုကျင်းပလျက်ရှိရာ ယခုအခါ(၈)ကြိမ်မြောက်သို့ ရောက်ရှိပြီဖြစ်ပါတယ်။ 8 th High Level Committee Meeting ကို မြန်မာနိုင်ငံတွင်ကျင်းပပါတယ်။ ဇန်နဝါရီ ၁၉ ရက်မှာ ထိုင်းဘုရင့်တပ်မတော်ကာကွယ်ရေးဦးစီးချုပ် General Chalermphon Srisawasdi နှင့်ဇနီး ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့ဟာ ရခိုင်ပြည်နယ် သံတွဲမြို့သို့ရောက်ရှိခဲ့ပါတယ်။

နှစ်နိုင်ငံတပ်မတော်နှစ်ရပ်ကြား ယခင်က မြို့နယ်အဆင့်၊ ဒေသအဆင့်ဆွေးနွေးပွဲတွေ အောင်မြင်စွာကျင်းပနိုင်ခဲ့ပြီး ဒီထက်ပိုမိုကောင်းမွန်အောင် အဆင့်မြင့်အရာရှိကြီးများ (တပ်မတော်ခေါင်းဆောင်အဆင့်) နှစ်စဉ်တွေ့ဆုံဆွေးနွေးမှုပြုလုပ်ရန် ယခင်ထိုင်းဘုရင့်တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အဆိုပြုခဲ့ခြင်းဖြစ်ပါတယ်။ တပ်မတော်နှစ်ရပ်အကြားမှာ ပိုမိုကောင်းမွန်တဲ့ ဆက်ဆံရေးကို ပိုမိုတိုးတက်ခိုင်မာအောင် ဆက်လက်ထိန်းသိမ်းပြီး အကောင်းဆုံးဆက်ဆံရေးအခြေအနေတစ်ရပ်ကို ဖန်တီးနိုင်ခဲ့ပြီဖြစ်ပါတယ်။ တပ်မတော်နှစ်ရပ်အကြား အပြန်အလှန်နားလည်မှုတွေ၊ ချစ်ကြည်ရင်းနှီးမှုတွေ ပိုမိုအားကောင်းလာစေဖို့ တည်ဆောက်နိုင်ပြီဖြစ်ပါတယ်။ အထူးသဖြင့် နှစ်နိုင်ငံကာကွယ်ရေးဆိုင်ရာကိစ္စရပ်များနဲ့ သတင်းအချက်အလက်များ ဆွေးနွေးဖလှယ်ခြင်းဖြင့် တပ်မတော်နှစ်ရပ်အကြား ဆက်ဆံရေးကို အကောင်းဆုံးတည်ဆောက်နိုင်ပြီး နှစ်နိုင်ငံနယ်စပ်ဒေသတည်ငြိမ်အေးချမ်းရေးနဲ့ ဖွံ့ဖြိုးတိုးတက်ရေးကို များစွာအထောက်အကူပြုလျက်ရှိပါတယ်။

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပတဲ့ (၈)ကြိမ်မြောက် မြန်မာ-ထိုင်း တပ်မတော်နှစ်ရပ်အကြားအဆင့်မြင့်အရာရှိကြီးများ အစည်းအဝေး 8th High Level Committee Meeting ကိုဇန်နဝါရီ ၂၀ ရက် နံနက်ပိုင်းမှာ ရခိုင်ပြည်နယ် သံတွဲမြို့မှာ ကျင်းပပြုလုပ်ပါတယ်။ အဲဒီအစည်းအဝေးမှာ မြန်မာဘက်ပူးတွဲဥက္ကဋ္ဌဖြစ်သူ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နဲ့ ထိုင်းဘက်ပူးတွဲဥက္ကဋ္ဌဖြစ်သူ ထိုင်းဘုရင့်တပ်မတော်ကာကွယ်ရေးဦးစီးချုပ်တို့က အဖွင့်အမှာစကားအသီးသီးပြောကြားခဲ့ပါတယ်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က "မိမိတို့နှစ်နိုင်ငံသည် အိမ်နီးချင်းနိုင်ငံများဖြစ်သည်နှင့်အညီ ခိုင်မာပြီး ချစ်ခင်ရင်းနှီးသည့်ဆက်ဆံရေးကို ရှေးယခင်ကတည်းကပင် တည်ဆောက်ထားပြီးဖြစ်ကြောင်း၊ တပ်မတော်နှစ်ရပ်အကြား ချစ်ကြည်ရင်းနှီးမှုများနှင့် ဆက်ဆံရေးပိုမိုတိုးမြှင့်နိုင်ရန် ရည်ရွယ်ပြီး မြန်မာ-ထိုင်းတပ်မတော်နှစ်ရပ်အကြား အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးများကို ၂၀၁၃ ခုနှစ်မှစတင်၍ ကျင်းပပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း၊ တပ်မတော်နှစ်ရပ်အကြား နှစ်စဉ်ကျင်းပပြုလုပ်လျက်ရှိသည့် တပ်မတော်နှစ်ရပ်မှ အရာရှိကြီးများ အပြန်အလှန်ခရီးစဉ်များ၊ (ကြည်း၊ ရေ၊ လေ) ကဏ္ဍအလိုက် အစည်းအဝေးများ၊ နယ်ခြားကော်မတီအစည်းအဝေးများနှင့် အားကစားပြိုင်ပွဲများအား ၂၀၂၀ ပြည့်နှစ်နှင့် ၂၀၂၁ ခုနှစ်များတွင် ကိုဗစ်ရောဂါဖြစ်ပွားမှုအခြေအနေများကြောင့် ကျင်းပပြုလုပ်နိုင်ခဲ့ခြင်း မရှိခဲ့ဘဲ အချို့သောအစည်းအဝေးများကို Video Conferencing ဖြင့်သာ ကျင်းပပြုလုပ်နိုင်ခဲ့ကြောင်း" ပြောကြားခဲ့ပါတယ်။

**စာမျက်နှာ ၂၉သို့**

စာမျက်နှာ ၂၈မှအဆက်

ထို့အတူ ထိုင်းဘုရင့်တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က "မိမိအနေဖြင့် ထိုင်းနိုင်ငံနှင့်မြန်မာနိုင်ငံ၏ ရှိရင်းစွဲဆက်ဆံရေးနှင့် မိတ်ဖက်ဆက်ဆံရေးကို ပိုမိုကောင်းမွန်စေရေး ထာဝရရပ်တည်ဆောင်ရွက်သွားမည်ဖြစ်ပြီး ထိုင်းတပ်မတော်နှင့်မြန်မာ့တပ်မတော်ကို ထာဝရမိတ်ဆွေကောင်းအဖြစ် ဆက်လက်တည်ရှိစေရေး ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း" အမှာစကားတွင် ထည့်သွင်းပြောကြားခဲ့ပါတယ်။

မြန်မာ-ထိုင်းနှစ်နိုင်ငံတပ်မတော်နှစ်ရပ်အကြား အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးကျင်းပခြင်းဖြင့် ယဉ်ကျေးမှုအဖွဲ့များ၊ အားကစားအဖွဲ့များ အပြန်အလှန်စေလွှတ်ခြင်းတွေပြုနိုင်ခဲ့သလို ဆေးဘက်ဆိုင်ရာနည်းပညာတွေ အပြန်အလှန်ဖလှယ်နိုင်ခဲ့ပါတယ်။ သဘာဝဘေးအန္တရာယ်ကာကွယ်ရေးလုပ်ငန်းတွေ၊ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး၊ လက်နက်ခဲယမ်းများ တရားမဝင်ရောင်းချမှုတိုက်ဖျက်ရေး၊ အကြမ်းဖက်နှိမ်နင်းရေးနဲ့ နယ်စပ်ဒေသလုံခြုံရေးဆိုင်ရာတွေမှာပူးပေါင်းဆောင်ရွက်လျက်ရှိပါတယ်။ မြန်မာနိုင်ငံနဲ့ထိုင်းနိုင်ငံတပ်မတော်နှစ်ရပ်အကြောင်းဆက်စပ်တွေးကာ လေ့လာကြည့်မယ်ဆိုရင် မြန်မာနိုင်ငံရဲ့လွတ်လပ်ရေးကြိုးပမ်းမှုအတွင်းမှာ ပေါ်ပေါက်လာခဲ့တဲ့တပ်မတော်ဟာစတင်ဖွဲ့စည်းခဲ့စဉ်က ထိုင်းနိုင်ငံဘန်ကောက်မြို့မှာ စတင်ခဲ့တာဖြစ်ပါတယ်။ အဲ့ဒီတုန်းက ထိုင်းနိုင်ငံမှာရောက်နေကြတဲ့မြန်မာတိုင်းရင်းသားများဟာ အမိနိုင်ငံလွတ်လပ်ရေးအတွက်တပ်မတော်ထဲကို ကိုယ်ပိုင်ဆန္ဒများနဲ့တဖွဲဖွဲဝင်ရောက် လာခဲ့ကြပါတယ်။ မြန်မာတပ်မတော်ရဲ့ စတင်သန္ဓေတည်ရာ ထိုင်းနိုင်ငံဖြစ်တဲ့အတွက် မြန်မာနိုင်ငံအနေနဲ့ ထိုင်းနိုင်ငံနဲ့ပတ်သက်တဲ့ကိစ္စရပ်တွေမှာ ကောင်းကျိုးကိုပဲသယ်ပိုးပေးခဲ့ပါတယ်။ ထိုင်းနိုင်ငံကနေမြန်မာနိုင်ငံထဲကို ပြစ်မှုတစ်ခုခုကျူးလွန်လို့ဖြစ်စေ၊ အခြားအကြောင်းတစ်ရပ်ရပ်ကြောင့်ဖြစ်စေ ဝင်ရောက်လာတဲ့သူတွေကို မြန်မာဘက်ကအမိအရဖမ်းဆီးပြီး ထိုင်းနိုင်ငံဘက်ကိုပြန်ပို့ပေးခဲ့ပါတယ်။ ဒါ့ကြောင့်လည်း တပ်မတော်နှစ်ရပ်

**မြန်မာနိုင်ငံအနေနဲ့ အိမ်နီးချင်းနိုင်ငံများနဲ့ပတ်သက်လို့ ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးမူများနဲ့ နေထိုင်လျက်ရှိပါတယ်။ တစ်နိုင်ငံ၏ နယ်မြေတည်တံ့မှုနှင့် အချုပ်အခြာအာဏာပိုင်ဆိုင်မှုကို တစ်နိုင်ငံက လေးစားရန်၊ တစ်နိုင်ငံနှင့်တစ်နိုင်ငံ ကျူးကျော်တိုက်ခိုက်မှုမပြုလုပ်ရန်၊ တစ်နိုင်ငံနှင့်တစ်နိုင်ငံ ပြည်တွင်းရေးကိစ္စများတွင် ဝင်ရောက်စွက်ဖက်ခြင်းမပြုလုပ်ရန်၊ တစ်နိုင်ငံနှင့်တစ်နိုင်ငံ တန်းတူရည်တူရှိရန်နှင့် နှစ်ဦးနှစ်ဖက်အကျိုးဖြစ်ထွန်းရန်၊ ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရန်တို့ဖြစ်ပါတယ်။**

အကြားမှာ ချစ်ကြည်မှုခိုင်မာနေတာဖြစ်ပါတယ်။

မြန်မာနဲ့ထိုင်းရဲ့ဆက်စပ်မှုဟာ လန်ချန်း-မဲခေါင်မှာလည်းအတူတူ၊ အာဆီယံမှာလည်းအတူတူ၊ ဘင်းစတက်အဖွဲ့မှာလည်းအတူတူ၊ မဟာမဲခေါင်ဒေသခွဲအဖွဲ့မှာလည်းအတူတူ၊ ဧရာဝတီ-ကျောက်ဖယား၊ မဲခေါင်စီးပွားပူးပေါင်းဆောင်ရွက်မှုမှာလည်း အတူတူဖြစ်ပါတယ်။ ဧရာဝတီ-ကျောက်ဖယား၊ မဲခေါင်ဆိုတဲ့အမည်က ၂၀၀၃ ခုနှစ် နိုဝင်ဘာလမှာ မြန်မာနိုင်ငံပုဂံမြို့၌ ပထမဆုံးအကြိမ် ထိပ်သီးအစည်းအဝေးက သတ်မှတ်ခဲ့တဲ့အမည်ဖြစ်တယ်လို့သိရပါတယ်။ ကမ္ဘောဒီးယား၊ လာအို၊ ထိုင်းနဲ့မြန်မာတို့အကြားမှာ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုမဟာဗျူဟာဖွဲ့စည်းဖို့ ၂၀၀၀ ပြည့်နှစ် ဧပြီလ အာဆီယံထိပ်သီးခေါင်းဆောင်များရဲ့အစည်းအဝေးမှာ ထိုင်းနိုင်ငံဝန်ကြီးချုပ်က အကြံပြုခဲ့တာဖြစ်ပါတယ်။ Ayeyarwaddy-Chaophraya-Mekong Economic Cooperation Strategy ACMECS အက်စ်မက် အဖွဲ့လို့လည်းခေါ်ကြပါတယ်။

မြန်မာနိုင်ငံအနေနဲ့အိမ်နီးချင်းနိုင်ငံများနဲ့ပတ်သက်လို့ ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေးမူများနဲ့ နေထိုင်လျက်ရှိပါတယ်။ တစ်နိုင်ငံ၏နယ်မြေတည်တံ့မှုနှင့်အချုပ်အခြာအာဏာပိုင်ဆိုင်မှုကို တစ်နိုင်ငံက လေးစားရန်၊ တစ်နိုင်ငံနှင့်တစ်နိုင်ငံကျူးကျော်တိုက်ခိုက်မှုမပြုလုပ်ရန်၊ တစ်နိုင်ငံနှင့်တစ်နိုင်ငံပြည်တွင်းရေးကိစ္စများတွင် ဝင်ရောက်စွက်ဖက်ခြင်းမပြုလုပ်ရန်၊ တစ်နိုင်ငံနှင့်တစ်နိုင်ငံ တန်းတူရည်တူရှိရန်နှင့် နှစ်ဦးနှစ်ဖက်အကျိုးဖြစ်ထွန်းရန်၊ ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရန်တို့ဖြစ်ပါတယ်။ ဒါ့ကြောင့် မြန်မာနိုင်ငံနဲ့ အိမ်နီးချင်းနိုင်ငံတွေအကြားမှာ ကြီးမားတဲ့ပြဿနာရယ်လို့မရှိခဲ့ပါဘူး။

မြန်မာနိုင်ငံရဲ့ နိုင်ငံခြားရေးမူဝါဒဟာလည်း အလွန်ပဲကောင်းမွန်လှပါတယ်။ ဒီအချက်ကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရဲ့ ဦးတည်ချက် (၉) ရပ်မှာအတိအလင်းဖော်ပြထားပါတယ်။ "လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးပြီး နိုင်ငံများအကြားငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး "မူ" ကိုဆက်လက်လိုက်နာကျင့်သုံးရေး" လို့သတ်မှတ်ဖော်ပြထားပါတယ်။ မြန်မာ-ထိုင်းတပ်မတော်နှစ်ရပ်အကြားအဆင့်မြင့်အရာရှိကြီးများအစည်းအဝေး (8[th] High Level Committee Meeting) မှ ဆက်နွယ်၍ နှစ်နိုင်ငံအစိုးရ၊ နှစ်နိုင်ငံတပ်မတော်နှင့် နှစ်နိုင်ငံပြည်သူများအကြား ချစ်ကြည်ရေးပိုမိုတိုးတက်ခိုင်မြဲပါစေကြောင်း ဆုတောင်းရေးသားလိုက်ပါတယ်ခင်ဗျာ။ ။

# ပြည်မြို့ရှိ လေးဆူဓာတ်ပျော် ရွှေဆံတော်စေတီတော်မြတ်ကြီးတွင် အရုဏ်ညံရိုးမီးပူဇော်ပွဲနှင့် ထမနဲထိုးပြိုင်ပွဲကျင်းပပြုလုပ်မည်



**ပြည် ဇန်နဝါရီ ၂၀**

ပြည်မြို့ရှိ လေးဆူဓာတ်ပျော်ရွှေဆံတော်စေတီတော်မြတ်ကြီးတွင် အရုဏ်ညံရိုးမီးပူဇော်ပွဲနှင့် ထမနဲထိုးပြိုင်ပွဲကို ဖေဖော်ဝါရီလ ပထမပတ်အတွင်း ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း ရွှေဆံတော်ဂေါပကအဖွဲ့၏ သတင်းများအရ သိရသည်။

လေးဆူဓာတ်ပျော်ရွှေဆံတော်စေတီတော်မြတ်ကြီးတွင် ကျင်းပပြုလုပ်မည့် ထမနဲထိုးပြိုင်ပွဲမှာ (၂၁) ကြိမ်မြောက်ပြုလုပ်ခြင်းဖြစ်ပြီး အရုဏ်ညံရိုးမီးပူဇော်ပွဲမှာ (၉၉) ကြိမ်မြောက် ကျင်းပပြုလုပ်ခြင်းဖြစ်ကြောင်း၊ ထမနဲထိုးပြိုင်ပွဲကို တပို့တွဲလတွင် ကျင်းပပြုလုပ်နေကြသော်လည်း ညံရိုးမီးပူဇော်ပွဲကို တပို့တွဲလပြည့်နေ့ အရုဏ်တက်အချိန်တွင် ပြည်မြို့ လေးဆူဓာတ်ပျော်ရွှေဆံတော်စေတီတော်မြတ်ကြီး၌ နံ့သာတုံးများအပါအဝင် ညံရိုးချောင်းများကို မီးပုံပေါ်သို့ အဝေးမှပစ်တင်ပြီး ဝတ်ပြုဆုတောင်း၊ မီးကုသိုလ်ပြုပူဇော်ပွဲတော်ကို ဒေသတွင်းရိုးရာအစဉ်အလာအဖြစ် ကျင်းပပြုလုပ်နေကြခြင်းဖြစ်ကြောင်း၊ ညံရိုးမီးပူဇော်လိုသူများက ညပိုင်းကတည်းက ညံရိုးများကို ကြိုတင်ဝယ်ယူကာ နံနက်ပိုင်းတွင် ညံရိုးမီးပူဇော်ကြကြောင်း သိရသည်။

လေးဆူဓာတ်ပျော်ရွှေဆံတော်စေတီတော်မြတ်ကြီးတွင် ထမနဲထိုးပြိုင်ပွဲကို ၂၀၂၃ ခုနှစ် ဖေဖော်ဝါရီ ၂ ရက် နံနက် ၇ နာရီတွင် မဟာဗောဓိရင်ပြင်တော်၌ ကျင်းပပြုလုပ်သွားမည်ဖြစ်ပြီး ထမနဲထိုးပြိုင်ပွဲတွင် ရွှေဆံတော်ဝေယျာဝစ္စအဖွဲ့ခြောက်ဖွဲ့နှင့် ရွှေဆံတော်ဝန်ထမ်းအဖွဲ့တစ်ဖွဲ့တို့ ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်ကြောင်း သိရသည်။

ထို့အတူ ညံရိုးမီးပူဇော်ပွဲကို ဖေဖော်ဝါရီ ၄ ရက် နံနက်အရုဏ်တက်ချိန်တွင် ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း၊ ထိုသို့ ကျင်းပပြုလုပ်ရာတွင် တောင်ဘက်စောင်းတန်းထိပ်၊ ရတနာပုံထီးဘုရားအနီးတွင် နံနက် ၄ နာရီမှစတင်၍ ညံရိုးများကို ကိုယ်စီကိုင်ဆောင်ကာ ညံရိုးမီးပူဇော်ကြမည်ဖြစ်ကြောင်း သိရသည်။

**ချမ်း ချမ်း**

## ဖိတ်လို့ခေါ်မှာ မောင်တို့အညာ

- မောင်တို့အညာ သာစခန်း
  လာလည်စမ်း ခင်မေပျို၊
  မောင်တို့ရွာ သဘာဝ
  လိုက်ပြမယ်ဆို၊
  လှည်းယဉ်ကြော့နဲ့ လာလို့ကြို
  ရောက်ဖူးလို လှမ်းလာခဲ့၊
  ရွှေမြို့သူ မှာစကား
  ပါးလိုက်ချင်ရဲ့။

- မြန်းကြွပါ တစ်ခေါက်လောက်
  ကြိုထောက်လို့ မျှော်နေမယ်၊
  မငြိုမငြင် ပို့ကာပေး
  ရွာလေးပတ်လည်၊
  ရွာ့ရှေ့ဘက် ကြည်ညိုဖွယ်
  စေတီငယ် ဖြူဖြူဖွေး၊
  ဦးချကာ ကောင်းမှုပြု
  တောင်းဆုပြည့်သေး။

- တစ်မျှော်တစ်ခေါ် စပါးခင်းတွေက
  စိမ်းလန်းခြင်းနဲ့ စိုစိုပြေ(ပြည်)၊
  မြကမ္ဗလာ ဖြန့်လို့ထား
  ထင်မှားရပေ၊
  ပဲ ငရုတ် ဖရုံတွေ
  မျိုးစုံလေ စိုက်လို့ထား၊
  ခူးမကုန် ယာထဲက
  ဘူးနဲ့သခွား။

- မြင်စေ့ချင် တောအလှ
  ဟောဒါက တစ်မျိုးကွယ်၊
  နေညိုချိန် ရေခပ်ဆင်း
  လှချင်းပြိုင်တယ်၊
  ရေအိုးလေး ကိုယ်စီရယ်
  ချစ်စဖွယ် ပျိုတစ်သင်း၊
  ရွာအပြင် ကန်ပေါင်ဘေး
  ရောင်သွေးစုံခင်း။

- သာယာတယ် တို့ရွာလေးကို
  မနှေးအမြန် လာလည်ပါ၊
  မြို့ပြတွင် မွန်းကျပ်သမျှ
  အပန်းပြေမှာ၊
  ရှုမျှော်ခင်း အဖြာဖြာ
  ငေးလို့သာ စိတ်ရွှင်မြူး၊
  မြို့ကြီးသူ ပျော်စေဖို့
  ကိုယ့်တာဝန်ထူး။ ။

**အောင်ထိုက်(ရေစကြို)**

ပလငါးတန် ဖွံ့ဖြိုးဖို့
စာအုပ်စာပေ ဖတ်ကြစို့

# အသင်းကြီးထိပ်တိုက်တွေ့ဆုံမှုများနေတဲ့အမှတ်ပေးပွဲစဉ်တွေထဲက တိုက်စစ်ပိုင်းထက်မြက်တဲ့ အာဆင်နယ်၊ ဒေါ့မွန်၊ အတ္တလန်တာအသင်းတို့ကို အားပေးရမှာပါ

M L



အခုတစ်ပတ်မှာလဲ ဥရောပထိပ်သီးကလပ်ငါးခုက အမှတ်ပေးပြိုင်ပွဲတွေ ဆက်လက်ကစားသွားမှာဖြစ်ပါတယ်။ တနင်္ဂနွေနေ့ညမှာကစားမဲ့ပွဲစဉ်တွေထဲက အသင်းကြီးထိပ်တိုက်တွေ့ဆုံမှုတွေကို ရွေးချယ်ထားပေမဲ့ အဲဒီထဲက ကစားသမားစုဖွဲ့မှုနဲ့တိုက်စစ်ပိုင်းထက်မြက်တဲ့ အသင်းတွေကိုပဲ ဆက်လက်အားပေးသွားမှာဖြစ်ပါတယ်။

### အာဆင်နယ်ကို အားပေးရမှာပါ

တနင်္ဂနွေနေ့ညမှာကစားမဲ့ ပရီးမီးယားလိဂ်ပွဲစဉ်တွေထဲက အကြိုက်တွေ့မိတဲ့ပွဲစဉ်ကတော့ အာဆင်နယ်နဲ့ မန်ယူအသင်းတို့ပွဲစဉ်ပဲဖြစ်ပါတယ်။ သူတို့နှစ်သင်း ပထမအကျော့တွေ့ဆုံမှုမှာတော့ မန်ယူအသင်းက သုံးဂိုးတစ်ဂိုးနဲ့ ဂိုးပြတ်အနိုင်ရခဲ့ပြီး မန်ယူအသင်းက တန်ပြန်တိုက်စစ်တွေကတစ်ဆင့် အာဆင်နယ်အသင်းကို အနိုင်ရအောင် ကစားသွားတာကို တွေ့ရမှာပါ။ လက်ရှိ ပရီးမီးယားလိဂ်ကိုဦးဆောင်နေတဲ့ အာဆင်နယ်အသင်းဟာ ပြီးခဲ့တဲ့အပြောင်းအရွှေ့မှာ ဂျီးဆပ်နဲ့ ဇီချန်ကိုတို့အတွဲကို မန်စီးတီးအသင်းကနေခေါ်ယူနိုင်ခဲ့တာကြောင့် ကစားပုံတိုးတက်လာပြီး အမှတ်ပေးပြိုင်ပွဲမှာ တစ်ပွဲပဲရှုံးနိမ့်ခဲ့တာဖြစ်ပါတယ်။ သူတို့အသင်းဟာ အမှတ်ပေးပြိုင်ပွဲ ၁၈ ပွဲအပြီးမှာ ၁၅ ပွဲနိုင်၊ နှစ်ပွဲသရေ၊ တစ်ပွဲရှုံးရလဒ်နဲ့ ရမှတ် ၄၇ မှတ်ထိရရှိခဲ့သလို ဒုတိယနေရာက မန်စီးတီးအသင်းကို ရမှတ်ရှစ်မှတ်ထိ ဖြတ်တောက်နိုင်ခဲ့တာဖြစ်ပါတယ်။ လက်ရှိမှာလဲ တိုက်စစ်မှူး ဂျီးဆပ်ဒဏ်ရာကြောင့် မပါဝင်နိုင်ပေမဲ့ သူတို့အသင်းတိုက်စစ်ကို ဆာကာ၊ အိုဒီဂတ်၊ မာတင်နယ်လီတို့ကဦးဆောင်နိုင်ခဲ့ပြီး ဂိုးတွေသွင်းယူနေတာကို တွေ့ရမှာပါ။ သူတို့အသင်းတိုက်စစ်ပိုင်းအနေနဲ့ နောက်ဆုံးငါးပွဲမှာသွင်းဂိုး ၁၂ ဂိုးထိသွင်းယူနိုင်ခဲ့သလို အသင်းလိုက်ကစားအားမှာလဲ ပွဲချိန်ပြည့် ကျဆင်းသွားခြင်းမရှိဘဲ ပြိုင်ဘက်ကိုဖိအားပေးနိုင်တာကိုတွေ့ရမှာပါ။

နည်းပြတန်ဟတ်လက်ထက်မှာ ခြေစွမ်းပိုင်းတည်ငြိမ်လာတဲ့ မန်ယူအသင်းကတော့ ကမ္ဘာ့ဖလားအပြီးကစားခဲ့တဲ့ပွဲစဉ်တွေထဲမှာ နိုင်ပွဲဆက်နေတာကြောင့် မှတ်တမ်းကောင်းရရှိခဲ့တာကိုတွေ့ရမှာပါ။ ဒ့ါပြင် အမှတ်ပေးပြိုင်ပွဲ ၁၉ ပွဲအပြီးမှာလဲ ၁၂ ပွဲနိုင်၊ သုံးပွဲသရေ၊ လေးပွဲရှုံးရလဒ်နဲ့ရမှတ် ၃၉ မှတ်ရရှိထားပြီး အာဆင်နယ်နဲ့ ရှစ်မှတ်ပဲကွာဟမှုရှိတာဖြစ်ပါတယ်။ သူတို့အသင်းအနေနဲ့ အဝေးကွင်း ၁၀ ပွဲမှာ ငါးပွဲနိုင်၊ နှစ်ပွဲသရေ၊ သုံးပွဲရှုံးရလဒ်ပေါ်ခဲ့ပါတယ်။ သူတို့အသင်းဟာ ပြီးခဲ့တဲ့အပြောင်းအရွှေ့မှာ မာလာစီယာ၊ အဲရစ်ဆင်၊ ကက်စမဲရိုး၊ မာတီနက်ဇ်၊ အန်တိုနီတို့လို အဓိကကစားသမားတွေခေါ်ယူခဲ့ပေမဲ့ ကစားသမားတွေအထိုင်ချဖို့ အချိန်ပေးခဲ့ရတာဖြစ်ပါတယ်။ လက်ရှိမှာတော့ မန်ယူအသင်းဟာ စီရော်နယ်ဒိုကို လက်လွှတ်ခဲ့ရပြီးနောက်ပိုင်း တိုက်စစ်ပိုင်းမှာ ဝက်ဟို့စ်ကို အငှားစာချုပ်နဲ့ခေါ်ယူအားဖြည့်ခဲ့သလို တိုက်စစ်ပိုင်းက ရက်ရှ်ဖို့ဒ်၊ ဂါနာချို ခြေစွမ်းပြသနိုင်ခဲ့တာကြောင့် ရလဒ်ကောင်းမွန်လာတာကိုသတိပြုရမှာပါ။ အခုပွဲစဉ်မှာတော့ ကက်စမဲရိုး ပွဲပယ်ပြစ်ဒဏ်ကြောင့်မပါနိုင်လို့ အာဆင်နယ်ကို ရင်ဆိုင်ဖို့ ကွင်းလယ်ပိုင်းအားနည်းသွားမှာပါ။ ဒါကြောင့် အမှတ်ပေးပြိုင်ပွဲမှာ ရှုံးပွဲမရှိဘဲ တိုက်စစ်ထက်မြက်နေတဲ့အာဆင်နယ်ကိုပဲ အားပေးရမှာပါ။

### အာဆင်နယ်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| အာဆင်နယ် | ၃ | - | ၁ | ဝက်စ်ဟမ်း |
| ဘရိုက်တန် | ၂ | - | ၄ | အာဆင်နယ် |
| အာဆင်နယ် | ၀ | - | ၀ | နယူးကာဆယ် |
| အောက်ဖို့ဒ် | ၀ | - | ၃ | အာဆင်နယ် |
| စပါး | ၀ | - | ၂ | အာဆင်နယ် |

### မန်ယူအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| မန်ယူ | ၃ | - | ၀ | ဘုန်းမောက် |
| မန်ယူ | ၃ | - | ၁ | အဲဗာတန် |
| မန်ယူ | ၃ | - | ၀ | ချာတန် |
| မန်ယူ | ၂ | - | ၁ | မန်စီးတီး |
| ပဲလေ့စ် | ၁ | - | ၁ | မန်ယူ |

### ဒေါ့မွန်ရလဒ်ကောင်းမှာပါ

တနင်္ဂနွေနေ့ညမှာကစားမဲ့ ဘွန်ဒက်လီဂါပွဲစဉ်တွေထဲက အကြိုက်တွေ့မိတာကတော့ ဒေါ့မွန်နဲ့ အော့ဘက်စ်အသင်းတို့ပွဲစဉ်ပဲဖြစ်ပါတယ်။ သူတို့နှစ်သင်းနောက်ဆုံးကစားခဲ့တဲ့ အမှတ်ပေးပြိုင်ပွဲမှာ တစ်ဖက်တစ်ဂိုးစီ သရေရလဒ်ထွက်ပေါ်ခဲ့ပြီး အကြိတ်အနယ်ရှိခဲ့တာကို တွေ့ရမှာပါ။ အဲဒီပွဲစဉ်မှာတော့ ဒေါ့မွန်ဟာ အဓိက ကစားသမားတွေပါဝင်နိုင်ခြင်းမရှိတာကြောင့် ဦးဆောင်ဂိုးရရှိခဲ့ပေမဲ့ ဒုတိယပိုင်းမှာပြန်လည်ဖိအားပေးခံရပြီး ချေပဂိုးခွင့်ပြုခဲ့ရတာဖြစ်ပါတယ်။ ဒေါ့မွန်အသင်းဟာ အခုရာသီမှာ တိုက်စစ်ပိုင်းအတွက် ဟော်လာကိုခေါ်ယူခဲ့ပေမဲ့ ဟော်လာဟာ ကင်ဆာရောဂါကြောင့် ကာလရှည်အနားယူနေရလို့ သူ့နေရာမှာ မိုဒက်စတီနဲ့ အစားထိုးခဲ့ပြီး အသင်းတိုက်စစ်ဖြည့်တင်းခဲ့ပေမဲ့ ထင်သလောက်အလုပ်မဖြစ်ခဲ့သလို သူ့အနေနဲ့သွင်းဂိုးနှစ်ဂိုးပဲ သွင်းယူနိုင်ခဲ့တာကို သတိပြုရမှာပါ။ ဒေါ့မွန်အသင်းဟာ အမှတ်ပေးပြိုင်ပွဲအိမ်ကွင်းပွဲစဉ်တွေမှာ တစ်ပွဲပဲရှုံးနိမ့်ခဲ့ပြီး ငါးပွဲနိုင်၊ တစ်ပွဲသရေရလဒ် ထွက်ပေါ်ခဲ့သလို တိုက်စစ်ပိုင်းက သွင်းဂိုး ၁၅ ဂိုးထိရရှိခဲ့တာကိုတွေ့ရမှာပါ။ အခု ပွဲစဉ်မှာ ကစားသမားသုံးယောက် ဒဏ်ရာကြောင့်မပါနိုင်ပေမဲ့ ကျန်ကစားသမားအားလုံးပါဝင်နိုင်မှာဖြစ်လို့ ဒေါ့မွန်အသင်းတိုက်စစ်ထက်မြက်လာမှာ သေချာပါတယ်။

အော့ဘက်စ်အသင်းဟာ အမှတ်ပေးပြိုင်ပွဲ ၁၅ ပွဲအပြီးမှာ လေးပွဲနိုင်၊ သုံးပွဲသရေ၊ ရှစ်ပွဲရှုံးရလဒ်နဲ့ ရမှတ် ၁၅ မှတ်ရရှိခဲ့ပြီး အဆင့်(၁၄)မှာ ရပ်တည်နေတာဖြစ်ပါတယ်။ သူတို့အသင်းဟာ နောက်ပိုင်းနှစ်တွေမှာ ငွေကြေးသုံးစွဲမှုမလုပ်နိုင်ဘဲ အပြောင်းအရွှေ့ကာလတွေမှာ ခြေစွမ်းပြကစားသမားခေါ်ယူနိုင်ခြင်းမရှိတာကြောင့် ဥရောပပြိုင်ပွဲကစားရဖို့ထက် တန်းမဆင်းရရေး ကြိုးစားနေရတာကိုတွေ့ရမှာပါ။ လက်ရှိမှာ တိုက်စစ်ပိုင်းက ဂိုးရဖို့ရုန်းကန်နေရတာကြောင့် ပြီးခဲ့တဲ့ငါးပွဲဆက်မှာ နှစ်ဂိုးပဲသွင်းယူနိုင်ခဲ့ပြီး ခံစစ်ပိုင်းက ပေးဂိုး ၁၁ ဂိုးထိရှိခဲ့တာကို သတိပြုရမှာပါ။ သူတို့အသင်းနည်းပြကတော့ ၃-၄-၁-၂ ကစားကွက်နဲ့ခံစစ်အသားပေးကစားနေပေမဲ့ ကစားသမားစုဖွဲ့မှုအားနည်းတာကြောင့် ပေးဂိုးများနေဆဲဖြစ်ပါတယ်။ လက်ရှိတိုက်စစ်ပိုင်းကို ဒီမီရိုဗစ်နဲ့ ဘာရီရာတို့က ဦးဆောင်နေပြီး ဒီမီရိုဗစ်က သွင်းဂိုးငါးဂိုးထိသွင်းယူနိုင်ခဲ့တာကိုတွေ့ရမှာပါ။ အော့ဘတ်စ်အသင်းဟာ လက်ရှိမှာလဲ ဒဏ်ရာရပွဲပယ်ကစားသမား ရှစ်ယောက်ထိရှိနေပါတယ်။ ဒါကြောင့် ကစားကွက်ပိုင်းအားနည်းသွားတဲ့ အော့ဘတ်စ်အနေနဲ့ ဒေါ့မွန်အသင်းတိုက်စစ်ပိုင်းကို ထိန်းချုပ်ကစားဖို့မဖြစ်နိုင်ပါဘူး။ ဒါကြောင့် နိုင်ပွဲရှာဖွေလာမဲ့ အိမ်ရှင်ဒေါ့မွန်အသင်းပဲ ရလဒ်ကောင်းသွားမှာပါ။

### ဒေါ့မွန်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| ဂျိုဟိုး | ၁ | - | ၄ | ဒေါ့မွန် |
| ရက်ပစ်ဘူခါရက် | ၁ | - | ၂ | ဒေါ့မွန် |
| ဒေါ့မွန် | ၀ | - | ၂ | ဖီအိုရင်တီးနား |
| ဒေါ့မွန် | ၅ | - | ၁ | ဒူဆယ်ဒေါ့ |
| ဒေါ့မွန် | ၆ | - | ၀ | ဘောဆယ် |

### အော့ဘတ်စ်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| ယူနီယံဘာလင် | ၁ | - | ၀ | အော့ဘတ်စ် |
| ယူနီယံဘာလင် | ၄ | - | ၁ | အော့ဘတ်စ် |
| အော့ဘတ်စ် | ၀ | - | ၂ | ဖီရန်ဇာရို့စ် |
| အော့ဘတ်စ် | ၀ | - | ၄ | ဝုဗ်ဘတ် |
| အော့ဘတ်စ် | ၁ | - | ၀ | ဝုဗ်ဘတ် |

### အတ္တလန်တာနဲ့ လက်တွဲရမှာပါ

တနင်္ဂနွေနေ့ညမှာကစားမဲ့ အီတလီစီးရီးအေပွဲစဉ်တွေထဲက အကြိုက်တွေ့မိတဲ့ပွဲစဉ်ကတော့ ဂျူဗင်တပ်အသင်းနဲ့ အတ္တလန်တာအသင်းတို့ပွဲစဉ်ပဲဖြစ်ပါတယ်။ ဂျူဗင်တပ်အသင်းဟာ ပြီးခဲ့တဲ့နွေရာသီအပြောင်းအရွှေ့ကာလမှာ ပေါ့ဘာ၊ ဒီမာရီယာ၊ ဘရီမာ၊ ကော့စတစ်၊ မီလစ်၊ ပါရီဒက်စ်တို့ကိုခေါ်ယူနိုင်ခဲ့ပေမဲ့ ရာသီစမှာရလဒ်ကောင်းဖို့ ရုန်းကန်ခဲ့ရတာကို တွေ့ရမှာပါ။ ဒါပေမဲ့ အောက်တိုဘာလနောက်ပိုင်းမှာတော့ ကစားကွက်ပိုင်းတည်ငြိမ်လာပြီး အမှတ်ပေးပြိုင်ပွဲမှာ ရလဒ်ကောင်းခဲ့ပေမဲ့ ချန်ပီယံလိဂ်ပြိုင်ပွဲမှာတော့ ရုန်းကန်ခဲ့ရတာကြောင့် ယူရိုပါလိဂ်ပြိုင်ပွဲထိဆင်းကစားခဲ့ရတာဖြစ်ပါတယ်။ လက်ရှိ သူတို့အသင်းတိုက်စစ်ကို ဗလာဟိုဗစ်က ဦးဆောင်နေပေမဲ့ အခုပွဲစဉ်ကိုတော့ ဒဏ်ရာကြောင့်ပါဝင်နိုင်မှာမဟုတ်ပါဘူး။ သူတို့အသင်းနောက်ဆုံးကစားခဲ့တဲ့ အမှတ်ပေးပွဲစဉ်မှာ ဇယားထိပ်က ဦးဆောင်နေတဲ့ နာပိုလီကို ငါးဂိုးတစ်ဂိုးနဲ့ ဂိုးပြတ်ရှုံးနိမ့်ခဲ့တဲ့ ခြေစွမ်းပိုင်းကတော့ အခုရာသီအသင်းကြီးတွေနဲ့တွေ့ဆုံချိန်မှာ အဆိုးရွားဆုံးလို့ဆိုရမှာပါ။ ဒါကြောင့် အဆင့်(၃)မှာရပ်တည်နေတဲ့ သူတို့အသင်းဟာ နာပိုလီရဲ့ ရမှတ်ဖြတ်တောက်မှုကိုခံရသလို ချန်ပီယံဆုကိုစိန်ခေါ်ဖို့ မျှော်လင့်ချက်နည်းခဲ့တာလဲဖြစ်ပါတယ်။ အခုပွဲစဉ်ကလဲ အတ္တလန်တာလို တိုက်စစ်ကစားပုံထက်မြက်နေတဲ့အသင်းနဲ့ကစားရမှာဖြစ်လို့ သူတို့အသင်းအနေနဲ့ ပွဲကျပ်ကစားရမှာပါ။

အတ္တလန်တာအသင်းဟာ ဇာပါတာပြန်လည်ပါဝင်ပြီးနောက်ပိုင်း တိုက်စစ်ကစားပုံထက်မြက်လာတာကြောင့် နောက်ဆုံးငါးပွဲဆက်မှာ သွင်းဂိုး ၂၇ ဂိုးထိသွင်းယူနိုင်ခဲ့တာကိုတွေ့ရမှာပါ။ သူတို့အသင်းအနေနဲ့စီးရီးအေပွဲစဉ် ၁၈ ပွဲအပြီးမှာ ၁၀ ပွဲနိုင်၊ လေးပွဲသရေ၊ လေးပွဲရှုံးရလဒ်နဲ့ ရမှတ် ၃၄ မှတ်ရရှိခဲ့ပြီး အဆင့်(၆)မှာရပ်တည်နေတာဖြစ်ပါတယ်။ ဒါကြောင့် အဆင့်(၃)က ဂျူဗင်တပ်နဲ့ ရမှတ်သုံးမှတ်ပဲကွာဟနေလို့ အခုပွဲစဉ်အနိုင်ရရင် ချန်ပီယံလိဂ်ဝင်ခွင့်ရဖို့အခြေအနေကောင်းမှာဖြစ်သလို အမှတ်ပေးဇယားအဆင့်(၄)တက်ရောက်နိုင်မှာကိုတွေ့ရမှာပါ။ သူတို့အသင်းဟာ အခုရာသီ အသင်းကြီးတွေနဲ့တွေ့ဆုံတဲ့ပွဲစဉ်တွေမှာ နာပိုလီတစ်သင်းတည်းကိုပဲ ရှုံးနိမ့်ခဲ့ပြီး ရိုးမား၊ တိုရီနို၊ အူဒီးနီးစ်၊ ဖီအိုရင်တီးနား၊ အေစီမီလန်တို့ကိုရှုံးနိမ့်ခဲ့ခြင်းမရှိသလို တိုက်စစ်ပိုင်းကဂိုးရခဲ့တာကို သတိပြုရမှာပါ။ သူတို့အသင်းဟာ ကမ္ဘာ့ဖလားပြိုင်ပွဲပြီးဆုံးချိန်မှာ တိုက်စစ်ပိုင်းအကောင်းဆုံးဖြစ်နေတာကြောင့် ကစားပုံကျဆင်းနေတဲ့ ဂျူဗင်တပ်အသင်းအနေနဲ့ အခုပွဲစဉ်မှာ အတ္တလန်တာတိုက်စစ်ကို ထိန်းချုပ်ဖို့မလွယ်ပါဘူး။ ဒ့ါပြင် အတ္တလန်တာအသင်းဟာ ဂျူဗင်တပ်အသင်းကို နောက်ဆုံးအဝေးကွင်းသွားရောက်ကစားခဲ့တဲ့ငါးပွဲဆက်မှာ တစ်ပွဲပဲရှုံးနိမ့်ခဲ့သလို ငါးပွဲစလုံးဂိုးသွင်းယူနိုင်ခဲ့တာဖြစ်ပါတယ်။ ဒါကြောင့် ဇာပါတာ၊ လွတ်မန်းတို့လို ခြေစွမ်းပြကစားသမားတွေကြောင့် အနိမ့်ဆုံးသရေရလဒ်ကစားလာမဲ့ အတ္တလန်တာနဲ့ပဲ လက်တွဲသွားရမှာပါ။

### ဂျူဗင်တပ်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| ဂျူဗင်တပ် | ၁ | - | ၀ | ရက်ဂျီကာ |
| ဂျူဗင်တပ် | ၁ | - | ၁ | စတန်းတက်လီဂီ |
| ခရီမိုနန်စီ | ၀ | - | ၁ | ဂျူဗင်တပ် |
| ဂျူဗင်တပ် | ၁ | - | ၀ | အူဒီးနီးစ် |
| နာပိုလီ | ၅ | - | ၁ | ဂျူဗင်တပ် |

### အတ္တလန်တာအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| အတ္တလန်တာ | ၁၀ | - | ၁ | ခရီမာ |
| စပီဇီယာ | ၂ | - | ၂ | အတ္တလန်တာ |
| ဘိုလော့နာ | ၁ | - | ၂ | အတ္တလန်တာ |
| အတ္တလန်တာ | ၈ | - | ၂ | စပီဇီယာ |
| အတ္တလန်တာ | ၅ | - | ၂ | စပီဇီယာ |

နိုင်ငံတကာရှိ ဟိုတယ်၊ Coffee Shop များတွင် နှစ်မြိုက်မက်မောစွာ အသုံးပြုနေသော

(ASEAN-OSHNET AWARD) တွင်
BEST Practices Award ရရှိခဲ့သည့် ရွှေဖီဦး



သဘာဝအစစ်မို့ အရသာထူး
စိတ်ရွှင်ကြည်နူး

ရွှေဖီဦး

ရွှေဖီဦး BLACK TEA (နေ့စဉ်တရား) ကို
Export Quality အဆင့်မီစွာ
ထုတ်လုပ်ဖြန့်ဖြူးလျက်ရှိပါသည်။




FDA ထောက်ခံချက်အမှတ် - ၀၄ / ၁၄၀၉၁ / ထလ

ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၃၀၈၆၀၆၅၅၊ ၀၉ ၄၂၀၂၁၉၄၃၆
STARMART nine mile Showroom -(၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
KHA YAE PIN MART-မဂ်လာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART MANDALAY Wholesale-၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့။ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw-ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။ ဖုန်း - ၀၉ ၆၅၁၀၉၀၇၇



မာဘယ်ကျောက်ပြားစက်ရုံ(မန္တလေး)

အီတလီနိုင်ငံထုတ် ခေတ်မီစက်ကရိယာများ အသုံးပြုကာ
အီတလီနည်းပညာဖြင့်ထုတ်လုပ်ထားသည့် အရည်အသွေးကောင်းမွန်သော
နေပူခံကျောက်ပြား၊ အိမ်တွင်းအလှဆင် ကျောက်ပြားနှင့်ရေချိုးခန်းသုံးကျောက်ပြား အရွယ်အစားမျိုးစုံ....

CNC 3D ရုပ်လုံးဖော်စက်ကြီးများ အသုံးပြု၍ ဗုဒ္ဓဆင်းတုတော်များ၊ ရုပ်ထုများ
ကျောက်ထွင်းပန်းချီကားများ၊ လူသုံးကုန်ပစ္စည်းများအား ထုတ်လုပ် ဖြန့်ဖြူး ရောင်းချလျက်ရှိပါသည်။







ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၆၉၀၁၂၃၁၆၃၉
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့။ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw - ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။ ဖုန်း - ၀၉ ၆၅၁၀၉၀၇၇



ပျောက်ဆုံးကြောင်း

မလှိုင်မြို့နယ်၊ ကံကြီးအုပ်စု၊ ကျောင်းခေါင်ကျေးရွာနေ မောင်ဝေဖြိုးအောင် (၉/မလန(နိုင်)၁၂၃၂၄၁)၏ နိုင်ငံကူးလက်မှတ်အမှတ်(M391340)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၂၅၆၂၆၆၆၅၃



စာအုပ်စာပေ
လူ့မိတ်ဆွေ


“အဂတိပယ်ခွာ ပြည်သာယာ”
Remove Corruption, Promote Prosperity

## အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားရာတွင် သတိပြုရမည့်အချက်များ

၁။ မည်သူမဆို အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ အဂတိလိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ သတ်မှတ်ချက်များနှင့်အညီ ကော်မရှင်သို့ဖြစ်စေ၊ ကော်မရှင်ရုံးသို့ ဖြစ်စေ၊ ဤဥပဒေအရ ဖွဲ့စည်းသော လုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပဏာမစိစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့တစ်ခုခုသို့ဖြစ်စေ၊ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ သတင်းပေးပို့ချက်နှင့် တိုင်တန်းချက်များကို ပေးပို့နိုင်သည်။

၂။ တိုင်ကြားစာပေးပို့ရာတွင် ကော်မရှင်ထံ မိတ္တူပေးပို့ခြင်းမပြုဘဲ တိုက်ရိုက်လိပ်မူပေးပို့ရမည်။

၃။ တိုင်ကြားသူ၏ အမည်၊ လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ ဆက်သွယ်ရန် လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ် ပါဝင်ရမည်။

၄။ အရေးကြီးသော သက်သေခံချက်ဖြစ်သည့် မျက်မြင်သက်သေ၊ စာရွက်စာတမ်း၊ ဓာတ်ပုံ၊ အသံဖိုင်၊ ဗီဒီယိုဖိုင် စသည်တို့ရှိကြောင်း ဖော်ပြနိုင်ရမည်။

၅။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား နစ်နာစေရန် သို့မဟုတ် ဂုဏ်သိက္ခာကျဆင်းစေရန် တမင်ပြုလုပ်တိုင်ကြားပါက ဤဥပဒေပုဒ်မ ၅၉ အရ အရေးယူခံရနိုင်သည်ကိုလည်း သတိပြုရမည်။

---

### လိပ်မူတိုင်ကြားရန် လိပ်စာ

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်
ရုံးအမှတ် (၅၆)၊ ဇေယျဌာနီလမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊
စာတိုက်သေတ္တာအမှတ်(၁၄၄)၊ ဖုန်းနံပါတ် ၀၆၇-၈၁၀၃၃၃၄၇၊
၀၆၇-၈၁၀၃၃၃၄၉၊
Email Address – accm@accm.gov.mm၊
Website Address – http://www.accm.gov.mm

ခြင်ဆေးခွေ
သုံးလျှင်
သတိယှဉ်
အောက်တွင်
ခံခွက်
မမေ့နှင့်


### ကိုဗစ်-၁၉ ရောဂါကူးစက်ပျံ့နှံ့မှုကို ထိန်းချုပ်နိုင်ရန်



ကိုဗစ်-၁၉ ရောဂါပိုးရှိသူထံမှ အခြားသူတစ်ဦးထံ အလွယ်တကူ ပိုးမကူးစက်နိုင်စေရန် အိမ်အပြင်ထွက်လျှင် နှာခေါင်းစည်း(Mask) တပ်ပါ။

### ကိုဗစ်-၁၉ ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်

နာနတ်သီးထဲတွင်ပါရှိသော သဘာဝဓာတ်တိုးဆန့်ကျင်ပစ္စည်းက အသက်ရှူလမ်းကြောင်းကို တိုးတက်ကောင်းမွန်စေသည်။



### ကိုဗစ်-၁၉ ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်



ကြက်သွန်ဖြူနှင့် ကြက်သွန်နီစားသုံးပေးခြင်းဖြင့် နှလုံးနှင့်အဆုတ်အတွက် အထူးကောင်းမွန်သည်။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ နိုင်ငံရေး

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသောပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး "မူ"ကို ဆက်လက်လိုက်နာကျင့်သုံးရေး။

၂။ စီးပွားရေး

(က) စိုက်ပျိုးရေးနှင့်မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။

(ခ) ဈေးကွက်စီးပွားရေးစနစ်တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကိုဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ထုတ်ကုန်များစွာထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး။

၃။ လူမှုရေး

(က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး။

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများမပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့်ပညာရည်မြင့်မားရေး။

ကျွန်တော်တို့အနေနဲ့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွေကို ဆက်လက်ဆောင်ရွက်ရာမှာ ရပ်တည်သွားရမယ့်အခြေခံအချက် နှစ်ခုရှိပါမယ်။ ဒါတွေကတော့ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA)အပေါ်မှာ ခိုင်ခိုင်မာမာရပ်တည်သွားပါမယ်။ နောက်တစ်ခုကတော့ အခြေခံဥပဒေ(၂၀၀၈ ခုနှစ်)အပေါ်မှာ ခိုင်ခိုင်မာမာရပ်တည်သွားပါမယ်။

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုကော်မတီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၂ ခုနှစ် အောက်တိုဘာ ၁၅ ရက်တွင် ကျင်းပပြုလုပ်သည့် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) ချုပ်ဆိုခြင်း (၇) နှစ်မြောက် နှစ်ပတ်လည်နေ့တွင် ပြောကြားသည့်မိန့်ခွန်းမှ ကောက်နုတ်ချက်)**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်

## ရခိုင်ပြည်နယ် သံတွဲမြို့နယ်အတွင်းရှိ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းရှင်များနှင့် တွေ့ဆုံဆွေးနွေး






**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရခိုင်ပြည်နယ် သံတွဲမြို့နယ်အတွင်းရှိ ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းရှင်များအား တွေ့ဆုံ၍ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများကို ဆွေးနွေးစဉ်။**

**နေပြည်တော် ဇန်နဝါရီ ၂၀**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ယနေ့မွန်းလွဲပိုင်းတွင် ရခိုင်ပြည်နယ် သံတွဲမြို့နယ်အတွင်းရှိ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းရှင်များကို သံတွဲမြို့ရှိ **Pristine Mermaid Resort** ဧည့်ခန်းမဆောင်၌ တွေ့ဆုံ၍ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများကို ဆွေးနွေးသည်။

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ကျော်ထွန်း၊ ရခိုင်ပြည်နယ် ဟိုတယ်နှင့် ခရီးသွားလာရေးညွှန်ကြားမှုဦးစီးဌာန ဦးစီးမှူး ဦးတင်ထွန်းအောင်၊ ခရိုင်နှင့်မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် သံတွဲမြို့နယ်အတွင်းရှိ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းရှင်များ တက်ရောက်ကြသည်။

### ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှုနှင့် လိုအပ်ချက်များကို အသီးသီးဆွေးနွေးတင်ပြ

ဦးစွာ ရခိုင်ပြည်နယ် ဟိုတယ်နှင့် ခရီးသွားလာရေးညွှန်ကြားမှုဦးစီးဌာန ဦးစီးမှူး ဦးတင်ထွန်းအောင်နှင့် သံတွဲခရိုင်ခရီးစဉ်ဒေသဆိုင်ရာစီမံခန့်ခွဲရေးအဖွဲ့ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးမျိုးချစ်တို့က ရခိုင်ပြည်နယ်အတွင်းနှင့် သံတွဲခရိုင်အတွင်းရှိ ဟိုတယ်နှင့် တည်းခိုရိပ်သာများ၏ လုပ်ငန်းဆောင်ရွက်နေမှုနှင့် သတ်မှတ်စည်းမျဉ်းစည်းကမ်းများနှင့်အညီ လုပ်ငန်းလိုင်စင်များ ထုတ်ပေးထားရှိမှု၊ ပြည်တွင်းပြည်ပခရီးသည်များ

**စာမျက်နှာ ၂၀ ကော်လံ ၁ ☆**

